

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၀၇၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၅၀၁၁၀၈

ထုတ်ဝေသည့်လ ◆ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ

အကြိမ် ◆ ပထမအကြိမ်

အုပ်ရေ ◆ ၅၀၀

ထုတ်ဝေသူ ◆ ဦးကျော်ဝမ်း (မြ-၀၄၂၁၀)၊ ရွှေမိုးဆောင်းလာစဉ်
အမှတ်(၃၉)၊ ၃-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ◆ ဒေါ်ခင်နွဲ့ (၀၆၅၆၇)၊ ရွှေမိုးဆောင်းပုံနှိပ်တိုက်
အမှတ်(၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမ၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ◆ ၁၀၀ ကျပ်

မင်းသိင်္ခ

ခုတ်သိုက်မြွကြီးအကြောင်းပြောပြခြင်း

နှင့်

ထဘောင်ရုံ

စုံသယ်ဖြာစာပေမှ တင်ဆက်သည်။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မာတိကာ

၁။	မင်းသိင်္ခ	-	၁
၂။	မင်းဟန်	-	၂၃
၃။	မောင်မောင်စိန်ဒွေး	-	၃၆
၄။	ချစ်သန်းမြင့်	-	၅၁
၅။	စိုးရန်နိုင်	-	၆၈
၆။	မင်းသကြ်န်	-	၈၂
၇။	အေးကြူလေး	-	၁၀၀
၈။	တက္ကသိုလ်ယဉ်ယဉ်လှဲ	-	၁၁၃
၉။	ဥတ္တရာခေမာ	-	၁၂၀

မင်းသိင်္ခ

မှတ်ဆိတ်ဖြူကြီး

အကြောင်း

ပြောပြခြင်း

တစ်နေ့တစ်၌ ကျွန်ုပ်ထံသို့ မှခင်းရောင်စုံထုတ်ဝေမည့် အစီအစဉ်ဖြင့် အယ်ဒီတာကိုမြတ်ခိုင်ရောက်လာ၏။ ကျွန်ုပ်သည် လာဘ်မိုးဆွေစာပေတိုက်တွင် 'မနောမယမဟာမြိုင်'လုံးချင်းဝတ္ထုဖြန့်ချိရန် အတွက်ရောက်နေစဉ်ဖြစ်၏။

'ကျွန်တော်တို့ မှခင်းရောင်စုံမဂ္ဂဇင်ပြန်ထုတ်မယ်။ ဆရာ့စာမူ မရရင်မဖြစ်ဘူး'ဟု ကိုမြတ်ခိုင်ကပြောလေ၏။ 'စာမူက ဟုတ်ပါပြီ။ ဘယ်လိုအကြောင်းအရာမျိုးဝတ္ထုရေးပေးရမှာလဲ'ဟု ကျွန်ုပ်ကပြန်၍ မေးရာဝယ်က -

'မင်းသိင်္ခ ဘာရေးရေးပါ ဆရာရယ်'ဟု ပြောလေ၏။

'ဒီလိုတော့မလုပ်ပါနဲ့လေ။ ကျုပ်ရေးချင်တာပြောပြမယ်။ 'မှတ်ဆိတ်ဖြူကြီး'ကို ဇာတ်ကောင်ထားပြီး ဝတ္ထုတိုတွေတော်တော်များများရေးခဲ့ဖူးတယ်။ ဝတ္ထုရှည်မရေးဖူးသေးဘူး။ ခင်ဗျားတို့ မဂ္ဂဇင်းမှာ အဲဒါကို ဝတ္ထုရှည်ရေးပေးမယ်။ အခန်းဆက်ပေါ့။ တစ်ခုတော့ရှိတယ်။ 'မှတ်ဆိတ်ဖြူကြီး'နဲ့ ပရိသတ်နဲ့က အဆက်ပြတ်နေတာကြာပြီ။ 'မှတ်ဆိတ်ဖြူကြီး'ဆိုတာ ဘာလဲဆိုတာသိဖို့ ပြန်ပြီးမိတ်ဆက်ရဦးမယ်။ အဲဒီလိုမိတ်ဆက်တဲ့အနေနဲ့ မဂ္ဂဇင်းတွေမှာ သုံးပြီးသားမှတ်ဆိတ်ဖြူ ဝတ္ထုတိုတွေ ပြန်ပြီးထည့်ပေးရမယ်၊ အဲဒါတွေကို ပရိသတ်ဖတ်ပြီး

တော့မှ ဝတ္ထုရှည်စ,မယ်'ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်းက -

'ကဲပါ ကြာပါတယ်၊ ခုပေးပါ။ ဒီလက စ,ပြီးထည့်လိုက်မယ်' ဟု ပြောလေ၏။

'အခုပေးလို့တော့ မရဘူးလေ။ မှော်ဘီကိုပြန်ရဦးမယ်။ ရှာရဦးမယ်'ဟု ကျွန်ုပ်ကပြော၍ မှော်ဘီသို့ပြန်ခဲ့ပြီးလျှင် မှတ်ဆိတ်ဖြူ ဝတ္ထုတိုအဟောင်းများကိုရှာဖွေခဲ့ရာ စစ်ပြန်မဂ္ဂဇင်းတွင်ရေးသား ဖေါ်ပြခဲ့သော 'ပလုတ်ပလောင်း အစားကောင်း'ဟူသည့် မှတ်ဆိတ်ဖြူ ကြီးပါဝင်သော ဝတ္ထုတိုတစ်ပုဒ်ကို တွေ့ရှိလေတော့၏။ ထိုဝတ္ထုကား အောက်ပါအတိုင်းဖြစ်ပေတော့သတည်း။

(စာရေးသူ)

ပလုတ်ပလောင်းအစားကောင်း

တစ်နေ့တစ်၌ လူငယ်တစ်ဦးသည် လွန်စွာရှည်လျား၍ လွန်စွာဖြောင့်ဖြူးသောမြေနီလမ်းမကြီးတစ်ခုတွင် လျှောက်၍သွားနေ၏။ တစ်နေရာသို့အရောက်တွင် ထိုမြေနီလမ်း၏ဘေး၌ တောင်ကုန်း တစ်ခုကိုတွေ့သဖြင့် ထိုတောင်ကုန်းပေါ်သို့ တစ်ရွေ့ရွေ့တက်ခဲ့လေ ၏။ တောင်ကုန်း၏ထိပ်နားသို့ရောက်သောအခါ၌ သစ်ပြင်ခြောက် ကြီးတစ်ပင်ကိုတွေ့ရ၏၊ လူငယ်သည် မောင်ပန်းလွန်းသဖြင့် 'ရှူးကနဲ' သက်ပြင်းမှုတ်ထုတ်လိုက်လေ၏။ ၎င်း၏အစာအိမ်သည်လည်း တကြွတ်ကြွတ်မြည်လျက်ရှိလေ၏။

'ဒီနားမှာလည်း ဘာဆိုင်မှရှိမှာမဟုတ်ပါဘူး'ဟု လူငယ်သည် ညည်းညူလိုက်လေ၏။ ထို့နောက် လူငယ်သည် တောင်ကုန်းကိုဖြတ် ၍တစ်ရွေ့ရွေ့နှင့် လျှောက်သွားလေ၏။ တောင်ကုန်း၏အစွန်သို့ ရောက်သောအခါ၌ စိမ်းလန်းစိုပြေသောငှက်ပျောတောတစ်ခုကို တွေ့ ရလေ၏၊ ထိုငှက်ပျောတောတို့၏အလယ်၌မူ ရေကန်လေးတစ်ခုရှိ

လေ၏။ ထိုရေကန်၏ပတ်ပတ်လည်၌လည်း ပေါက်ပန်းဖြူပင်များ၊ အုန်းနဲ့ပင်များအစီအရီပေါက်၍နေလေ၏။ တောင်တန်းများဖြင့်ပြီး သော တဲကြီးတစ်လုံးကိုတွေ့ရလေ၏။ ထိုတဲကြီး၏ရှေ့၌မူ သင်ပုန်း နက်ကြီးပေါ်၌ရေးထားသော အောက်ပါစာကိုတွေ့ရလေ၏။

ဗလုတ်ပလောင်းထမင်းဆိုင်

လူငယ်သည် ထိုစာကိုမြင်လိုက်လျှင် ခြေလှမ်းများသွက်သွား၏။ မျက်နှာလည်းကြည်လင်လာ၏။ ထိုကြည်လင်လာသော မျက်နှာ၌ပြုံးရောင်များသမ်းလာလေ၏။ လူငယ်သည် ထိုတဲကြီးအတွင်းသို့ ပြေး၍ဝင်သွားလေ၏။ တဲတွင်း၌ကား ထမင်းစားနေသူဟူ၍လည်း တစ်စုံတစ်ယောက်မျှမရှိ။ ပန်းကန်ခွက်ယောက်ဟူ၍လည်းမတွေ့။ ကြော်လှော်ချက်ပြုတ်နေသည့်အခြားအရာကိုလည်းမမြင်ရ။ လွန်စွာမှ တိတ်ဆိတ်လှဘိ၏။ အဆုံးစွန်ဆိုရပါမူ စားပွဲထိုးနှင့် ထမင်းဆိုင်ရှင်ကိုပင် မမြင်မတွေ့ရပဲရှိလေ၏။

လူငယ်သည် ထိုတဲထမင်းဆိုင်ကြီးအတွင်း၌ ငူငူကြီးရပ်ကာ ပင့်သက်ကိုရှူလိုက်လေ၏။ ထို့နောက်ရှည်လျားစွာပင့်သက်ရှိုက်လိုက်လေ၏။ ထိုအချိန်၌မှာပင် ထိုတဲကြီး၏ထောင့်တစ်ထောင့်မှ ခြင်ပျံသည့်အသံထက်ပို၍မကျယ်သော တယောသံမျှဉ်းမျှဉ်းကလေးထွက်လာလေ၏။ ထိုအသံကိုကြားလိုက်ရသော လူငယ်၏မျက်နှာသည် တစ်ဖန်ပြန်၍ကြည်လင်လာပြန်၏။ ပြုံးရောင်များပြန်၍သမ်းလာပြန်လေ၏။

ထို့နောက်လူငယ်သည် တယောသံလာရာဆီသို့လှမ်း၍ ကြည့်လိုက်ရာ ခွေးခြေပုကလေးပေါ်၌ထိုင်၍ ကြိုးနှစ်ချောင်းတပ်သော တယောကို စိတ်အေးလက်အေးထိုးနေသည့် တရုတ်အဘိုးကြီး တစ်ဦးကိုတွေ့ရလေ၏။

လူငယ်၏မျက်နှာသည်ရှုံ့တွ၍သွားလေ၏။ လူငယ်၏နှလုံး

သည်ပူပန်၍သွား၏။ လူငယ်သည် ဆောက်တည်ရာမရဖြစ်၍သွား၏။ ထို့နောက် လူငယ်သည် ထိုထမင်းဆိုင်တဲကြီးအတွင်း၌ တယောထိုးနေသော ထိုတရုတ်အဘိုးကြီးအပြင် အခြားသောလူရှိ မရှိမျက်လုံးဖြင့်ရှာဖွေလိုက်လေ၏။ တစ်စုံတစ်ယောက်မျှမြင်တွေ့ခြင်းမရှိသည့်အတွက်လူငယ်သည် မျက်မှောင်ကြုတ်လိုက်လေ၏။ နှုတ်ခမ်းကိုငုံလိုက်လေ၏။ ထို့နောက် တယောထိုးနေသော တရုတ်အဘိုးကြီးထံသို့ခြေသံပြင်းပြင်းဖြင့် လျှောက်၍သွားလေ၏။ အနီးသို့ရောက်လျှင်-

'ဒီမှာ ပေါက်ဖော်ကြီး။ ဒါထမင်းဆိုင်လား'ဟု မေးလိုက်လေ၏။

'လွန်ခဲ့တဲ့ လေးလလောက်အထိကတော့ ထမင်းဆိုင်ပါပဲ။ အခုတော့ ထမင်းစားမယ့်သူမရှိလို့ ပြုတ်သွားပါပြီ'ဟု ပြန်၍ဖြေလိုက်လေ၏။

'ဒီလောက်ခေါင်တဲ့နေရာမှာ လာပြီးဖွင့်ထားတာပြုတ်မှာပေါ့ဗျ' ဟု လူငယ်ကငေါက်ငမ်းသောလေသံဖြင့်ပြောလိုက်လေ၏။

'မောင်ရင်ပြောတဲ့အတိုင်းဖြစ်မှာပါပဲလေ။ ခေါင်တော့လည်းစားမယ့်သူမရှိပဲ ပြုတ်သွားတာပေါ့' ဟု တရုတ်အဘိုးကြီးကပြန်၍ဖြေလိုက်လေ၏။

'ပြုတ်သွားရင်လည်းအရှေ့က ဆိုင်းဘုတ်ကြီးဖြုတ်ပစ်ပေါ့ဗျာ။ ဘာပြုလို့ထောင်ထားရတာလဲ'ဟု လူငယ်ကဒေါနှင့် မောနှင့်ပြောလိုက်လေ၏။

'ဒီဆိုင်းဘုတ်ကြီးမသိမ်းပဲ ထောင်ထားတဲ့အတွက် မောင်ရင့်မှာဘယ်လိုများထိခိုက်စရာတွေရှိလို့တုန်း'ဟု တရုတ်အဘိုးကြီးကအေးဆေးစွာပြန်၍မေးလိုက်သည်။

'ခင်ဗျားဆိုင်းဘုတ်ကြီးကိုမြင်တော့ ထမင်းစားချင်တဲ့လူကဝင်လာရတာပေါ့ဗျ။ ဆိုင်ထဲလည်းရောက်ရော ဆိုင်ကပြုတ်နေပြီ။ ဘယ်နှယ့်လုပ်မတုန်း' ဟု လူငယ်ကပြောလိုက်လေ၏။

'စောစောက မောင်ရင်ပြောသလိုပါပဲ။ ကျုပ်ရဲ့ထမင်းဆိုင်က

သိပ်ပြီးခေါင်နေလေတော့ ဒီဆိုင်းဘုတ်မြင်ပြီးဝင်လာတယ်ရယ်လို့တော့မရှိဖူးသေးပါဘူး။ ကျုပ်ဆိုင်ဖွင့်ထားတာက သိပ်ပြီးခေါင်တဲ့နေရာမှာကို မောင်ရင်ရဲ့' ဟု တရုတ်အဘိုးကြီးကပြောလိုက်လေ၏။

'ဘာစိတ်ကူးနဲ့ကများ ခင်ဗျားကဒီလိုနေရာမျိုးမှာလာပြီးထမင်းဆိုင်ဖွင့်ရတာတုန်း' ဟု လူငယ်ကမေးလိုက်လေ၏။ လူငယ်၏အသံမှာကျယ်လောင်၏။

လူငယ်၏ကိုယ်အမူအရာသည် ယဉ်ကျေးခြင်းမရှိ။ တလှုပ်လှုပ်၊ တရွရွနှင့်ဖြစ်၏။ ထိုအခါ တရုတ်အဘိုးကြီးက -

'မောင်ရင်အပြစ်တင်ရင်လည်းခံရမှာပေါ့လေ။ ဒါပေမဲ့ တစ်ယောက်တစ်လေများ ခရီးပန်းပြီး ဗိုက်ဟောင်းလောင်းနဲ့ဒီနားရောက်ခဲ့ရင်တော့ စားရပါစေဆိုတဲ့ စေတနာနဲ့ ကျုပ်ကထမင်းဆိုင်ဖွင့်ခဲ့တာပဲ'ဟု ပြောလိုက်ရာ လူငယ်က -

'ဒါတွေထားလိုက်ပါတော့ ပေါက်ဖော်ကြီးရာ' ဟုပြောရင်းဒီအနီးအနားမှာထမင်းဆိုင်ရှိလားဟု မေးလိုက်လေ၏။

'ထမင်းဆိုင်ရှိတယ်လို့တော့ မကြားမိဘူးကွယ့်'ဟု တရုတ်အဘိုးကြီးက ပြန်၍ဖြေလိုက်ရာ လူငယ်က -

'ဒီလိုလုပ်ဗျာ' ဟု ပြောလိုက်လေ၏။

'ဘယ်လိုလုပ်ရမလဲ'ဟု တရုတ်အဘိုးကြီးက ပြန်၍မေးလိုက်လေ၏။

'ခင်ဗျားတို့စားတဲ့ အထဲကပဲ ကျုပ်ကိုထမင်းတစ်နပ်စာလောက်ရောင်းဗျာ'ဟု လူငယ်ကပြောလိုက်ရာ တရုတ်အဘိုးကြီးက-

'မောင်ရင့်ကြည့်ရတာ အတော်ဆာနေပြီနဲ့တူတယ်။ ခက်တာက ကျုပ်ကလည်းထမင်းမစားဘူး။ ဆန်ပြုတ်ပဲသောက်တာ'ဟု ပြောလိုက်ရာ လူငယ်သည် ခေါင်းကိုခါယမ်းလိုက်ပြီးနောက်

'ခက်တော့တာပဲဗျာ။ ခက်တာပဲ။ အဲဒီဆန်ပြုတ်ပဲလုပ်ဗျာ' ဟု ပြောလိုက်လေ၏။ ထိုအခါ တရုတ်အဘိုးကြီးက -

'မောင်ရင် ဟောဟိုရေကန်လေးမှာ ရေချိုးလိုက်ပါဦး၊ ရေလဲ

အဘက်လည်းရှိပါတယ်။ ဆပ်ပြာတိုက်ချင်ရင် ဆပ်ပြာလည်းရှိတယ်။ ရေကူးတတ်ရင်လည်း ရေကန်ထဲဆင်းကူးပေတော့၊ မကူးတတ်ရင် လည်းတံတားလေးပေါ် တက်ထိုင်ပြီးခွက်နဲ့ခပ်ချိုးပေတော့။ မောင်ရင် ရေချိုးနေတုန်း ကျုပ်စားစရာ၊ သောက်စရာ စီမံလိုက်ဦးမယ်' ဟု ပြောလိုက်ရာ လူငယ်က -

'ဒီလိုတော့လည်း ပေါက်ဖော်ကြီးက ဘယ်ဆိုးလို့တုန်း'ဟု ပြောလိုက်ရာ တရုတ်အဘိုးကြီးက -

'ဘယ်တုန်းကမှ ကျုပ်မဆိုးပါဘူး။ ကဲ ကဲ မောင်ရင်ရေချိုး လိုက်ပေဦး' ဟု ပြောလိုက်လေတော့၏။

ထိုအခါ လူငယ်သည် သူ၏လွယ်အိတ်ကိုဖြုတ်ချလိုက်ပြီး နောက် ရေကန်ဆီသို့သွားလေ၏။ ရေကန်သို့ရောက်လျှင် အဘိုးကြီး ပြောသည့်အတိုင်းပင် ရေလဲအဝတ်ကိုတွေ့သဖြင့် သလှယ်ဝတ်ဆင် ကာ ရေကန်အတွင်းသို့ ဟိုမှသည်မှ ကူးခတ်နေလေတော့၏။ ထိုသို့ ကူးခပ်ရင်း ရေကန်၏တစ်ဖက်အစပ်တွင် ပန်းပွင့်ဖြူဖြူကလေးများ ကျလာသည်ကိုတွေ့သဖြင့် လူငယ်သည်လှမ်းမျှော်ကြည့်ရှုလိုက်ရာ မိန်းကလေးတစ်ဦးသည် ရေကန်အစပ်တွင်ပေါက်နေသော အုန်းနဲ ပင်ကြီးတစ်ပင်ကိုမှီကာ ပန်းပွင့်များကိုကြိုးနှင့်သီနေသည်ကိုတွေ့ရ ၏။

ထိုသို့ ပန်းပွင့်များတွင် ရင်းမနှစ်သက်သော ပန်းများပါလာ ပါက ရေကန်အတွင်းသို့ ထိုပန်းများပစ်ချလေ၏။ လူငယ်သည် စော စောကဆာလောင်မွတ်သိပ်စိတ်များလွင့်စဉ်ပျောက်ပျယ်သွားကာ ထိုမိန်းကလေးကို ငေးကြည့်ရင်းရေကူးနေလေ၏။ မည်မျှအချိန်ကြာ သည်အထိ ကူးခတ်နေမှန်းမသိတော့ပေ။ တရုတ်အဘိုးကြီးက -

'ဟေ့ကောင် အအေးမိပြီးသေလိမ့်မယ်။ စောစောတုန်းက တော့ ထမင်းဆာတယ်ဆိုကွ။ အခု မင်းစားဖို့အားလုံးအဆင်သင့် ဖြစ်ပြီးပြီ'ဟု လှမ်း၍ပြောလိုက်ရာ လူငယ်က -

'ဆန်ပြုတ်ဆိုတော့ သိပ်ပြီးစိတ်မပါလှဘူး . . ပေါက်ဖော်ကြီး

ရယ်'ဟုဆိုကာ မတက်ချင်တက်ချင်ဖြင့် တက်လာခဲ့လေတော့၏။

အပေါ်သို့ရောက်လျှင် အဝတ်အစားပြန်၍လဲကာ တဲကြီးအတွင်းသို့ဝင်သွား၏။ ထိုသို့ဝင်လိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း စားပွဲခုံပေါ်တွင် အငွေ့တထောင်းထောင်းထနေသော ဟင်းပန်းကန်သုံးလေးခုနှင့် ဟင်းချိုပန်းကန်ကြီးကိုတွေ့ရလေ၏။ ထိုဟင်းပန်းကန်တို့နှင့်အတူကြွေဇလုံကြီးတစ်လုံးနှင့် အပြည့်အမောက်ထည့်ထားသောထမင်းများကိုလည်းကောင်း၊ ထမင်းပန်းကန်အလွတ်တစ်ချပ်ကိုလည်းကောင်းတွေ့ရလေ၏။ လူငယ်သည်အားရဝမ်းသာနှင့် ထမင်းစားပွဲ၌ဝင်၍ထိုင်ပြီးလျှင် အားရပါးရစားသောက်နေလေတော့၏။ ဟင်းများမှာလည်းစုံလှ၏၊ ဆယ့်နှစ်မျိုးဟင်းချို၊ တောက်တောက်ကြော်၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော်၊ ကြက်သွန်ချဉ်စသည်တို့ဖြစ်၏။ လူငယ်သည်တစ်လုတ်ပြီးတစ်လုတ် ပါးစပ်အတွင်းသို့ထိုးသွင်းနေလေ၏။

ထိုအခါ တရုတ်အဘိုးကြီးသည် မှန်တစ်ချပ်ကိုယူလာပြီးလျှင် လူငယ်ရှေ့၌ မှန်ကိုထောင်ပြလိုက်လေ၏။ မိမိပါးနှစ်ဖက်သည် ထမင်းလုတ်များဖြင့် ဖောင်းနေသည်ကို မှန်ထဲတွင်မြင်ရသောအခါ၌ လူငယ်သည်ရယ်လိုက်လေ၏။ ထိုသို့ရယ်လိုက်ပြီးနောက် 'ပလုတ်ပလောင်းဖြစ်နေပါပကောလား'ဟု လူငယ်ကပြောလိုက်ရာ တရုတ်အဘိုးကြီးက

'အဲဒါ ငါတို့ထမင်းဆိုင်နာမည်ကွ' ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအခါ လူငယ်က -

'စောစောက ခင်ဗျားပြောတော့ ဆန်ပြုတ်ပဲရမယ်ဆို။ အခုတော့လည်း ဟင်းတွေကစုံလှချည်လား' ဟု လူငယ်ကမေးလိုက်လေ၏။

'တစ်ကယ်ဆာလို့ တစ်ကယ်ပလုတ်ပလောင်းစားမယ်ဆိုရင် ငါတို့ထမင်းဆိုင်က ရောင်းပါသေးတယ်ကွာ' ဟု တရုတ်အဘိုးကြီးက ပြောလိုက်လေ၏။

'ခင်ဗျားဆိုင်ကလည်း တစ်နေ့လုံးနေလို့ စားမယ့်လူတစ်ယောက်မှမလာဘူးဆိုတော့ ခက်တာပေါ့' ဟု လူငယ်ကပြောလိုက်လေ၏။

'မခက်ပါဘူး ငါ့လူရာ။ အဲ့ဒီတစ်ယောက်တစ်လေပဲရောက်လာတဲ့ ရှားရှားပါးပါး လူကိုပဲရောင်းတာပေါ့။ ဒါပေမယ့်လည်း လကုန်လို့စာရင်းချုပ်တော့ ကိုက်ပါတယ်လေ။ စားတဲ့လူကနည်းတော့ ကျုပ်က ဈေးနည်းနည်းတင်ထားတယ်' ဟု တရုတ်အဘိုးကြီးကပြောလိုက်လေ၏။

'ဈေးနည်းနည်းတင်ထားတယ်ဆိုတာ ဘယ်လောက်တင်ထားတာလဲ' ဟု လူငယ်ကမေးလိုက်လေ၏။

'ထမင်းဆိုင်ဆိုတာ တစ်နေ့မှာ လူ(၅၀)ယောက်လာမစားရင် ဘယ်ကိုက်မှာတုန်းကွယ်။ အဲဒီတော့ မောင်ရင်တို့လို တစ်ယောက်တစ်လေလာပြီးအငမ်းမရလာပြီးစားတဲ့အခါမှာ လူ(၅၀)စာတစ်ခါတည်းဈေးတင်ထားတယ်။ အဲဒီတော့ မောင်ရင်ခုစားတာ တစ်ရာငါးဆယ်ကျတယ်' ဟု ပြောလိုက်ရာ လူငယ်၏သွင်းလုဆဲဆဲထမင်းလုတ်သည် 'ဖုတ်'ကနဲပြုတ်ကျသွားလေတော့၏။လူငယ်၏ပါးစပ်သည် ဟ,၍သွားလေ၏။ ထို့နောက်လူငယ်က -

'တစ်ရာငါးဆယ်တောင်ကျတယ်။ ဟုတ်လား' ဟု အလန့်တကြားမေးလိုက်လေ၏။ ထိုအခါ တရုတ်အဘိုးကြီးက 'မင်းဆိုတဲ့ကောင်ကလည်း ဈေးနှုန်းမသိပဲနဲ့ အရမ်းကိုစားနေတာပဲ။ ဈေးနှုန်းလည်းပြောလိုက်ရော ပါးစပ်ထဲသွင်းမယ့် ထမင်းလုတ်တောင် ပြုတ်ကျရသလား။ စားမှာစားစမ်းပါကွာ။ မတရားလုပ်လို့တော့ဘယ်ဖြစ်မတုန်းကွာ။ အများနည်းတူ ယူရမှာပေါ့ကွ။ တစ်နေ့လုံးစားမယ့် လူဦးရေနဲ့တွက်ပြီး တစ်ယောက်တည်းဆီမှာ ယူလိုက်လို့တော့ ဘယ်တရားမလဲကွ ငါ့လူရ' ဟု ပေါက်ဖော်ကြီးက ပြောလိုက်ရာ လူငယ်၏မျက်နှာသည် ကျေနပ်မှုကြောင့် ပြုံးရောင်သမ်းလာ၏။ ထို့နောက်လူငယ်က

'ခင်ဗျားနဲ့ စ,တွေ့တဲ့အချိန်ကပြီး ကျုပ်မှာဖြုန်းကနဲ ဝမ်းသာ

ရာကနေ့ ကဗျာကယာဝမ်းနည်းရ၊ အဲဒီလို ဝမ်းနည်းရာကနေ ကဗျာ ကယာဝမ်းသာရာပြန်ရော တစ်မျိုးကြီးပါပဲလားဗျာ' ဟု လူငယ်က ပြောလိုက်လေ၏။

'အဲဒီလို အတက်အကျဖြစ်နေတာ တစ်မျိုးပျော်စရာမကောင်း လူးလားကွာ။ ဒီလိုမဟုတ်ရင် ဝမ်းသာစရာဆိုရင်လည်း ဝမ်းသာစရာ ချည်းပဲ၊ ဝမ်းနည်းစရာဆိုရင်လည်း ဝမ်းနည်းစရာချည်းပဲဆိုခဲ့လို့ရှိရင် ကောင်းနိုင်ပါ့မလား' ဟု တရုတ်အဘိုးကြီးက ပြောလိုက်လေ၏။

ထိုအခါ လူငယ်က -

'ဒီမှာ ပေါက်ဖော်ကြီး မနက်ဖြန်မှာလည်း ကျုပ်ဒီအတိုင်းစား ချင်တယ်။ ဖြစ်နိုင်ရင် ကကတစ်ကို ပဲငံပြာရည်နဲ့ ပေါင်းထားတာ တစ် ခွက်ပါစားချင်တယ်' ဟု ပြောဆိုကာ လူငယ်သည် အနီးရှိလက်ဆေး ဇလုံအတွင်း လက်ကိုနှစ်၍ဆေးကာ လက်သုတ်ပုဝါဖြင့် အကျအန သုတ်လေ၏။ တရုတ်အဘိုးကြီးက ပန်းကန်ပြားကိုသိမ်းရင်း -

'အားလုံး လေးကျပ်ကျပါတယ်။ ဈေးတော့နည်းနည်းတင် ထားပါတယ်' ဟု ပေါက်ဖော်ကြီးကပြောလိုက်၏။ လူငယ်သည် ငါးကျပ်တန်တစ်ရွက်ကို ထုတ်၍ပေးလိုက်ရင်း -

'ဒီမှာ ပေါက်ဖော်ကြီး ကျုပ်ပြောတာမှတ်ထားစမ်းပါဦး။ မနက် ဖြန်မှာ ကျုပ်ဒီအတိုင်းစားချင်တယ်။ ကကတစ်ပေါင်းတစ်ပွဲလည်း လုပ်ပေးပါ' ဟု လူငယ်ကပြောလိုက်လေ၏။

'ခက်တယ်မောင်ရင်ရယ်။ မနက်ဖြန်မှာစားနိုင်ဖို့ ကျုပ်ထမင်း ဟင်း ကျုပ်မချက်တတ်ဘူး။ ကျုပ်သာမဟုတ်ပါဘူးလေ၊ ဒီလောက ကြီးမှာ ချက်နိုင်မယ့်လူလည်းရှိမှာမဟုတ်ပါဘူး' ဟု ပြောလိုက်ရာ လူငယ်က -

'ဘာဖြစ်လို့ မချက်နိုင်ရမှာတုန်းဗျ။ ဒီအတိုင်းချက်ရုံပေါ့ မနက်ဖြန်မှာ ကျုပ်လာစားမယ်' ဟုပြောရင်း တရုတ်အဘိုးကြီးမြ အမ်းငွေတစ်ကျပ်ကို ၎င်း၏ဘောင်းဘီအိတ်အတွင်းထည့်လိုက် လေ၏။

'ကျုပ်ပြောပြီးပါပကောလား။ မနက်ဖြန်စားနိုင်မယ့်ထမင်းဟင်းမျိုး ကျုပ်မချက်တတ်ဘူး။ မောင်ရင်လည်း မနက်ဖြန်မှာ စားလို့မရပါဘူး' ဟု တရုတ်အဘိုးကြီးကပြောလိုက်ရာ လူငယ်က -

'ကျုပ် မနက်ဖြန်မှာစားလို့မရဘူးဟုတ်လား။ ဘာဖြစ်လို့လဲ ပေါက်ဖော်ကြီး' ဟု အလောသုံးဆယ်မေးလိုက်လေ၏။

'မနက်ဖြန်မှာစားလို့မရတာ မောင်ရင်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဘယ်သူမှစားလို့မရပါဘူး။ တစ်ကယ်စားတဲ့အခါလည်းကျရော မနက်ဖြန်ဆိုတာမဟုတ်တော့ပါဘူး။ ယနေ့ဖြစ်နေရော မင်းတို့ငါတို့ပြောနေတဲ့ မနက်ဖြန်ဆိုတာတွေဟာ နောက်ဆုံးမှာ ယနေ့ဖြစ်လာတယ်ကွယ်။ ဒါကြောင့် မနက်ဖြန်ဆိုတာမရှိဘူး။ မနက်ဖြန်ဆိုတာမရှိသလို မနေ့ကဆိုတာလည်းမရှိပါဘူးကွယ်။ ယနေ့တွေကိုပဲ ငါတို့က မနေ့ကလုပ်ပြီးပြောနေကြတာပေါ့။ အဲဒီတော့ ကျော်လွန်သွားတဲ့ယနေ့ကို မနေ့ကလို့ပြောပြီး မရောက်သေးတဲ့ယနေ့ကို မနက်ဖြန်လို့ပြောနေတာပါ။ တစ်ကယ်တော့ တစ်ကယ်မရှိတဲ့အချိန်ကာလကြီးက လူတွေကိုလှည့်စားသွားတာကွ' ဟု ပေါက်ဖော်ကြီးက ပြောလိုက်ရာ လူငယ်က -

'အချိန်ကာလဆိုတာ မရှိဘူးလား' ဟု ပြန်၍မေးလိုက်လေ၏။

လူတွေသတ်မှတ်ထားတဲ့ တစ်နာရီ၊ နှစ်နာရီဆိုတာရယ်၊ တစ်ရက်၊ နှစ်ရက်ဆိုတာရယ်၊ တစ်နှစ်၊ နှစ်နှစ်ဆိုတာရယ်က မရှိတဲ့ အချိန်ကာလပေါ်မှာ အရှိလုပ်ပြီးသတ်မှတ်ထားရတာကွ။ တစ်ကယ်ဆိုတော့ အချိန်ကာလဆိုတာ မရှိဘူး၊ အချိန်ကာလဆိုတဲ့အရာဟာ တစ်ကယ်သာရှိနေရိုးမှန်ရင် နောက်ဆုံးမှာကုန်သွားရမယ်ကွ။ အခုတော့ သူဟာဘယ်တော့မှကုန်မယ်မဟုတ်ဘူးဆိုတာ မင်းသိတယ်မဟုတ်လား၊ ဘယ်တော့မှ မကုန်ဘူးဆိုတဲ့အရာဟာ ဘယ်တုန်းကမှ မရှိခဲ့လို့ပေါ့ကွာ၊ ရှိသာရှိရင်ကုန်ရမယ်ကွ၊ ခုတော့လျော့နည်းခြင်းလည်းမဖြစ် ကုန်ဆုံးခြင်းလည်းမဖြစ်တဲ့ အရာကိုပြပါဆိုရင် အချိန်ကာလဆိုတဲ့အရာကိုပြရမယ်။ နောက်တစ်ခုပြပါဆိုရင်တော့

အာကာသဆိုတဲ့အရာကိုပြရမယ်။ အဲဒီတော့ အချိန်ရယ်+အာကာသရယ်ဟာမရှိဘူးကွ။ ဒါပေမဲ့ မရှိတဲ့အနေနဲ့ သူတို့ဟာ ရှိနေကြတယ်' ဟု တရုတ်အဘိုးကြီးကပြောလိုက်ရာ လူငယ်က -

'အင်း၊ ဘာတွေမှန်းတော့မသိဘူး။ ဟုတ်တော့ဟုတ်သလိုပဲ။ အဲဒါတွေ ကျုပ်မသိချင်ပါဘူးဗျာ။ ကျုပ်သိချင်တာကတော့ ထမင်းပဲ။ မနက်ဖြန်ထမင်းစားရမလား။ မရဘူးလား' ဟု လူငယ်က မေးလိုက်၏။

'မင်းဟာ တော်တော်အပြစ်ကြီးတဲ့ကောင်ပဲ'ဟု တရုတ်အဘိုးကြီးကပြောလိုက်လေ၏။

'ဘာဖြစ်လို့ ကျုပ်ကအပြစ်ကြီးရမှာတုန်း' ဟု လူငယ်ကငြင်းဆိုရင်း နွမ်းဖတ်နေသော စီးကရက်တစ်လိပ်ကိုထုတ်၍ လက်ဖြင့်ဆန့်ကာ မီးညှိလိုက်လေ၏။

'မင်းဟာ လောဘကြီးတဲ့ကောင်ပဲ။ အခုပဲစားပြီးတယ်။ မနက်ဖြန်စားဖို့ကို စဉ်းစားနေပြန်ပြီ။ ဒီလောကမှာ လောဘနဲ့တူတဲ့အပြစ်အနာအဆာရယ်လို့မရှိဘူးကွ။ လောဘကြီးတဲ့လူဟာ တစ်ကိုယ်လုံးအနာတွေပေါက်နေတဲ့လူထက်တောင် ရွံဖို့ကောင်းသေးတယ်။ မင်းဟာ ရွံစရာကောင်းတဲ့ သတ္တဝါပဲ။ ပြီးတော့ မင်းဟာ အမြဲတမ်းကပ်ဆိုက်နေတဲ့ကောင်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာရောင့်ရဲမှုမရှိလို့ပဲ။ ရောင့်ရဲမှုမရှိတဲ့လူဟာ အမြဲတမ်းအငတ်ဘေးကပ်ဆိုးကြီးဆိုက်နေတဲ့လူနဲ့အတူတူပဲ' ဟု အဘိုးကြီးကပြောလိုက်လေ၏။

လူငယ်သည် မခိုးမခန့်ပြုံးလိုက်လေ၏။

'ခင်ဗျားလည်း တော်တော်ဆန်းတဲ့ ပေါက်ဖော်ကြီးပဲ။ ကျုပ်ကိုဘာတွေလာပြီးပြောနေမှန်းမသိဘူး' ဟု လူငယ်ကပြောလိုက်လေ၏။

'ဒီထက်ဆန်းတဲ့ စကားပြောလိုက်ဦးမယ်။ မင်းသေသေချာချာနားထောင်။ ငါဟာတစ်နှစ်ကိုတစ်လ၊ တစ်လ ဟောဒီမှာလာပြီးထမင်းဆိုင်ဖွင့်နေရတယ်ကွ။ အဲဒါ ငါးနှစ်ရှိပြီ။ ဩဂုတ် တစ်ရက်နေ့ဆို ငါကဒီကိုရောက်ပြီ။ ဟောသည့်တဲကြီးကိုထိုးရပြီ။ ပြီးတော့ စောစောက မင်းဖတ်ခဲ့ရတဲ့ 'ပလုတ်ပလောင်းထမင်းဆိုင်' ဆိုတဲ့

ဆိုင်းဘုတ်ကြီးကို ရေးရပြီ။ ဟောဟိုနောက်ဖေးမှာ မီးဖိုတွေ၊ ဒယ်အိုးတွေ အဆင်သင့်လုပ်ရပြီကွ။ ပြီးတော့ ဟောဒီစားပွဲခုံကြီးနှစ်လုံးကို ချပြီး ထမင်းလာပြီးစားမယ့်လူကို မျှော်ရပြီ။ ဒါပေမယ့် တစ်လုံးတစ်ယောက်မှလာပြီးမစားပါဘူးကွာ။ ဩဂုတ်လကုန်လို့ စက်တင်ဘာလလည်းဆန်းရော ဟောဟုကန်စပ်မှာ ပန်းသီနေတဲ့ငါ့မြေးလေးက လာပြီး 'အဘိုးရယ် ဆိုင်သိမ်းဖို့တော်ပါပြီ' လို့ပြောတော့တာပဲ။ အဲဒီအခါမှာ ငါလည်း ပစ္စည်းတွေသိမ်း၊ လှည်းကြီးငှားပြီး ဆိုင်သိမ်းပြီးပြန်ရတော့တယ်ကွာ။ အဲဒီအချိန်ကစပြီး တစ်နှစ်လုံးလုံး အေးအေးချမ်းချမ်းနေရပြန်တယ်။ နောက်နှစ်ဩဂုတ်လ အနားလည်းရောက်ရော ငါ့မြေးက ဆိုင်ဖွင့်ဖို့ပြောပြန်ရော။ အဲဒီအခါမှာ ငါလည်း ဒယ်အိုးတွေ၊ ပန်းကန်တွေကို လှည်းပေါ်တင်ပြီး ဆိုင်ထွက်ဖို့ဒီနေရာကို လာရပြန်ရောဟေ့။ အဲဒီလိုပဲ နှစ်တိုင်းနှစ်တိုင်း ဩဂုတ်လနားရောက်ရင် ဆိုင်လာပြီးထွက်ရတယ်ကွယ့်' ဟု တရုတ်အဘိုးကြီးက ပြောလိုက်ရာ လူငယ်က -

'ခင်ဗျားဟာကလည်း အဆန်းပါလား။ ဘာသဘောလဲဗျ' ဟု ပြောရင်း ခြေထောက်ကို ခုံတန်းပေါ်သို့ လှမ်း၍တင်ကာ ကိုယ်ကို နောက်သို့မှီလိုက်လေ၏။

'ဘာသဘောလဲဆိုတော့ ဟောဟိုက ငါ့မြေးကလေးကို တွေ့တယ်မဟုတ်လား။ ပန်းသီနေတဲ့ မိန်းကလေးဟာလေ' ဆိုကာ တရုတ်အဘိုးကြီးက ကန်စပ်တွင် သီချင်းဆို၍ပန်းသီနေသော မိန်းကလေးကိုညွှန်ပြရင်း ပြောလိုက်လေ၏။ ထိုအခါ လူငယ်က -

'အဲဒီမိန်းကလေးက ဘယ်လိုဖြစ်နေလို့တုန်း' ဟု မေးရင်း တစ်ချက် 'ဝါးကနဲ' သမ်းလိုက်လေ၏။ လူငယ်သည် ဝမ်းဗိုက်ပြည့် အစာပြည့်သွားသောကြောင့် အိပ်ငိုက်လာပြီဖြစ်၏။ သူ၏မျက်လုံးများသည် စင်းလာပြီဖြစ်၏။ မျက်လုံးတစ်ဝက်သည် ပိတ်၍နေပြီဖြစ်၏။ ထိုအခါ တရုတ်အဘိုးကြီးက -

'မင်းသိပ်ပြီးအိပ်ချင်နေပြီလား။ အိပ်ချင်ရင်လည်း [illegible]

ဦးလေ။ အိပ်ရာကနိုးတော့ ဆက်ပြီးပြောကြတာပေါ့။ မင်းအိပ်ရာကနိုးရင်သောက်ဖို့ သဘော်သီးဖျော်ရည်တစ်ခွက်လုပ်ထားလိုက်မယ်' ဟု ပြောသည်ကို လူငယ်သည်ပြည့်စုံအောင်မကြားနိုင်တော့ပဲ အိပ်ပျော်သွားလေတော့၏။ ခရီးပန်းလာခြင်းကြောင့်လည်းကောင်း၊ အစာကို ပြည့်ပြည့်ဝဝစားလိုက်ရခြင်းကြောင့်လည်းကောင်း လူငယ်သည် နှစ်ခြိုက်စွာ အိပ်မောကျသွားလေတော့၏။

များမကြာမီ၌ပင် ဟောက်သံများထွက်၍လာပေတော့၏။

လူငယ်သည် နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်သွားခဲ့ရာ နေဝင်သောအခါမှပင် အိပ်ရာမှနိုးလေတော့၏။ အိပ်ရာမှ နိုးလျှင်နိုးချင်း မျက်လုံးများကို ပွတ်၍ပတ်ဝန်းကျင်သို့ ကယောကယာကြည့်လိုက်လေ၏။ ထမင်းဆိုင်တဲကြီးအတွင်း၌ အောက်လင်းမီးကြီးနှစ်လုံး ထွန်းညှိချိတ်ဆွဲထားသည်ဖြစ်ရာ လင်းထိန်၍နေလေတော့၏။ ထိုအခါ မိန်းကလေးတစ်ဦးသည် လူငယ်၏အနီးသို့ရောက်လာပြီးလျှင် -

'အိပ်ရာကနိုးပြီလား။ ဘာများသုံးဆောင်မလဲရှင်' ဟု အသံသာသာကလေးဖြင့် မေးလိုက်လေ၏။ လူငယ်သည် ထိုမိန်းကလေးကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေ၏။ ထိုမိန်းကလေးသည်နေ့ခင်းက ကန်ဘောင်ပေါ်တွင် ပန်းများသီနေသော မိန်းကလေးဖြစ်ကြောင်း သတိပြုမိလိုက်လေ၏။

'အင်းစားဖို့သောက်ဖို့က အရေးမကြီးဘူး။ ကျုပ်ခရီးဆက်ရဦးမယ်၊ နေတောင်ဝင်သွားမှပဲ။ ကျုပ်သွားရမယ့်ခရီးကလည်း အဝေးကြီးလိုသေးတယ်။ ခက်တော့တာပဲ' ဟု ညည်းညူလိုက်လေ၏၊ ထိုအခါ မိန်းကလေးက -

'ရှင် မိုင်းတွင်းအထိသွားမှာလား' ဟု မေးလိုက်လေ၏။

'ဟုတ်တယ်၊ မိုင်းအထိသွားမှာပဲ' ဟု လူငယ်ကပြန်၍ပြောလိုက်ရာ မိန်းကလေးက -

'ဘယ်ဖြစ်မလဲ။ မိုင်းကအဝေးကြီးလိုသေးတယ်။ တောလမ်းကိုဖြတ်ပြီးသွားရမှာ။ အဲဒီတောလမ်းမှာ ကျားသစ်တွေရှိတယ်၊

ှင်သေသွားလိမ့်မယ်' ဟု ထိတ်ထိတ်ပျာပျာနှင့် ပြောလိုက်လေ၏။

ထိုင်အခါ လူငယ်၏ မျက်ခုံးနှစ်ဖက်သည် အပေါ်သို့မြင့်၍ သွားလေ၏။ လူငယ်၏မျက်တောင်များသည် အခတ်မြန်၍လာလေ တော့၏။ ထို့နောက် မျက်တောင်ခတ်ခြင်းသည် အနည်းငယ်မျှရပ် ၍သွားလေ၏။ ပါးစပ်လည်းအနည်းငယ်ဟသွား၏။ လူငယ်သည် ာစ်စုံတစ်ရာကို သတိရသကဲ့သို့ရှိနေ၏။ လူငယ်၏စိတ်၌ -

'ဒီထမင်းဆိုင်မျိုးကို ငါစားဖူးပါတယ်။ ဒီမိန်းကလေးကိုလည်း ငါတွေ့ဖူးပါတယ်။ ဘယ်မှာစားဖူး၊ ဘယ်မှာတွေ့ဖူးပါလိမ့်' ဟုတွေး လိုက်မိ၏။ သို့ရာတွင် ပီပီပြင်ပြင်အမှတ်ရခြင်းမရှိသဖြင့် စိတ်အာရုံ သည်ပြောင်း၍သွားလေ၏။ ထို့နောက် လူငယ်က -

'ဒီမှာ မိန်းကလေး ကျုပ်ခရီးဆက်သွားလို့တော့မဖြစ်ဘူး။ အန္တရာယ်တွေသိပ်များတယ်။ အဲဒီတော့ မင်းတို့ဆိုင်မှာ ကျုပ်တစ်ည းလာက်အိပ်ခွင့်ပေးနိုင်မလား' ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းက လေးက -

'ရှင်အိပ်ခွင့်ရဖို့ အဘိုးဆီမှာခွင့်တောင်းပါ။ အဘိုးကအိပ်ခွင့် ပေးရင် အိပ်ရမှာပေါ့' ဟု ယဉ်ကျေးစွာပြန်၍ပြောလိုက်လေ၏။ ထို အချိန်၌မှာပင် တရုတ်အဘိုးကြီးသည် ဖန်ခွက်တစ်လုံးကို ကိုင်၍အနီး သို့ရောက်လာလေတော့၏။ ထိုအခါ မိန်းကလေးက -

'အဘိုး သူကမိုင်းတွင်းထိရောက်အောင်သွားရမှာတဲ့။ အဲ့ဒါ ိုးချုပ်သွားလို့ သွားလို့မဖြစ်တော့ဘူးတဲ့။ ဒီမှာတစ်ညလောက်အိပ် ါရစေလို့ ခွင့်တောင့်နေတယ်' ဟုဆိုကာ မိန်းကလေးလည်း လူငယ် ၏အနီးမှထွက်ခွာသွားလေ၏။ ထိုအခါ တရုတ်အဘိုးကြီးက -

'အိပ်ဖို့ကိစ္စနောက်တော့ပြောတာပေါ့လေ။ မောင်ရင်အိပ်ရာ ာနိုးရင်သောက်ဖို့ဆိုပြီး ကျုပ်ဖျော်ထားတဲ့ သဘောသီးဖျော်ရည်လေး သောက်ပါဦးလေ။ အဲ့ဒီအတွက် ပိုက်ဆံမပေးရဘူး။ ကျုပ်ကစေတနာ နဲ့အလကားတိုက်တာပါ' ဟု ပြုံး၍ပြောလိုက်လေ၏။ လူငယ်သည် အဘိုးလက်တွင်းမှ ဖန်ခွက်ကိုယူရင်း

'ပေါက်ဖော်ကြီး ခင်ဗျားဟာ သိပ်ကိုစိတ်ထားမြင့်မြတ်ပါလား ဗျာ' ဟု ပြောဆိုကာ သဘော်သီးဖျော်ရည်ကို နှစ်ခြိုက်စွာသောက် နေလေတော့၏။

'စိတ်ထားမြင့်မြတ်တယ်လို့ပြောတာလား။ ဒီလိုဆိုရင်တော့ ငါက စိတ်ထားယုတ်ညံ့တဲ့လူတွေကို လေးစားရဦးတော့မှာပေါ့ကွာ။ မြင့်မြတ်တယ်ဆိုတာ ယုတ်နိမ့်တဲ့လူကိုသာပေးရမှာကွ။ ဥပမာ- သဘောထားကြီးတဲ့လူတစ်ယောက်ဆိုပါတော့။ သူ့ရဲ့သဘောထား ကြီးခြင်းကို ဘယ်သူ့ကိုပေးရမလဲ။ သဘောထားမကြီးတဲ့သူကိုပေးရ မှာမဟုတ်လားကွ' ဟု တရုတ်အဘိုးကြီးကပြောလိုက်လေ၏။ လူငယ် သည် ဖျော်ရည်ကို အကုန်လုံးကုန်သည်အထိမော့ချလိုက်လေ၏။ ထိုသို့မော့ချပြီးနောက် -

'ဒါနဲ့ နေပါဦး။ ပေါက်ဖော်ကြီးရဲ့ နေ့လယ်ကပြောတဲ့စကား ပြတ်သွားတယ်။ ပြန်ပြီးဆက်ပါဦး' ဟုဆိုလေ၏။ ထိုအခါ တရုတ် အဘိုးကြီးက -

'နေ့လယ်ကစကားကို မဆက်တော့ပါဘူးကွာ။ အခုစကားကို ဆက်ပါတော့မယ်။ မင်းက မိုင်းကိုသွားဖို့မိုးချုပ်နေပြီဆိုတော့ လမ်းမှာ အန္တရာယ်သိပ်ကြီးမားနေတယ်။ အဲ့ဒီတော့ ဒီမှာအိပ်ချင်တယ်ပေါ့ ဟုတ်လား' ဟု ကြည်လင်သောမျက်နှာနှင့် မေးလိုက်လေ၏။ ထိုအခါ လူငယ်က -

'ဟုတ်ပါတယ် ပေါက်ဖော်ကြီး။ ကျုပ်ကို တစ်ညလောက်တော့ အိပ်ခွင့်ပေးပါ။ အဲ့ဒီကျေးဇူးကိုတစ်သက်မမေ့တော့ပါဘူး' ဟု ညှိုးငယ် သောမျက်နှာနှင့် ပြောလိုက်လေ၏။ ထိုအခါ တရုတ်အဘိုးကြီးက

'အေး စကားစပ်မိလို့ ပြောလိုက်ဦးမယ်။ လွန်ခဲ့တဲ့ငါးနှစ် လောက်က စောစောကငါ့မြေးကလေးရယ်၊ သူ့အဖေရယ်ဟာ နယ် စပ်အနားမှာ ခေါက်ဆွဲဆိုင်တစ်ဆိုင်ဖွင့်ကြတယ်ကွယ့်။ အဲ့ဒီတုန်းက ငါ့မြေးကလေးဟာ အသက်(၁၆)နှစ်ပဲရှိသေးတယ်။ တစ်ညမှာလူငယ် ကလေးတစ်ယောက်ဟာ သူတို့ခေါက်ဆွဲဆိုင်ကိုဝင်ပြီး ထမင်းစားရင်း

င်ညတာအိပ်ခွင့်တောင်းတယ်။ အဲ့ဒီအခါမှာ ငါ့မြေးကလေးနဲ့ သူ့အမေဟာ အဲ့ဒီလူငယ်ကိုအိပ်ခွင့်ပေးလိုက်တယ်။ အဲ့ဒီလူငယ်လေးသည်း အိပ်ခွင့်ရရောဆိုပါတော့ကွယ်။ အဲ့ဒီအခါမှာ ညသန်းခေါင်သည်းကျော်ရော အဲ့ဒီခရီးသည်လူငယ်လေးက ကျေးဇူးဆပ်တော့တာပဲလေ။ ဆိုင်ရှင်ယောကျ်ားကြီးကိုသေနတ်နဲ့ချိန်ပြီးဓါးပြတိုက်တယ်။ ဆိုင်ရှင်ယောကျ်ားကြီးက ရောင်းလို့၊ ဝယ်လို့ရတဲ့ငွေတွေရောသူစုထားတဲ့ရွှေလေးတွေရော အကုန်ပေးပါတယ်။ ဒါပေမဲ့သေသွားတဲ့ သူ့မိန်းမရဲ့ လက်ထပ်လက်စွပ်ကလေးကိုတော့အမှတ်တရသဘောနဲ့သိမ်းထားတာမို့ မပေးရက်ရှာဘူး။ ပေးဖို့လက်တွန့်နေတာပေါ့ကွယ်။ အဲ့ဒီအခါမှာ ခရီးသည်လူငယ်ဓါးပြလေးဟာ ဆိုင်ရှင်ယောကျ်ားကြီးကို သေနတ်နဲ့ပစ်သတ်လိုက်တယ်။ ပြီးတော့ စောစောက ငါ့မြေးကလေးကို သားမယားအဖြစ်ကျင့်ကြံသွားတယ်။ ကံဆိုးချင်တော့ ငါ့မြေးကလေးဟာ အဲ့ဒီဓါးပြလေးနဲ့ကိုယ်ဝန်ရခဲ့ရှာတယ်။ ဓါးပြကလေးကလည်း ရမ္မက်ရော၊ စည်းစိမ်ရော ဓါးပြတိုက်လိုက်အားမရသေးပဲ ဆိုင်ကြီးကိုပါ မီးရှို့သွားခဲ့တယ်။ အဲဒီတော့ ငါ့မြေးကလေးခမျာမှာ ကယောင်ချောက်ချားဖြစ်သွားတော့တာပေါ့။ ဒီးကြားထဲကိုယ်ဝန်ကတဖြည်းဖြည်းပေါ်ပေါ်ထင်ထင်ဖြစ်လာတဲ့အခါမှာ ပတ်ဝန်းကျင်က လင်ကောင်မပေါ်ပဲ ကိုယ်ဝန်ရလာပြီဆိုတာကိုအလုပ်ကြီးတစ်ခုလိုလုပ်ပြီး ပြောဆိုကြလေရဲ့၊ ငါ့မြေးကလေးဟာ အရှက်ကြီးရှက်ခဲ့ရတယ်။ အဲ့ဒီတော့ ကလေးမွေးတဲ့နေ့မှာပဲ ငါ့မြေးကလေးဟာ စိတ္တဇဝေဒနာသည်လေးဖြစ်သွားရှာတယ်။ ကလေးကတော့သေသွားရှာတယ်ကွယ်။ နောက်ဆုံးငါ့မြေးကလေးရဲ့စိတ်မှာ လင်ကောင်ဖေါ်ချင်တဲ့စိတ်တွေ အဆမတန်ပေါ်ပေါက်လာတယ်။ 'ကလေးအဖေတို့ရှာပေး ရှာပေး' နဲ့အော်ဟစ်လာတယ်။ ပြီးတော့ 'ဆိုင်ပြန်ဖွင့်မယ်။ ဆိုင်ဖွင့်ရင် သူပြန်လာမယ်။ သူကျွန်မတို့ဆိုင်မှာ ထမင်းလာစားမယ်၊ အိပ်ခွင့်တောင်းမယ်။ အဲဒီအခါမှာ ကျွန်မသူကို ပြောပြပြီးကျွန်မကိုယူအောင်အသနားခံမယ်၊ သူ့နဲ့ရရင်ရွာထဲက

မိန်းမတွေကို လျှောက်ပြမယ်။ လင်ကောင်မပေါ်ပဲ ကလေးမွေးတယ်ဆိုတာ သူတို့ပြောနိုင်မှာမဟုတ်တော့ဘူး။ ကျွန်မလင်ကောင်ပေါ်ပြီး ခါးပြပဲဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ်၊ ကျွန်မကအလိုတူလို့ပဲဖြစ်ဖြစ်၊ အလိုမတူလို့ပဲဖြစ်ဖြစ် ကလေးအဖေဟာကလေးအဖေပဲ။ အဲ့ဒါကို ကျွန်မပြချင်တယ်။ သူပြန်လာအောင် ထမင်းဆိုင်ဖွင့်ပါ' လို့ပူဆာတော့တာပဲ။ သူတို့ကို ခါးပြတိုက်သွားတဲ့ ဩဂုတ်လရောက်တိုင်း အဲ့ဒီရောဂါဟာပြန်ထလာတယ်။ အဲ့ဒီတော့ ကျုပ်ကလည်းသူကလေးစိတ်သက်သာရာ ဩဂုတ်လရောက်တိုင်းဆိုင်လာဖွင့်ရတယ်လေ။ ဖြစ်တာကတစ်နေရာ ဖွင့်တာကတစ်နေရာ ဖြစ်တဲ့နေရာနဲ့ အခုဖွင့်တဲ့နေရာနဲ့က အဝေးကြီးပါကွယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ဆိုင်ဖွင့်နေရင် သူ့ရောဂါဟာသက်သာနေတာပဲမဟုတ်လား' ဟု ရှည်လျားစွာပြောပြလိုက်လေ၏။

လူငယ်သည် အဘိုးကြီး၏စကားကိုနားထောင်ရင်း ပင့်သက်များကိုမကြာခဏရှူ၏။ မျက်နှာမှာလည်း မှိုင်၍နေလေ၏။ သို့မဟုတ် မျက်နှာပျက်၍နေလေ၏၊ ထိုအခါ တရုတ်အဘိုးကြီးက -

'အဲ့ဒီခါးပြလေးကို ကျုပ်မြေးကလေးက သေသေချာချာမှတ်မိတယ်။ အသားညိုညို အရပ်ထောင်ထောင်မောင်းမောင်း၊ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ လက်ဖျံမှာအသည်းကိုခါးစိုက်နေတဲ့ပုံ ဆေးမင်ကြောင်ထိုးထားတယ်။ အဲဒီအသည်းထဲမှာလည်း 'မိုက်ခဲ'ဆိုတဲ့ စာတန်းထိုးထားတယ်' ဟု ပြောလိုက်ရာ လူငယ်သည် သူ၏လက်ဖျံကိုယောင်၍ ငုံ့ကြည့်လိုက်လေ၏။ ထိုအခါ တရုတ်အဘိုးကြီး၏မျက်လုံးအစုံသည် အရောင်တောက်၍လာလေ၏။ နဖူးဆံစတို့တွင် ချွေးများစို့၍လာလေ၏။ ထို့နောက်အဘိုးကြီးက -

'မင်းဘာများပြောချင်သေးလဲ ခမောင်ရွှေခဲ' ဟု အသံပြကြီးဖြင့်မေးလိုက်ရာ လူငယ်သည် တုန်၍သွား၏။ မျက်လုံးပြူးသွား၏၊ ပါးစပ်ဖွင့်သွား၏။ ထို့နောက် ယောင်ယမ်း၍ -

'ဗျာ'

ဟု ထူးလိုက်လေ၏။

'ဒီမှာ မောင်ရွှေခဲ။ အဲ့ဒီကိစ္စဖြစ်ပြီးကတည်းကိုက လူဆိုး သောကကို ငါလိုက်ပြီးစုံစမ်းခဲ့တယ်။ အဲ့ဒီတော့ မင်းအကြောင်းကို ငါသေသေချာချာသိရတာပေါ့။ အဲ့ဒီလိုသိရတဲ့အခါမှာ မင်းဟာခါးပြ ဂိုဏ်းခုနဲ့ ထောင်ကျသွားပြီဖြစ်နေတယ်။ အဲ့ဒီတော့ ထောင်ထဲမှာ ရှိတဲ့ ငါမိတ်ဆွေဆီကိုစာနဲ့ရေးပြီး မင်းလွတ်မယ့်ရက်ရယ်၊ လွတ်ရင် ဘယ်ကိုသွားမယ်ဆိုတာရယ်စုံစမ်းထားတယ်။ ဒီတော့မင်းလွတ်မယ့် ရက်ကိုလည်း ငါအတိအကျသိရပြီ။ မင်းလွတ်ရင်ဟော့ဒီမိုင်းလာပြီး အလုပ်ကြမ်းလုပ်မယ်ဆိုတာလည်း သတင်းအတိအကျရထားပြီး။ ဟောင့်ဒီမိုင်းမှာ မင်းသူငယ်ချင်းထောင်ထွက်မြခင်ဆိုတာရှိတယ် မဟုတ်လား။ အဲ့ဒီတော့ မင်းလာမယ့်လမ်းကို ငါသေသေချာချာသိ တယ်။ ဘူတာကဆင်းပြီးရင် မင်းဟာဒီလမ်းကိုခြေလျင်လာရမှာ ဒီလမ်းကလွဲပြီး တခြားလမ်းမရှိဘူး။ ပြီးတော့မင်းရောက်မယ့်အချိန် ဟာလည်း ထမင်းစားလာလို့ရမယ့်အချိန်မဟုတ်ဘူး။ မင်းရောက်လာ ပြီဆိုတာလည်း ဘူတာကိုမင်းခြေချတည်းက ငါသတင်းရထားပြီ။ ငါထင်တဲ့အတိုင်းပဲ မင်းဟာငါ့ဆိုင်ကိုဝင်လာရတာပေါ့' ဟု တရုတ် အဘိုးကြီးကပြောလိုက်လေ၏။ လူငယ်သည်ရုပ်ပျက်နေ၏။ လူငယ် ၏ကိုယ်သည်တုန်နေ၏။ လူငယ်၏မျက်နှာသည် ဖြူရော်ပျက်နေ၏။ ထို့နောက် အက်ကွဲသောအသံဖြင့် -

'ကျုပ်အပြစ်အတွက် ကျုပ်အပြစ်ဒဏ်ခံပြီးပြီပဲ။ ခင်ဗျားကဘာ လုပ်ဦးမလို့လဲ' ဟု ပြော၍ပမာမခန့်ပြုံးလိုက်လေ၏။

'ဘာမှလုပ်မလို့မဟုတ်ပါဘူး။ စောစောက မင်းသောက်ထား တဲ့သဘောသီးဖျော်ရည်ထဲမှာ ငါအဆိပ်တွေခပ်ထားတယ်။ မကြာခင် မှာ မင်းဟာပျို့ချင်သလို၊ အန်ချင်သလိုဖြစ်လာပြီး မျက်လုံးတွေပြာ လာလိမ့်မယ်။ နောက်ဆုံး မင်းမောလာလိမ့်မယ်။ အဲ့ဒီနောက်မှာတော့ မင်းရဲ့ကစိတ်ဟာ ဘယ်ကိုမှမရောက်ပဲ ငြိမ်သွားလိမ့်မယ်။ အသက်ရှု ရပ်သွားလိမ့်မယ်။ နောက်ဆုံးမှာမင်းရဲ့နှလုံးပေါ်ကို ကျနေတဲ့သွေး

စက်ကလေးတွေကျမလာတော့ဘူးကွာ။ အဲ့ဒီအခါမှာ မင်းသေပြီပေ
ဟု ပြောလိုက်ရာ လူငယ်သည်လွန်စွာတုန်လှုပ်၍သွား၏။ မတည်
ငြိမ်ဖြစ်သွား၏။ အသက်ရှူမြန်လာ၏။ မျက်လုံးပြူး၍လာ၏။ မျက်
လည်းအကြီးအကျယ်မှိုင်ကျသွား၏။ ထိုအခါ၌ တရုတ်အဘိုးကြ
သည် ၎င်း၏အိတ်အတွင်းမှ ပေါ်ကြွကျွေ့ဆေးပုလင်းအရွယ် ပုလင်
ကလေးကိုထုတ်လုပ်ပြီးနောက် လူငယ်အားထိုပုလင်းကိုပြ၍ နှစ်
ဖွယ်ရာပြုံးလိုက်လေ၏။

'ဟော့ဒီပုလင်းထဲက ဆေးရည်ကလေးတွေဟာ မင်းအသ
ကိုကယ်နိုင်ကောင်းပါရဲ့ကွာ' ဟု ပြောလိုက်ရာလူငယ်က -

'ခင်ဗျား တော်တော်ယုတ်မာတဲ့အဘိုးကြီးပဲ' ဟု အားယူ
ပြောလိုက်လေ၏ ထိုအခါ တရုတ်အဘိုးကြီးက -

'စောစောက ငါပြောပြခဲ့ပါပကောလား။ ယုတ်မာခြင်းဆိုတ
ဟာလည်း မြင့်မြတ်ခြင်းနဲ့ ဆက်စပ်နေတယ်' ဟု ပြောလိုက်ချိန်၌ပ
လူငယ်သည် ဖို့အန်ချင်စိတ်များဖြစ်ပေါ်လာလေတော့၏။ မျက်စိမှ
လည်းမှုးဝေလာလေတော့၏။

ထို့ကြောင့် -

'ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ' ဟု ပြော၍မျက်ရည်မျာ
ကျလာလေ၏။ ထိုအခါ တရုတ်အဘိုးကြီးက ၎င်း၏အိတ်အတွင်းမှ
စာရွက်ထပ်တစ်ထပ်ကိုထုတ်၍

'ဟော့ဒီမှာ ရေးထားတာတွေက ငါ့မြေးကလေးကို မုဒိမ်းကျင့်
ခဲ့တာရယ်၊ သူ့အဖေကိုသတ်ခဲ့တာရယ်တွေကို အသေးစိတ်ရေးထား
တယ်။ အဲဒါတွေကို ဟုတ်မှန်ကြောင်းကြိုးစားပြီးလက်မှတ်ထိုးလိုက်
ပါ။ အဲဒါဆိုရင် ဟောဒီအဆိပ်ဖြေဆေးကို မင်းကိုပေးမယ်' ဟုပြော
ရင်းပြုံးလိုက်လေ၏။

လူငယ်သည် ငိုင်၍သွားလေ၏။ ထိုအချိန်၌မှပင် တရုတ်
အဘိုးကြီးက ဖောင်တိန်ကိုဖွင့်၍ လူငယ်၏ရှေ့သို့ချပေးလိုက်လေ၏
ထိုအခါ လူငယ်သည် ဖောင်တိန်ကိုကြိုးစားကောက်ယူပြီးနောက်

ခွက်အောက်တွင် 'ရွှေခဲ' ဟု လက်မှတ်ထိုးပေးလိုက်လေ၏။

ထိုအခါ တရုတ်အဘိုးကြီးက အဆိပ်ဖြေဆေးပုလင်းကို စားပွဲပေါ်သို့တင်ပေးလိုက်လေ၏။ လူငယ်သည် အဆိပ်ဖြေဆေးပုလင်းကိုအငမ်းမရလှမ်း၍ ယူလိုက်လေ၏။ ထိုအချိန်၌မှာပင် စားပွဲပေါ်သို့ လေးလံသောအရာဝတ္ထုပစ္စည်းများ 'ဒေါက်ကနဲ' ကျလာလေ၏။ လူငယ်သည် ထိုပစ္စည်းကိုလှမ်းကြည့်ပြီးလျှင် -

'လက်ထိပ်'

ဟု ယောင်ယမ်း၍အော်လိုက်လေ၏။ ထိုအခါ လူငယ်နောက် တစ်စုံတစ်ယောက်သူက -

'မင်းအတွက် အဆင့်သင့်လုပ်ထားတာ' ဟု ပြောလိုက်သဖြင့် လူငယ်လည်း ဆေးပုလင်းကိုကိုင်၍ကြည့်လိုက်ရာ ယူနီဖောင်းဝတ်တစ်ဦးနှင့် အခြားလူကြီးသုံးဦးကိုတွေ့ရလေ၏။ ထိုအခါ တရုတ်အဘိုးကြီးက -

'မင်းနောက်တည့်တည့်မှာရပ်နေတဲ့ တိုက်ပုံအကျီနဲ့လူကြီးက ဆက်ရှင်တရားသူကြီးဦးကျော်ခေါင်လို့ခေါ်တယ်။ ဟောင်ဒီယူနီဖောင်းနဲ့ဆရာကတော့ ဒီအပိုင်ဂတ်ကပဲ' ဟု ပြောလိုက်သည့်အချိန်၌ လူငယ်သည်အဆိပ်ဖြေဆေးပုလင်းကို မော့ချလိုက်ပြီဖြစ်၏။ ထိုအခါ တရုတ်အဘိုးကြီးက -

'သိပ်အရေးတကြီးမော့မချပါနဲ့ကွာ။ အဲ့ဒါမော့လည်း မသေပါဘူး။ သဘော်သီးဖျော်ရည်ထဲမှာ ထည့်ထားတာအဆိပ်မဟုတ်ပါဘူး။ အန်ဆေးတွေပါ။ မင်းထောင်ကျသွားတာ အမှုတစ်ခုကွ။ နယ်စပ်မှာ ကျူးလွန်ခဲ့တဲ့အမှုကမပေါ်ဘူးကွ။ သက်ဆိုင်တဲ့သူတွေက တိုင်တန်းတဲ့တိုင်အောင် မျက်မြင်သက်သေမရှိတော့ မင်းဟာကွင်းလုံးကျွတ်လွတ်သွားဖို့ရှိတယ်။ ဒါကြောင့် ခုလိုစီမံရတာပဲ' ဟု ပြောလိုက်ရာ လူငယ်က -

'ပေါက်ဖော်ကြီး ခင်ဗျားက စုံထောက်ဘက်ကပေါ့' ဟု မေးလိုက်လေ၏။

'မဟုတ်ပါဘူးကွ။ ငါက ခေါက်ဆွဲဆိုင်မှာ အငှားခေါက်ဆွဲကြော်တဲ့ကောင်ပါ။ မင်းစော်ကားခဲ့တဲ့ မိန်းကလေးကလည်း တစ်ကယ်တော့ မရှိတော့ဘူးကွ။ အဲ့ဒီအဖြစ်အပျက်ဖြစ်ပြီး မကြာခင်မှာပဲ အဆိပ်သောက်ပြီးသေသွားရှာတယ်။ စောစောက မိန်းကလေးဟာ သူ့အစ်မပေါ့။ အဲ့ဒီသူ့အစ်မက ခေါက်ဆွဲဆိုင်ဖွင့်တော့ ငါက ခေါက်ဆွဲကြော်သမားအဖြစ်နဲ့ အဲ့ဒီခေါက်ဆွဲဆိုင်ကိုရောက်သွားတယ်။ အဲ့ဒီအခါမှာ အစ်မလုပ်တဲ့သူက သူ့ညီမနဲ့သူ့အဖေရဲ့ အနဋ္ဌာရုံဇာတ်လမ်းကို ပြောပြရှာတယ်။ အဲ့ဒီဇာတ်လမ်းကိုလည်း နားထောင်ပြီးရော မင်းကိုကြိုးစင်ပို့ဖို့ ငါကြိုးစားခဲ့တာပဲ။ အဲ့ဒီလိုကြိုးစင်ပို့ဖို့ကြိုးစားခဲ့တာကလည်း မင်းခါးပြတိုက်လို့မဟုတ်ဘူး။ မင်းမီးရှို့လို့မဟုတ်ဘူး မင်းမုဒိမ်းကျင့်လို့မဟုတ်ဘူး။ မင်းကျေးဇူးကန်းလို့လုပ်ရတာ။ မင်းမှာ အန္တရာယ်ကျမှာစိုးလို့ အိပ်ခွင့်ပေးတဲ့လူတွေကို မင်းကအန္တရာယ်ပြုပြီးပေးသွားတယ်။ ဒါဟာအင်မတန်ကြီးမားတဲ့ ကျေးဇူးကန်းမှုကြီးပဲ အဲ့ဒီတော့ လောကကြီးကိုချစ်မြတ်နိုးတဲ့လူတိုင်း ကျေးဇူးကန်းတဲ့လူကိုရွံမုန်းကြတယ်ကွ။ ဒီတော့လောကကြီးမှာ မင်းမရှိသင့်တော့ဘူး ကြိုးစင်တက်ဖို့လိုက်သွားပေတော့' ဟု ပြောလိုက်ချိန်၌ပင် လူငယ်သည်လက်ထိပ်ခတ်ခံရလေတော့၏။

ထို့နောက် လူငယ်အား ဆွဲ၍ခေါ်သွားကြလေ၏။ တရုတ်အဘိုးကြီးသည် တရားသူကြီးနှင့်တကွ အားလုံးကိုနှုတ်ဆက်လိုက်လေ၏။ ထို့နောက် သူ၏ကြိုးနှစ်ချောင်းတပ် တယောလေးကို ကောက်ယူကာ လုပ်ငန်းတာဝန်ပြီးဆုံးသွားပြီဖြစ်သဖြင့် တယောကိုလက်သံစမ်းလိုက်လေတော့၏။

ထိုအခါ လူငယ်သည် အသံလာရာဆီသို့လှည့်၍ကြည့်လိုက်လေ၏။ တရုတ်အဘိုးကြီးသည် လူငယ်အားပြုံးပြလိုက်လေ၏။

'ဟေ့သူငယ် မနက်ဖြန်မှာ ကကတစ်ပေါင်းနဲ့ထမင်းစားချ တယ်ဆိုကွ။ မနက်ဖြန်မှာ စားလို့ရဘူးလို့ ငါပြောခဲ့တယ်မဟုတ်လား။ တစ်ကယ်ပြောတာကွ။ မင်းကို ငါလှောင်နေတာမဟုတ်ဘူး

ရှုံးနိမ့်သွားတဲ့သူကို ငါမလှောင်တတ်ပါဘူး။ တစ်ကယ်လို့များ မင်းသေဒဏ်မကျရင် ငါ့ဆီတစ်ခေါက်ပြန်ခဲ့ပါဦး။ မင်းစားချင်တဲ့ ကကတစ်ပေါင်းကို ငါချက်ကျွေးပါမယ်။ ငါ့နာမည်လည်းမှတ်ထားဦးပေါ့ ထမင်းချက်ကောင်းတဲ့ ဦးဂွမ်တီ၊ ဒါမှမဟုတ် ဦးတောက်လှ၊ ဒါမှမဟုတ် မုတ်ဆိတ်ဖြူဆိုရင် လူတိုင်းသိပါတယ်ကွာ' ဟု ပြောလိုက်လေ၏။

မုတ်ဆိတ်ဖြူကြီးသည် စိတ်ရင်းအတိုင်းပြောလိုက်ခြင်းဖြစ်၏။ သေကံမရောက်၍ လွတ်လာလျှင်လည်း ထိုလူဆိုးကို ကျေကျေနပ်နပ်ကြီး ချက်ပြုတ်ကျွေးမွေးနိုင်သော နှလုံးသားမျိုးလည်း ထိုထမင်းချက်ကြီး၌အမှန်တစ်ကယ်ရှိ၏တကား ။ ။

(ကျွန်ုပ်ရေးမည့်ဝတ္ထုမှ အဓိကဇာတ်ကောင် မုတ်ဆိတ်ဖြူကြီးကား ဤသို့သောလူစားမျိုးဖြစ်၏တကား -

စာရေးသူ။)

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိင်္ခ

''နာခါကိန်းပြယုဂ်များ''

မင်းဟန်

နံနက်ခင်း ......။

နို့ဝင်ဘာဆောင်းလ ....။

မြူနှင်းများအုပ်ဆိုင်းကာ တောတောင်တစ်ခွင်လုံးသဲသဲကွဲကွဲ မမြင်ရ၊ တောရိပ်တောင်ရိပ်တွေကြောင့်လည်း အအေးဓါတ်ကပိုပြီး လွှမ်းကဲနေသည်။ နံနက်ရှစ်နာရီကျော်သည့်တိုင်နေရောင်ခြည်ကိုမ မြင်ရသေး။

ကျွန်းနီချောင်းရေပြင်ပေါ်တွင် ရေခိုးရေငွေ့များဖြင့် ဖုံးလွှမ်း နေသည်။

ချောင်းအတွင်းမှ လှေတစ်စီး။

လှေပေါ်မှ ကိုမှူကြီး .... ကိုမှူကြီးတစ်ယောက်လှေကို အသာအယာလှော်ရင်း ကွန်ပစ်ရမည့်နေရာကို ရှာဖွေနေခြင်းဖြစ် သည်။ နံနက်ခင်းအလှကို ပုံဖော်နေသည့်ငှက်အပေါင်းတို့၏ အော် မြည်သံများကိုကြားနေရသည်။ သို့နှင့် လှေကိုကျွန်းနီချောင်းမှ ရိုး ချောင်းထဲကွေ့ဝင်လိုက်သည်။ တောင်နှင့် နီးကပ်လာ၍ ပိုပြီးအေးစိမ့် လာသည်။

လှေဝမ်းထဲမှ မဖြစ်စလောက်ငါးများကို ကြည့်ပြီးစိတ်ပျက်မိ သည်။ ဟင်းစားတောင်မရသေး။ ချောင်းအကွေ့ရောက်တော့ ကွန်ပစ် ကွင်းတစ်ခုကိုတွေ့၍ ပိုက်ကွန်ကိုလေထဲတွင် လှလှပပလေးဝဲပျံပြီး ပစ်ချလိုက်သည်။

ပိုက်ကွန်ကို နေရာတစ်ကာလျှောက်ပစ်၍မရ၊ ရေအောက် တွင် ငုပ်၊ ဆူး၊ နွယ်ပင်များရှိနေလျှင်မလွယ်၊ ရေအတိမ်အနက်ကို လည်းချိန်ဆရသည်။ ရေအောက်တွင် မမြင်ရသော ငုပ်၊ ဆူးများက ပိုက်ကွန်ပျက်စီးသွားနိုင်သည်။

ခုတော့ . . . ဒီနေရာက ပစ်ကွင်းအသစ်ဖြစ်၍ စိတ်တထင့်ထင့်။ ထင်ထားသည့်အတိုင်းပင် ပိုက်ကွန်ကိုဆွဲတင်၍မရ။ ရေအောက်တွင် တစ်စုံတစ်ခုနှင့် ငြိနေဟန်ရှိသည်။

လှေကို အသာအယာ ရှေ့တိုး . . . နောက်ဆုပ်လုပ် . . . ပိုက်ကွန်ကြိုးကို အလျော့အတင်းလုပ်ပြီးဆွဲသော်လည်းမရ။ ဒီရေထဲ ချမ်းအေးရတဲ့အထဲ ရေထဲဆင်းပြီးပြဿနာကို ဖြေရှင်းရတော့မည်ဖြစ်သည်။ ပိုက်ကွန်ကလည်းအဖာများစွာနှင့် ညှာပြီးသုံးနေရသည်။ တစ်အားဆောင့်ပြီးမဆွဲရဲ။

အလွန်အေးချမ်းရတဲ့အထဲ ရေအောက်ထဲဆင်းရမည်ဆိုတော့ ကိုမှုံကြီးတစ်ယောက် ဘာမျှစဉ်းစားမနေတော့ လှေပေါ်မှ ရေအောက်ထဲဆင်းငုပ်ရတော့သည်။ ဖြစ်ချင်တော့ ပိုက်ကွန်မှာသံကွင်းကိုင်းတစ်ခုနှင့် ငြိတွယ်ရစ်ပတ်နေခြင်းပင်။ အဖြုတ်ရခက်၊ အဖြည်ရခက်နေ၍ ၎င်းသံကွင်းကိုပင် ဆွဲမယူရသည့်အထိဖြစ်လာသည်။

သံကွင်းနှင့် ဆက်နေသည့်အရာက ရေအောက်ကြမ်းခင်းနုံးမြေထဲတွင် ထက်ဝက်နီးပါးမြုပ်နေ၍ ဇော်တော်နှင့်ဖေါ်ယူ၍မရ။ ကိုမှုံကြီးတစ်ယောက်ရေပေါ်ပြန်တက် အသက်ဝအောင်ရှူ ရေထဲပြန်ဆင်းငုပ်နှင့် သုံးလေးကြိမ်ထက်မနည်းခက်ခက်ခဲခဲမနည်း လုပ်ယူရသည်။ ခုနချမ်းအေးသည့်ဒဏ်များပင် ကွယ်ပျောက် သွားချေပြီ။

သံသေတ္တာငယ်တစ်လုံး။

အလျားနှစ်ပေကျော်ကျော်၊ အနံတစ်ပေ၊ အမြင့်ကိုးလက်မရှိသံသေတ္တာ။ ရွှံ့နွံများ ဗိုင်းခဲထား၍လေးလံလွန်းလှသည်။ စောစောစီးစီးရေအောက်ထဲမှ မထင်မှတ်ပဲရ၍ စိတ်ဝင်စားသွားသည်။ ကိုမှုံကြီး သေတ္တာငယ်ကို ခက်ခဲစွာဆွဲဖေါ်ယူပြီး ကမ်းစပ်သို့တက်လာခဲ့သည်။ ပိုက်ကွန်နှင့် တွဲထားသည့် ခဲသီးတစ်ချို့လည်း ပြုတ်ထွက်ကုန်သည်။

ပိုက်ကွန်ကို လှေဝမ်းထဲထည့်ပြီး လှေကိုအနီးဆုံးသစ်ပင်တွင် ကြိုးချည်ထားလိုက်သည်။ လက်ကိုင်သံကွင်းမှလွဲပြီး အခြားနေရာများတွင် နွံဖုံးကြီးအသွင်ရှိနေသည်။ ရေအောက်ထဲတွင် နှစ်အတန်ကြာ

အောင်တည်ရှိခဲ့ပုံပေါ်သည်။ ရွှံ့နွံများ ကင်းစင်သွားအောင်ရေနှင့် အတော်ဆေးယူရသည်။ သော့ခတ်ထားသော်လည်း သော့ခလောက်မှာ ဖွဲ့စည်းပုံပျက်နေချေပြီ။ ဓါးနှောင့်နှင့် ထုချလိုက်တာနှင့် အသာ ပွင့်ထွက်သွားလေသည်။

ကိုမှုံကြီးတစ်ယောက်အနားဝန်းကျင်ကို အကဲခတ်ရာ မည်သူ တစ်ဦးတစ်ယောက်မျှမရှိချေ။ စိတ်ဝင်စားမှုများကလည်း အလိုအလျှောက်ပြင်းထန်လာသည်။ မနှစ်က မိုးတွင်းကြီးမှာ ရေထဲမျောလာသည့်သေတ္တာတစ်လုံးသွားဆယ်ရာ ရွှေထည်ပစ္စည်းအများအပြားရသွားသည့်ဖြစ်ရပ်တစ်ခုရှိနေသည်။ ကိုမှုံကြီးတော့မဟုတ်၊ ဘဝတူ တံငါသည် "အောင်သာ"ဖြစ်သည်။

ယခုလည်း ကိုမှုံကြီးသံသေတ္တာငယ်အား ကြည့်ပြီးစိတ်လှုပ်ရှားသွားသည်။ သေတ္တာအဖုံးပွင့်သွားတော့ အထဲမှာရွှံ့နွံများနှင့် လုံးထွေးနေသောအရာများ။ အားလုံးကို မူလပုံသဏ္ဍာန်ပေါ်အောင် ရေအတော်ဆေးယူရသည်။ မဲကြုတ်ကြုတ်နှင့် ဘာတွေမှန်းမသိ။ လေးတော့အတော်လေးသည်။ ရုပ်ပုံပေါ်၍မရ။ အားလုံးအရွယ်တူ၊ ဒေါင့်တူ။ ကိုးခုတိတိ။ သူဆုံးဖြတ်ချက်ချ၍မရ။ လယ်တဲယူသွားပြီးသူ့ဇနီး ဒေါ်ရွှေမိကို ဆုံးဖြတ်ခိုင်းရမည်။ ဒေါ်ရွှေမိက ရှေးဟောင်းပစ္စည်းများ ရွှေထည်ပစ္စည်းများကို ကောင်းကောင်းနားလည်သည်။ ကျောက်မျက်ရတနာတော့မကျွမ်းကျင်။

× × × × ×

လယ်တဲသို့ သေတ္တာငယ်လေးထမ်းပြီး ပြန်သွားတော့ . . .။

"ကိုမှုံကြီး . . . ရှင့်ဟာ . . . ဘာတွေတုန်း . . ."

အကြောင်းစုံရှင်းပြပြီး သေတ္တာကို ဒေါ်ရွှေမိအား အပ်လိုက်သည်။

"ရွှေကျတော့ ငါတို့ကနားမည်ဘူး။ ကျွမ်းကျင်တဲ့မင်းကိုပဲ ဆုံးဖြတ်ခိုင်းရမှာ . . ."

ဒေါ်ရွှေမိက မြို့တွင်ရွှေဆိုင်ဖွင့်ထားသော အဖိုးအဖွားတွေနှင့် တွဲလုပ်ဘူး၍ ရွှေအကြောင်းနားလည်သည်။ မှိုးရိုးကချမ်းသာသော်လည်း ဥစ္စာစနေမဲ့သောမှူးကြီးကိုယူထားသဖြင့် လယ်တောထဲတွင် ပစ်ထားခြင်းဖြစ်သည်။ တစ်နာရီကျော်လောက်ကြာတော့ ဒေါ်ရွှေမိ၏ အလန့်တကြားအော်သံကို ကြားရသည်။

"အမလေး . . . ဘီလူးတွေတော့ . . . ရွှေတော့မဟုတ်ဘူး။ ခါတ်သားတွေကို မိုလောင်းထားတာ . . ."

ဒေါ်ရွှေမိ ပြောဆိုသံကြောင့် မှူးကြီးသွားကြည့်ရာ လုံးဝမထင်မှတ်ထားသော အရာများဖြစ်နေသည်။ ရုပ်ဆင်းသဏ္ဍာန်များက တစ်စုံတည်း။ တစ်ထေရာတည်း။ ဘီလူးများအဖြစ် အသက်ဝင်လှသည်။ အသေအချာကြည့်တော့မှ ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထသွားသည်။ ထမင်းဆာနေသည့် စိတ်များပင်ပျောက်ကွယ်ကုန်သည်။

"ကြုံကြုံဖန်ဖန်တော် . . . ဒီတဲကိုရောက်အောင် သယ်လာသေးတယ် . . .။ နေမဝင်ခင်မူလနေရာကို သွားပြန်ပို့။ နို့မဟုတ်ရင်မလွယ်ဘူး။ တော်အဲ့ဒီသေတ္တာထမ်းပြီးဝင်လာကတည်းက ဘာဖြစ်မှန်းမသိဘူး။ ကြက်သီးမွေးညင်းတွေထနေတာ။"

"ငါက ရွှေချောင်းတွေ အောက်မေ့နေတာ။ ရေထဲနှစ်ပေါင်းများစွာနစ်နေလို့ သာမဲသွားတယ်လို့ထင်နေတာ။"

"ကဲပါ . . . လျှာမရှည်ပါနဲ့ . . . တော် . . ထမင်းစားပြီး မြန်မြန်သာသွားပြန်ထားပါ . . . ကျွန်မစိတ်မှာ မသိုးမသန့်နဲ့"

ကိုမှူးကြီးတစ်ယောက် ၎င်းအရုပ်များကိုကြည့်ပြီး တွေဝေလေးငိုင်းမှိုင်းသွားသည်။ အားလုံးဘီလူးကိုးကောင်၊ သေတ္တာနှင့်အကိုက် အစီအရီထည့်ထားခြင်းဖြစ်သည်။

"ကိုမှူးကြီး . . . ရှင်ဘာမှစဉ်းစားမနေနဲ့။ နေမဝင်ခင်သွားပြန်ပို့ . . . . နို့မဟုတ်ရင် မလွယ်ဘူး၊ လူတကာကိုလည်း လျှောက်

ပြမနေနဲ့။ သွား . . . သွား အချိန်အရှိတုန်းသွား . . . "

သို့နှင့် ဇနီးဖြစ်သူ ဒေါ်ရွှေမိအား ဘာမျှပြန်မပြောတော့ဘ
ဓသတ္တာငယ်အား မူလရရှိခဲ့သည့် နေရာသို့လှေနှင့် သွားပြီးရေထဲ
တွင်ပြန်လည်ပစ်ချထားခဲ့ရသည်။ ရွှံ့နွံများသန့်စင်ပြီးဖြစ်၍ သ
သေတ္တာမှာ အလာတုန်းကလောက်မလေးတော့ချေ။ စစ်အတွင်းက
ကျည်ဆံသေတ္တာပုံစံမျိုးဖြစ်သည်။ မူလအကြောင်းတရားများကို
စဉ်းစားသုံးသပ်ရန်မလွယ်။ နက်ရှိုင်းလွန်းလှသည်။

ထိုည ကိုမှုကြီးတစ်ယောက် တော်တော်နှင့် အိပ်မပျော်
ဓရနွေးကြမ်းသောက်ရင်း ဆေးပေါ့လိပ်ဖွာရင်း ညဉ့်တစ်နာရီကျော်
သွားသည်။ အရေးထဲ တဲတွင်မွေးထားသည့် "ခွေး"ငနီ အရပ်လေး
မျက်နှာဘက်လိုက်ကြည့်ပြီး၊ ဟိုဘက်ထိုးဟောင်လိုက် ဒီဘက်ထိုး
ဟောင်လိုက်နှင့် ဆောက်တည်ရာမရဖြစ်နေသည်။ ညဉ့်အမှောင်ထု
ထဲ လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်တော့ဘာမျှမမြင်ရ။ စိတ်ထဲမှာ မသိ
မသန့်နှင့် မလုံမလဲ ဖြစ်ပြီးအိပ်မပျော် . . .။ ညဉ့်ဦးယံကြက်တွေ
ပင်တွန်ချေပြီ။ ဒေါ်ရွှေမိနှင့်သူ့သားသမီးတွေကတော့ တဲပေါ်တွင်
တစ်ခေါခေါအိပ်ပျော်လျက်။

× × × × × ×

"ကျုပ်တို့ကို ခုဘုရားတည်နေတဲ့ ဆိုင်တမော့တောင်ခြေနား
က 'အုတ်စိုး' တောကို ပြန်ပို့ပေးပါ။ ရေအောက်ထဲမှာနေရတာ နှစ်
ပေါင်းမနည်းတော့ဘူး။ ကျေးဇူးမမေ့ပါဘူး . . . "

နံနက်လေးနာရီထိုး ရွာဦးကျောင်းမှ ကုလားတက်ခေါက်သံ
နှင့်အတူ ကိုမှုကြီးလန့်နိုးသွားသည်။ ဘယ်အချိန်အိပ်ပျော်သွားသည်
မသိ။ အိပ်မက်ထဲတွင် များပြားလှစွာသော ဘီလူးများက တောင်း
ခတောင်းပန်ပန်စုပေါင်း၍ လာပြောနေခြင်းဖြစ်သည်။

ဒီပြဿနာကမသေး။ လွယ်လွယ်နှင့် ဆုံးဖြတ်၍မရ၊ နံနက်

ဘစားပြီး ရွာဦးကျောင်းဆရာတော်ဆီသို့ ဒေါ်ရွှေမိနှင့် အတူသွား ကြသည်။ ကိုမှုံကြီးမှ ဆရာတော်အား အဖြစ်အပျက်များကို တင်ပြ လျှောက်ထားလိုက်သည်။ ဆရာတော်သည် အတန်ကြာအလေးအ နက်စဉ်းစားပြီး . . . . ။

"ဒကာကြီး . . . ဒီကိစ္စက မသေးဘူး။ ပေါ့ပေါ့တန်တန်လုပ် လို့မရဘူး။ လွယ်လွယ်နဲ့ဆုံးဖြတ်လို့မရဘူး။ ဘုန်းကြီးတို့ထေရဝါဒ နဲ့ဆိုရင် အပြုသဘောဆောင်ပြီး ကျွတ်လွတ်သွားအောင် လုပ်ပေးရ မယ့် သဘောရှိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မြင်အပ်၊ မမြင်အပ် မကျွတ်လွတ်သေးတဲ့ သတ္တဝါအပေါင်းကိုတောင် မေတ္တာပို့အမျှ ဝေရ သေးတာ။ ဒါကလည်းအပိုင်းတစ်ပိုင်းပေါ့လေ။ ဒါပေမယ့် ခုကိစ္စက ရှုပ်ထွေးနက်ရှိုင်းတဲ့သဘောရှိတယ်။ ဒကာကြီး သဘောထားကကော ဘယ်လိုဆောင်ရွက်ချင်သလဲ" . . . ?။

"တပည့်တော်ကတော့ အဲ့ဒီရေထဲကသေတ္တာကို သွားပြန်ရှာ ပြီးပို့ပေးရင်ကောင်းမလား . . . ။ မကောင်းဘူးလားနဲ့ ဆုံးဖြတ်ရ ခက်နေတယ် . . . ။"

ထိုအခါ ဆရာတော်က ဆက်၍

"ထူးထူးခြားခြား တိုက်ဆိုင်မှုတွေတော့ရှိနေတယ်။ ဘာဖြစ် လို့လည်းဆိုတော့ ဟိုတစ်လောက ဘုရားတည်တဲ့ ဆရာတော်ကြွလာ ပြီးကျုပ်ကို ဘာပြောတယ်အောက်မေ့လည်း . . . ကိုယ်တော် . . . ကိုယ်တော်မှာ ရှေးဟောင်းဘီလူးရုပ်တွေမရှိဘူးလား လို့မေးတယ်။ ကြံကြံဖန်ဖန်ဗျာ . . . ဘာလုပ်ဖို့လည်း ဆိုတော့ . . . ခုဘုရားတည် တဲ့နေရာက ဘီလူးကုန်းနဲ့ ဆက်တော့ သူတို့အတွက်နေရာလုပ်ပေး ဖို့ပါလို့ပြောတယ်။"

ဆရာတော်၏စကားများကြောင့် ကိုမှုံကြီးနှင့် ဒေါ်ရွှေမိ တစ်အံ့တစ်ဩဖြစ်သွားသည်၊ ဆရာတော်သည် ရေနွေးကြမ်းငုံ့ သောက်ရင်းအလေးအနက်စဉ်းစားဟန်ဖြင့် . . . ။

"ဒကာကြီး လောကကြီးမှာရှုပ်ထွေးနက်နဲမှုတွေ များလှန်း

လှတယ်။ တော်တော်များများ ကိစ္စတွေမှာ ဘုန်းကြီးတို့ညဏ်မမှီဘူး။ ဆရာတော်အနေနဲ့ကတော့ ထူးထူးခြားခြားတိုက်ဆိုင်မှုတွေ ကလည်း ရှိတော့ အိပ်မက်ထဲကအတိုင်း ဆောင်ရွက်ပေးစေချင်တယ်။ အဲ . . တစ်ခုတော့ရှိတယ် . . . ဖိုးသူတော်နဲ့ ဆွေးနွေးကြည့်ပါလား . . ။ သူကနက္ခတ်ဗေဒင် . . . အင်း . . . အင်္ဂရတ်အားလုံးလိုက်စားတော့ ပိုပြီးနီးစပ်တယ်။"

ဆရာတော်၏အကြံညာဏ်ပေးမှုကြောင့် ကိုမှုံကြီးနှင့် ဒေါ်ရွှေမိ ဖိုးသူတော်ဆီရောက်သွားသည်။ ဒီဖိုးသူတော်ကျတော့တစ်မျိုး၊ ကျောင်းအိပ်ကျောင်းစား၊ ဝိုင်းလုပ်ဝိုင်းစားမဟုတ်။ ကျောင်းဝန်းထဲမှာ မနေ။ ကျောင်း၏အပြင်မြောက်ဘက်တွင် ဝါးခနီအိမ်လေးကိုသပ်သပ် ရပ်ရပ်ဆောက်ပြီး သူတစ်ဦးတည်းနေသည်။ ဖန်းတောရွာတွင်မွေးပြီး ကြီးပြင်းလာသူဖြစ်သည်။ ဆေးလိပ်၊ ကွမ်း၊ အရက်၊ မိန်းမ အားလုံး နှင့် လွတ်ကင်းသူဖြစ်သည်။

ငယ်နာမည်မှာ "မောင်ဆန်း"ဖြစ်ပြီး တစ်ရွာလုံးတွင် ထူးထူး ခြားခြားအသားဖြူသူဖြစ်သည်။ မျက်နှာဝိုင်းဝိုင်းနှင့် ကိုယ်လုံးကိုယ် ပေါက်တောင့်တင်းခိုင်မာသူဖြစ်သည်။ ဖိုးသူတော်ဟု အမည်တွင်ရ ခြင်းမှာလည်း အပေါ်အဖြူ အောက်အဖြူ အမြဲဝတ်ဆင်ထား၍ဖြစ် သည်။ ဖိုးသူတော်တစ်ယောက် ဖိုထိုးနေ၍ အကြာကြီးထိုင်စောင့်ရ သည်။

ဖိုးသူတော်ဒေါ် ဦးဆန်းသည် အသက်လေးဆယ်ကျော်သော် လည်း စကားပြောသွက်လက်ပြီး အရွယ်နှင့်မလိုက်အောင် အလွန် လျှင်မြန်ဖြတ်လတ်သူလည်းဖြစ်သည်။ သူ၏ခန္ဓာကိုယ်က ကြောင်တစ် ကောင်လိုပေါ့ပါးသွက်လက်နေသည်။

ကိုမှုံကြီး၏ပြောပြချက်များကို နားထောင်ရင်းသူ၏ မျက်လုံး များက တောက်ပဝင်းလက်သွားသည်။

"ဒီအရောင်အဆင်း အတိုင်းဆို ဓါတ်သားတွေဗျ၊ ဝိညာဉ် တွေသွင်းထားတဲ့ နာမ်ကိန်းပစ္စည်းတွေဗျ။ ကြုံတောင့်ကြုံခဲရခဲပေ

ြင်းဗျာ။"

ဖိုးသူတော်က သူ့အယူအဆများကို ပြောရင်း . . . ပြီးမှ

"ဒီလိုလုပ်ဗျာ၊ ဒီနေ့တော့ အချိန်မရတော့ဘူး . . နက်ဖြန်
နက်ရှစ်နာရီ လှေဆိပ်ကိုလာခဲ့မယ်"

× × × × × × ×

ကျွန်းနီချောင်းကိုကျော်ပြီး ရိုးချောင်းထဲရောက်တော့ ကိုးနာရီ
ကျော်ကျော်ရှိချေပြီ။ ချောင်းကွေ့ရေသပြုပင်ကြီးရောက်တော့ ကိုမှုံကြီး
. . .

"ဖိုးသူတော် . . . ဒီနေရာပဲဗျ"

"အေးဗျာ . . ခင်ဗျားကတွေ့လည်းတွေ့ . . . အိပ်မက်လည်း
ပြပေးထား . . . ဆရာတော်ကလည်း . . . ဆန္ဒရှိထားတော့ တွေ့
အောင်ရှာပြီးဆက်လက်ဆောင်ရွက်ကြရတာပေါ့"

ဆောင်းရာသီဖြစ်သော်လည်း နေမြင့်လာ၍ အအေးဓါတ်က
း‌ဖြေးဖြေးလျှော့နည်းသွားလေသည်။ သို့သော်လည်း တစ်ခါတစ်ရံ
ာတောင်များကိုဖြတ်သန်းပြီး တိုက်ခိုက်လာသော လေများက
ျွန်အေးစိမ့်လွန်းလှသည်။ ဖိုးသူတော်နှင့် ကိုမှုံကြီး သံသေတ္တာ
လည်ထားခဲ့သောနေရာအား အကြိမ်ကြိမ်အခါခါ ရှာသော်
ည်း လုံးဝမတွေ့တော့ချေ။ ၎င်းနေရာနှင့် အခြားနေရာများကို သုံး
င်ကျော်ကျော်ရှာသော်လည်း မတွေ့တော့ချေ။ နောက်ဆုံး ခန္ဓာ
ည်မှ အအေးဒဏ်ကိုမခံနိုင်တော့မှ ပြန်လာခဲ့ကြသည်။ အပြန်လမ်း
် အားလုံးကငြိမ်သက်တိတ်ဆိတ်လျှက်။ လှေဆိပ်ရောက်တော့
ကြီးမှ . . .

"ဖိုးသူတော် . . . လုံးဝရှာမတွေ့တော့တဲ့ အကြောင်း ဆရာ
ာ်ကို ပြန်လျှောက်လိုက်ပါဦး"

"အေးပါဗျာ . . . ကျွန်တော် ဆရာတော်ကို အကျိုးအ

ကြောင်းပြန်လျှောက်လိုက်ပါ့မယ် . ."

× × × × × × ×

ဝှင်းကိစ္စများကို မေ့မေ့ပျောက်ပျောက်နေလိုက်သည်။

ဆယ်ရက်လောက်ကြာတော့ . . .။

နံနက်ကိုးနာရီကျော်ကျော်အချိန် . . . ကိုယ်ရင်လေးနှင့်
ကျောင်းသားလေးနှစ်ယောက် လယ်တဲသို့ရောက်လာပြီး

"ဒကာကြီး . . . ဒကာကြီး . . . ဒကာကြီးတို့ကို ဆရာတော်
ခေါ်နေတယ်။ ခုချက်ခြင်းလိုက်လာခဲ့ပါတဲ့ . . ."

"ဟေ . . . ဟုတ်လား . . . ဘာကိစ္စလည်း ကိုယ်ရင် . . .

"ဆရာတော်က ဘာမှမပြောရဘူးလို့မှာလိုက်တယ် . .

အင်မတန်မှ ထူးခြားလွန်းလှသည်။ တစ်ခါမှ ဒီလိုလာမခေါ်
ဘူးချေ။ ကျောင်းရောက်တော့ ကျောင်းအဝင်တံခါးမကြီးပိတ်ထား
သည်။ ကျောင်းပေါ်တွင် ဆရာတော်ရှိဟန်မတူ။ ကျောင်းဝန်းထဲတွင်
လည်း သူကြီးနှင့် ပြည်သူစစ်အဖွဲ့ဝင်များ ရွာထဲမှ လူသူအစုံကိုတွေ့
နေရသည်။ အားလုံးကမျက်နှာ မသာမယာနှင့်။ တစ်ခုခုတော့ တစ်ခု
ခုပဲ။ ရွာထဲမှ လူအများက ကိုမှုံကြီးတို့ လင်မယားကို အထူးအဆန်း
သဖွယ်ဝိုင်းကြည့်နေကြသည်။ ကိုယ်ရင်လေးက ဖိုးသူတော်နေသည့်
အိမ်သို့ခေါ်သွားသည်။ ခေါင်းရင်းဘက်တွင် ဆရာတော်က မျက်နှာ
မကြည်မလင်နှင့် ထိုင်နေသည်။ ဆရာတော်နှင့် မလှမ်းမကမ်းကြမ်း
ခင်းပေါ်တွင် ဖျာလိပ်ကြီးနှင့်ပတ်ပြီး ကြိုးချည်ထားသည့်အရာတစ်ခု
ရှိနေသည်။ ဆရာတော်က . . ကိုမှုံကြီးနှင့် ဒေါ်ရွှေမိ ထိုင်၍ဦးချ
အပြီးတွင် . . .

"ဒကာကြီး . . . အဲ့ဒါ ဘယ်သူလဲ . . . သွားကြည့်ပါဦး"

အခြေအနေကို ကိုမှုံကြီးချက်ခြင်းရိပ်စားမိလိုက်သည်။ ဆရာ
တော်၏ပြောစကားကြောင့် ဖျာလိပ်ကြီးနှင့် ပတ်ထားသည့်အရာအ

ဘွားကြည့်လိုက်သည်။ ဖျာလိပ် အပြင်ဘက်ထုတ်ထားသည့် ဦးခေါင်း မျက်နှာပိုင်းကို အဝတ်ကလေးနှင့် အုပ်ထား၍အသာလှပ်ကြည့်လိုက်သည်။

မြင်လိုက်ရသောမြင်ကွင်းကြောင့် လန့်ဖြန့်သွားပြီး ကြက်သီးမွေးညှင်းထသွားသည်။ တစ်သက်နှင့် တစ်ကိုယ်ဒီမြင်ကွင်းကို မေ့ပျောက်နိုင်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် မျက်နှာတစ်ခုလုံးက ဘီလူးရုပ်ကြီးဖြစ်နေသောကြောင့်တည်း။

"ဒကာကြီးရာ ညနှစ်ရီကျော်လောက်တည်းက ခွေးတွေထိုးဟောင်နေတာ အတော်မသက်ပဲ။ အဲဒါနဲ့ ဆရာတော်လည်း မသက်ာတာနဲ့ ကျောင်းအောက်ဆင်းပြီး လက်နှိပ်ဓါတ်မီးနဲ့ထိုးကြည့်တာ ခွေးတွေက ဖိုးသူတော်နေတဲ့ အိမ်ဘက်ကိုကြည့်ပြီး ထိုးဟောင်နေတာ။ တစ်ခါမှ ဒီလိုမဟောင်ဘူး . . ."

"မနက်မိုးလင်းတော့မှ မသက်ာလို့ ဖိုးသူတော်ဆီသွားနေကြတဲ့ ကိုယ်ရင်လေးကို သွားကြည့်ခိုင်းတာ ဘုရားစင်ရှေ့မှာ ဆန့်ဆန့်ကြီးသေနေတာ။ ကိုယ်ရင်လေးက ကြောက်လန့်တစ်ကြား ပြန်ပြေးလာပြီးပြန်လျှောက်တာ။"

အနီးပတ်ဝန်းကျင်တွင် အော်ဟစ်ငိုယိုနေသော ဖိုးသူတော်ဦးဆန်း၏ မိဘဆွေမျိုးညီအစ်ကိုမောင်နှမများ၏ ငိုရှိုက်နေသောအသံများက ပဲ့တင်ရိုက်ခတ်နေသည်။ ဘယ်လိုဖြစ်ပြီး ဖိုးသူတော်မျက်နှာ ဘီလူးရုပ်ကြီးဖြစ်သွားရတာလည်းဟု စဉ်းစား၍ မဆုံးခင်မှာပင် ဆရာတော်က . . .၊

"ဒီ သံသေတ္တာလေးက ဒကာကြီး ရိုးချောင်းထဲပြန်ပစ်ချခဲ့တဲ့ သေတ္တာလေးလား . . ."

ဆရာတော်မှ အနီးရှိ သံသေတ္တာလေးအားလက်ညှိုးထိုးပြပြီးမေးရာ . . .

ကိုမှုံကြီး ပိုပြီးအံ့ဩသွားလေသည်၊ ရိုးချောင်းထဲသို့ ပြန်ပစ်ချခဲ့သော သံသေတ္တာလေး . . . ဘယ့်နှယ်လုပ်ပြီးဒီကိုရောက်နေပါလိမ့်

ဆရာတော်မှ တစ်ဆက်တည်း

"ဒီအထဲက ပစ္စည်းတွေကိုလည်း ကောကြီးကြည့်ပါဦး . . မူလပစ္စည်းတွေကော ဟုတ်ရဲ့လား . . ."

ကိုမှုကြီးရော ဒေါ်ရွှေမိပါ ပြုင်တူသေတ္တာထဲငုံကြည့်လိုက် သည်။ သေတ္တာထဲတွင် ရွှေရောင်တစ်ဝင်းဝင်းတောက်နေသော ဘီလူ ရုပ်များ။

"ဒီပစ္စည်းတွေပါပဲ ဆရာတော် . . . ဒါပေမယ့် . . . တပည့် တော်တို့ အရင်ရခါစတော့ မဲမဲကြုတ်ကြုတ်တွေပါ။ ခုမှ ရွှေရော ပြောင်းသွားတာပါ။"

ဆရာတော်မှ မည်သို့မျှ စကားဆက်မဆို့တော့ပဲ အနီးတွ ရှိနေသော သူကြီးအား . . .

"ကဲ . . . ဖိုးသူတော်အလောင်းကို ခုချက်ခြင်းမီးသင်္ဂြိုဟ် စီစဉ်၊ အခေါင်းမလုပ်နဲ့၊ ဖျာလိပ်နဲ့ပတ်ပြီးသာသယ်သွား . . ." ရွာလယ်လမ်းက မသယ်နဲ့ . . ရွာနောက်ဖေးလမ်းကြားကသယ် အဲ ကိစ္စကို ဦးကံကြီးနဲ့အဖွဲ့က အုတ်စိုးတောရွာ ဘုရားတည်နေတဲ့ ဆရ တော်ဆီကို ဒီပစ္စည်းတွေ သေသေချာချာသွားအပ်။ ဖိုးသူတော်အ လောင်းကို သယ်သွားတာနဲ့ အိမ်ကိုဖျက်ပစ်။ ကျောင်းဝင်းထဲဝင် အပေါက်ကိုလည်းပိတ်။"

ဆရာတော်မှ အဖွဲ့များဖွဲ့ကာ အသီးသီးတာဝန်ပေးပြီး ပရိ တော်များ ရွတ်ဖတ်သရဇ္ဈာယ်လေသည်။ ဦးကံကြီးနှင့် ပြည်သူ့ အဖွဲ့ဝင်များ မိဘဆွေမျိုးများ ဖိုးသူတော်အလောင်းအား သုသာ သို့သယ်သွားစဉ် တစ်ရွာလုံးရှိခွေးများ ဟောင်သည်မှာ ကြွက်ကြွ ညံသွားလေသည်။ အလောင်းကိုမီးတင်ရှို့တော့လည်း မီးမစွဲ အတော်ကို ရှို့ယူရသည်ဟုဆိုသည်။

ကျောင်းဝန်းထဲ ဘုရားတည်သည့်နေရာ သွားရောက်ပို့ မည့်လှည်းရောက်တော့ အားလုံးတက်ကြသည်။ နွားများက ပေက ကပ်လုပ်ကြီး လုံးဝမသွားတော့ချေ။ အောက်ဆင်းပြီး နွားဖားကြီးခွဲ

လည်းမရ၊ သို့ဖြစ်၍ ဆရာတော်အားပြန်လျှောက်ရသည်။ ဆရာတော်မှ စကားတစ်ခွန်းသာဆိုသည်။

"ဒီလောက်ဆို သဘောပေါက်ပါတယ်"

ဆရာတော်ကိုယ်တိုင် လှည်းပေါ်တက်၊ ဘီလူးကိုးကောင်ထည့်ထားသော သံသေတ္တာငယ်အားယူလိုက်တော့မှ နွားများက အေးအေးဆေးဆေး ငြိမ်ငြိမ်သာသာ ထွက်ခွာသွားလေတော့သည်။

× × × × × × ×

အဖြစ်တရား . . . အပျက်တရားများ၏ ပြောင်းလွဲမှုများက အလွန်ပင်လျှင်မြန်လွန်းလှသည်။

ရင်းည ဒေါ်ရွှေမိတစ်ယောက် "ဗိုက်အောင့်တယ် . . . ဗိုက်အောင့်တယ်" ဆိုပြီး အသည်းအသန်ဖြစ်၍ ညတွင်းချင်းတိုက်နယ်ဆေးရုံသို့လှည်းနှင့် တင်ပို့ရသည်။ ဆေးရုံမရောက်ခင်လမ်းခုလပ်မှာပင်သေဆုံးသွားလေသည်။ "လ"လည်းမမြင်ရ၊ ကြယ်လည်းမစုံ ညမှောင်နှင့်မည်းမည်း လှည်းပေါ်တွင် ဒေါ်ရွှေမိအလောင်းအား ပွေ့ဖက်၍အသည်းကွဲမတတ်ခံစားခဲ့ရသည်၊ ကိုမှုံကြီး ပါးပြင်ထက်ဝယ်စီးကျနေသော မျက်ရည်စက်များသည် ပူလောင်လွန်းလှချေ၏။

ဒေါ်ရွှေမိအား ချိုးပြေးသည့်ည ရင်ခွင်ထဲထွေးပိုက်ထားသည့်ခံစားမှုနှင့် လားလားမျှမဆိုင်။ အရွယ်သုံးပါးလိုက်၍ အချိန်အခါများအဖြစ်ပျက်များကား ကွာခြားလွန်းလှချေ၏။ လူ့ဘဝဟူသည် အနိမ့်အမြင့် အတက်အဆင်းမညီညာသော ရေစီးကြောင်းတစ်ခုနှယ်မဟုတ်ပါလား။ အမြဲတမ်းပြောင်းလွဲနေသော နာမ်ကိန်းပြယုဂ်များစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားလေသည်။

ကိုမှုံကြီး၏ ရင်ထဲတွင် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မခံစားရဘူးသေးသော ဆွေးမြေ့နာကြင်သော ဝေဒနာများကို အကြီးအကျယ်ခံစားရလေသည်၊ အထီးကျန်ဆန်လွန်းသောအကြောင်းတရား

များက ဘဝတစ်ခုလုံးအား မွှန်းကြပ်ချောက်သွေ့စေသည်။

× × × × × × ×

"ဖြူဖြူဖွေးဖွေးလှပစွာသပ်ပါယ်လွှန်းနေသည့် သဲပုံစေတီလေတိုက်တိုင်းထိတွေ့ရိုက်ခတ်မှုကြောင့် မြည်နေသည့် ဆည်းလည်းသံများ။"

အလွှန်အမင်းအိုယွင်းနေသည့် ဘုန်းတော်ကြီးတစ်ပါး။

"ဦးဇင်းကြီး နေ့ဆွမ်းဘုန်းဖို့ အဆင်သင့်ဖြစ်နေပြီ"

ကိုယ်ရင်လေးတစ်ပါး၏ လာရောက်လျှောက်ထားပြောဆိုမှုအသံကြောင့် အတွေးအမျှင်များပြတ်တောက်သွားသည်။ လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ကျော်က ဖြစ်ပျက်ခဲ့သော အတိတ်မှ အရိပ်များကိုစဉ်းစားရင်း သက်ပြင်းချမိသည်၊ ယခင်ဖိုးသူတော်နေခဲ့သော တဲအိမ်နေရာလေးမှာ အရံစေတီငယ်လေးများဖြင့် ပြည့်နှက်နေချေပြီ။ ဦးဇင်းကြီးသည် နေ့ဆွမ်းဘုန်းရန် ကျောင်းတော်ပေါ်သို့လေးကန်သောခြေလှမ်းများဖြင့် ကြွသွားလေသည်။ ထိုဦးဇင်းကြီးမှာ ကိုမှုံကြီးပင်ဖြစ်ပါတော့သည်။

မင်းဟာန်

ဦးမင်းဟာန်
သဲလမ်း၊ မြောက်ပိုင်း၊
ညောင်သုံးပင်ရပ်
သန်လျင်မြို့။
ဖုန်း - ၀၅၆/ ၂၂၁၃၈

နောင်တာ၏နောက်မှာ

မောင်မောင်စိန်ဒွေး

(၁)

ကိုလှမောင် လှေဝမ်းထဲတွင်ထည့်ထားသော ငါးများကို လှမ်းကြည့်သည်။ ငါးသေးလေးများကလွတ်လိုလွတ်ငြားထ၍ခုန်နေကြသည်။ အကယ်၍လှေဘေးမြစ်ထဲသို့ ကျသွားမည်ဆိုလျှင် သူရှာထားသောငါးများလွတ်သွားနိုင်သည်။ သူ့အတွက်ဝင်ငွေလျော့သွားမည်။ ကိုလှမောင်လက်ထဲမှ လှော်တက်နှင့် လှေဝမ်းဗိုက်အတွင်းရှိငါးများကိုလှမ်းရိုက်လိုက်သည်။ တက်အောက်တွင် နှစ်ကောင်သုံးကောင်သေသွားသည်။ သို့သော်ငါးတော်တော်များများက အသက်ရှင်လျက်ရှိနေသေးသည်။ကိုလှမောင်သည် ငါးများကိုခြင်းထဲသို့အမြန်ကောက်ထည့်လိုက်သည်။ ပိုက်ကိုတက်နှင့်လျှို၍ထမ်းကာ ငါးခြင်းကိုလက်ကဆွဲပြီးအိမ်ဆီသို့ခပ်သွက်သွက်ပြန်လာသည်။

မခင်ကြည်က ငါးဖမ်းကိုချ၍ ကိုလှမောင်ကိုမျှော်နေသည်။ ကိုလှမောင်ရောက်သည်နှင့် လက်ထဲမှခြင်းကိုပြေးယူသည်။ သူ့ငါးဖမ်းပေါ်ကျလာသောငါးကလေးတစ်ချို့မှာ တဖျတ်ဖျတ်နှင့်ခုန်နေသည်။ ငါးဗန်းအပြည့် ငါးတွေကိုတွေ့ရသဖြင့် မခင်ကြည်ပျော်သွားသည်။ ဒီလိုငါးတွေများများစားစားရလျှင် စားဝတ်နေရေးအပြင် အပိုငွေစုဆောင်းနိုင်သည်။ နောက်ပြီး သားလေးမောင်ထွေးက ကျောင်းတက်နေပြီဖြစ်ရာ မကြာခင်ရှင်ပြုရဦးမည်၊ ရှင်ပြုဖို့အတွက် ငွေတွေစုဆောင်းဖို့ရှိသည်။

"သားရေ . . . အမေထမင်းချိုင့်ထည့်ပေးထားတယ် ခေါင်းချီးပြီးကျောင်းသွားတော့နော် . . ."

"ဟုတ်ကဲ့ အမေ . . ."

"ကိုလှမောင် . . . ရှင့်သားကို ကျောင်းပို့ပေးလိုက်ဦး . . ."

"အေးပါဟာ . . . သွားရောင်းမှာသာရောင်း နောက်ကျနေဦးမယ် . . ."

"ကိုလှမောင် . . . နောက်နေ့တွေလည်း အခုလိုငါးများများရအောင်ရှာနော် . . ။ ဒါမှကျွန်မတို့ စုမိဆောင်းမိဖြစ်မယ်။"

ကိုလှမောင် ဘာမျှပြန်မပြောတော့။ မခင်ကြည်ငါးဗန်းခေါင်းပေါ် တင်၍ရွာလည်ရှိ ဈေးတန်းလေးသို့ အပြေးတစ်ပိုင်းသွားသည်။ ဆိုင်ခုံပေါ် ငါးဗန်းချလိုက်သည်နှင့် တစ်ဦးပြီးတစ်ဦးဆိုင်ရှေ့သို့ ဝင်လာကြသည်။

"ဒေါ်လေးညိုလာလေ . . . ဒီမှာသာသာထိုးပေးလိုက်မယ်"

"ငါးတော့ဝယ်ချင်ပါတယ်အေ . . အိမ်ကအဘိုးကြီးကိုလည်း ကျွေးချင်ပါတယ်။ ဒါပေမယ့် ညည်းငါးတွေ တဖျတ်ဖျတ်ခုန်နေတော့ ကြောက်တယ်။"

"ဒါများ ဒေါ်လေးညိုရယ် . . ခက်တာမှတ်လို့ . . ."

မခင်ကြည်ကပြောပြောဆိုဆိုအနီးရှိလက်ကိုင်တုတ်ကို ယူ၍ ငါးသုံးလေးကောင်၏ ခေါင်းများကိုတခွပ်ခွပ်လိုက်ရိုက်သည်။ နှစ်ဆယ်သားအလေးထည့်၍ ငါးတွေကိုတစ်ဖက်မှာထည့်သည်။ ငါးဘက်တွင်ဇောက်ထိုးနိမ့်ချိန်ခွင်စိုက်ကျသွားသည်။

"ဒီမှာအသာကြီးပဲနော် . . . ဒေါ်လေးညို"

"အေးပါဟယ် . . . ကျေးဇူးပါပဲ"

မခင်ကြည်က ဒေါ်ညို့ဈေးခြင်းထဲသို့ ငါးများထည့်ပေးလိုက်သည်။ ဒေါ်ညိုထွက်သွားသည်နှင့် မလှရီဝင်လာသည်။ မခင်ကြည်က မလှရီမျက်နှာကိုမြင်လိုက်သည်နှင့် ဗန်းထဲကငါးသုံးလေးကောင်ကိုလက်ကိုင်ထုတ်ဖြင့်ရိုက်သည်။ ခုန်ဆွတ္တွန့်လိမ်ဖြစ်နေသော ငါးလေးများ ခေါင်းတွင် သွေးစများနှင့်ငြိမ်ကျသွားသည်။ မလှရီက သူထံနေ့စဉ်ဝယ်နေကျဖြစ်သည်။ အလုပ်သမားများနှင့် စားဖိုးကကြီးသည်။

လေးဆယ်သားအလေးထည့်၍ ငါးတွေကိုတစ်ဖက်ချိန်ခွင်ထဲထည့်ကြည့်သည်။ အလေးဘက်ကိုသာနေသည်၊ ငါးတွေထပ်ထည့်ဖို့လိုသေးသည်။ နောက်ထပ်ငါး လေး, ငါးကောင်၏ခေါင်းကို လက်ကိုင်ဘုတ်နှင့်ရိုက်လိုက်သည်။ သေသွားသောငါးများကို ချိန်ခွင်ထဲထည့်သည်။ ဒီတော့မှ ငါးထည့်သောဘက်သို့ချိန်ခွင်လျှောသာသွားသည်။ မလှရိုထံမှ ငွေတစ်ရာလျှော့ယူလိုက်သည်။ မခင်ကြည်၏စည်းရုံးရေးကောင်းမှုကြောင့် မလှရီသည်အမြဲတမ်း မခင်ကြည်ဆိုင်မှာသာ ငါးဝယ်လေ့ရှိသည်။

တစ်ယောက်ဝင်လာတိုင်း ရှင်နေသော ငါးအချို့ကို လက်ကိုင်ဘုတ်နှင့်ရိုက်ရသည်မှာ မခင်ကြည်အလုပ်ဖြစ်သည်။ တစ်ခါတည်းအကုန်းလုံးကိုသတ်မပြစ်ရ၊ တစ်ချို့ကသေလျှက်အချိန်ကြာကြာထားသောငါးကိုမကြိုက်။ လတ်လတ်ဆတ်ဆတ်ခုချက်ချင်းရိုက်၍ ဝယ်ချင်သူတစ်ချို့ရှိသည်၊ ဒီတော့ငါးတွေကိုသတ်မပြစ်ပဲ တစ်ချို့အရှင်ထားသည်။ ဝယ်သူလာမှ ငါးခေါင်းကိုခွပ်ကနဲရိုက်ပြီး လတ်လတ်ဆတ်ဆတ်ချိန်ပေးသည်။ မခင်ကြည်ဆက်ဆံရေးကောင်းမှုကြောင့် အချိန်ကြာကြာမရောင်းလိုက်ရ။ ကိုလှမောင်ရှာပေးထားသော ငါးတစ်ပန်းအချိန်(၂)နာရီလောက်အတွင်းမှာ ကုန်သွားသည်။ ကိုယ်တိုင်ရှာထားဘာဖြစ်၍တစ်ချို့လျှော့သင့်သောလူလျှော့ပေးသည်။ ယူသင့်သူကိုယူသည်။ ဒီနေ့ငွေများများစားစားရ၍ အပျော်နှင့် အိမ်ပြန်ရပေမည်။ ညစာချက်ပြုတ်ရမည်။

သားလေးမောင်ထွေးကို ရှင်ပြုပေးဖို့ မခင်ကြည်ခေါင်းထဲမှာထားသည်။ ပြီးတော့ ပညာတတ်ဖြစ်စေချင်သည်။ သူကိုယ်တိုင်ကရေးတတ်ဖတ်တတ်ရုံရှိသဖြင့် သူ့ညီမ မခင်ဝေကို အိမ်ခေါ်၍စာပြနိုင်းသည်။ မောင်ထွေးကဉာဏ်ကောင်းသူတစ်ယောက်ဖြစ်သည်။ အိမ်ကပါဝိုင်းဝန်းဂရုတစိုက်စာပြပေးသဖြင့် သူတို့အတန်းထဲတွင် အဆင့်(၁), (၂)ရသည်။ ဒီအတွက် မခင်ကြည်ဝမ်းသာရသည်။ သို့သော်တစ်ခါတစ်ရံ ကိုလှမောင် ငါးရနည်းသောအခါများတွင်

မခင်ကြည် စိတ်ညစ်ရသည်။ သူစုဆောင်းထားသော ငွေထဲမှထုတ်
ယူသုံးစွဲရသည်။ ဒီအတွက်ကြောင့် ကိုလှမောင်ကိုငါးများများရအောင်
ရှာဖို့သူအမြဲတိုက်တွန်းရသည်။ ကိုလှမောင်က အလုပ်ကြိုးစားသူ
တစ်ယောက်ဖြစ်သည်။ မခင်ကြည် မူညံမူညံမလုပ်လည်း ပုံမှန်သူ
အလုပ်ကိုလုပ်တတ်သူဖြစ်သည်။

မခင်ကြည်အတွေးတွေ ယောက်ယက်ခတ်၍မောမော်ပန်း
ပန်း အိမ်ပြန်ရောက်လာသည်။ အိမ်ပြန်ရောက်တော့ ကိုလှမောင်က
ညည့်ခန်းတွင်နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပြီဖြစ်သည်။ ကိုလှမောင်
ကိုကြည့်၍ မခင်ကြည်ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။ သူလည်း
ငါးရှာရတာပင်ပန်းမှာပေါ့ . . . အိပ်ရှာမှာပေါ့ ဟုတွေးဖြစ်သည်။

(၂)

ကိုလှမောင် ငါးဖမ်းပိုက်များကိုဖါသည်။ တစ်ချို့ပြုပြင်သည်
ညနေဘက်အစစအရာရာ အဆင်ပြေအောင်ကြိုတင်စီစဉ်သည်
ညနေတွင် တစ်ကြိမ်ငါးဖမ်းထွက်ရပေဦးမည်။ ညဘက်ပြန်ရောက်
လျှင် အိမ်နီးနားချင်းရောင်းလို့ရသမျှ ရောင်းသည်။ တစ်ချို့ ငါးအရှင်
များကို အိမ်ရှေ့တွင် တမင်လုပ်ထားသော ငါးကန်ထဲတွင်ထားရပေ
မည်။ နောက်နေ့မနက်ဈေးထွက်လျှင် ဒီငါးတွေပါထည့်၍ ယူတန်တာ
ယူသည်။ တစ်ချို့ငါးတွေကို ကန်ထဲမှာသာထားသည်။ တစ်ချို့ရှ
တွေက အရေးပေါ်ငါးလိုအပ်၍လာဝယ်လျှင် အရှင်လတ်လတ်ချိ
တွယ်ရောင်းရတာတွေရှိသည်။ ကိုလှမောင်တို့ မိသားစုကတော
အကုသိုလ်အလုပ်ဆိုသော်လည်း ပျော်ရွှင်ရာဖြစ်သည်။

ကိုလှမောင်သည် ပိုက်ကိုလှေဘက်ပေါ်တင်၍ အဆင်သ
စောင့်နေသည်။ မခင်ကြည်တို့သားအမိရွာထဲ ငါးအရောင်းတောင်း
ပြန်လာလျှင် သူကမြစ်ဆိပ်သို့ထွက်ရပေတော့မည်။ ကိုလှမောင် နှ
လမ်းမဆီသို့လှမ်းမျှော်ကြည့်ဖြစ်သည်။ မခင်ကြည်တို့သားအမိ နှ

လမ်းမအတိုင်း ပျော်ရွှင်စွာပြေးလွှားဆော့ကစားလာသည်။ ဒီလိုမြင်ကွင်းမျိုးတွေ့ရပြန်တော့ ကိုလှမောင်ကြည်နူးရသည်ကအမှန်။ သူ့ဘဝတွင် သူ့ဇနီး မခင်ကြည်စိတ်ချမ်းသာစေချင်သည်။ သူ့သားမောင်ထွေးပျော်ရွှင်စေချင်သည်။ သူ့ဇနီးနှင့် သူ့သားပျော်ရွှင်နေလျှင် ကိုလှမောင် မည်မျှပင်ပန်းသည်ဖြစ်စေ၊ ပင်ပန်းသည်ဟုမထင်။ ပင်ပန်းနွမ်းနယ်မှုတွေ အလိုလိုပျောက်သွားသည်။ အနီးရောက်လာလျှင် ကိုလှမောင်ကို မောင်ထွေးပြေးဖက်သည်။ ကိုလှမောင်က သူ့သားမောင်ထွေးကို ပြန်လည်ပွေ့ချီသည်။

"ဒီသားအမိတွေ တယ်ပျော်နေကြပါလား . . .။"

"ပျော်တာပေါ့ ကိုလှမောင်ရဲ့ . . . ငါးဘိုးကြွေးတွေ အကုန်နီးပါးရလို့ပျော်နေရတာ . . . ဒီမှာကြည့်လေ . . ။"

မခင်ကြည်က လက်ထဲတွင်ဆုပ်ထားသော ငွေတစ်ချို့ကို ဖြေပြသည်။ ကိုလှမောင်က မခင်ကြည်လက်ထဲမှ ငွေများကိုလှမ်းကြည့်သည်။

"အခုလို မင်းတို့သားအမိပျော်နေတာတွေ့ရတော့ ငါလည်း အလိုလိုပျော်မိပါရဲ့ကွာ . . .။"

"ပျော်ရမှာပေါ့ရှင့် . . . ကိုလှမောင်ဒီအတိုင်းသာ ကြိုးကြိုးစားစား ငါးရှာထားရင် ကျွန်မတို့တွေအချိန်သိပ်မစောင့်ရတော့ဘူး။ ဝှမ်းဆောင်းမိဖြစ်မယ်။ သားလေးကို ရှင်ပြုနိုင်မယ် . . .။"

"အေးပါကွာ . . . ငါလည်းကြိုးစားရှာတာပဲ . .။ ဒါပေမယ့် တစ်ခါတစ်လေ ကံမလိုက်တော့ ငါးမရဘူးကွ . .။ ဘယ်လိုရှာရှာ ငါးနဲ့ဝေးတယ် . . .။"

"ကံပါရှင် . . . ရအောင်သာကြိုးစားရှာပါ။ အခုတလော ကံကောင်းနေပါပြီ . .။ ရှင်ငါးတွေကိုခြင်းနဲ့ အပြည့်မနိုင်မနင်းထမ်းလာရမှာပါ . .။"

"မခင်ကြည် . . . ငါသွားတော့မယ်၊ မခင်ခဝ ကိုခေါ်ပြီး သားလေးကို တပြုခိုင်းလိုက်ဦး . ."

"စိတ်ချပါရှင် သားလေးကိုပညာတတ်ကြီးဖြစ်စေရမယ် . . စိတ်သာချ ကိုလှမောင် . . . ရှင်သာ ငါးတွေများများရအောင်ရှာခဲ့"

မခင်ကြည်မှာသော စကားသံများကို လှမောင်နားထဲကမထွက်။ ဘာပဲဖြစ်ဖြစ် သူ့မိသားစုစားဝတ်နေရေးအတွက် သူကြိုးစားရှာရပေဦးတော့မည်။ ကိုလှမောင် ရွာလမ်းမအတိုင်း လျှောက်သွားပြီး ရေကာတာကြီးကိုကျော်သည်။ ပြီးလျှင် ကိုင်းကွင်းသုံးဖါလုံခန့်ဖြတ်ရသည်။ မြစ်ကမ်းပေါ်မှ သူငါးဖမ်းရမည့် ဧရာဝတီမြစ်ကြီးကိုတစ်မျှော်တစ်ခေါ်လှမ်းကြည့်လိုက်သည်။ ဧရာဝတီမြစ်ထဲတွင် တံငါလှေလေးများ တလိမ့်လိမ့်သွားနေကြသည်။ နေရောင်ရေပြင်ပေါ်တွင် ထင်ဟပ်ပြီးတလျှပ်လျှပ်အရောင်တောက်နေသည်။ သူအဝေးသို့ ငေးမောကြည့်နေစဉ် ကမ်းအောက်မှအသံများ ဆူညံစွာကြားလာရသည်။ ကိုလှမောင် ကမ်းအောက်သို့လှမ်းကြည့်လိုက်ရာ တံငါသည်တင်အေးနှင့် မြင့်ဦးကိုတွေ့ရသည်။ သူတို့အသံသည် မြစ်ထဲမှကမ်းပေါ်သို့ လျှံတက်လာသည်။

"ဟေ့ကောင် . . မြင့်ဦး၊ ဒီငါးလေးတစ်ကောင် . . ငါထပ်ယူတာနဲ့မင်းဘဝပျက်သွားပြီလား . . ။"

"မင်းကို တစ်ကောင်ပေးပြီးပြီကွာ။ တစ်ကောင်ပေးထားရက်သားနဲ့ နောက်ထပ်တစ်ကောင်ယူတာ မင်းလွန်တာပေါ့ . . ။"

"ငါတို့အိမ်က စားအိုးကြီးတယ်ကွ၊ မင်းပေးတဲ့တစ်ကောင်နဲ့မလောက်လို့ ထပ်ယူတာ . . ၊ မင်းဒီနေ့အများကြီးရတာပဲ။ ငါကမရလို့ မင်းဆီကအောက်ကျခံတောင်းတာ . ."

"ငါပေးတာပဲ . . ။ မင်းစားအိုးကြီးတိုင်း မင်းတို့လိုသမျှတော့ငါမပေးနိုင်ဘူး။ မင်းယူထားတဲ့ ငါးတစ်ကောင်ပြန်ပေး . . . ။"

"ဟေ့ကောင် ငါ့တုန်းက မင်းကြိုက်သလောက်ယူဆိုပြီး ယူခိုင်းတာမေ့နေပြီလား . . . ။"

"မင်းကဘယ်နှစ်ခါများ ပေးဘူးလို့လဲ . . ။ မင်းမိန်းမက ကပ်စေးနည်းမကာ တော်တော်ရက်ရောတာကိုး . . ။"

"ဟော့တော်ကွာ . . .။"

"မတော်နိုင်ဘူး . . . ငါ့ ငါးကိုပြန်ပေး . . .။"

"မပေးဘူး . . . သတ္တိရှိလာယူ . . ."

"ယူတယ်ကွာ . . .။"

အသံများတစ်ဖြည်းဖြည်းမြင့်တက်လာရာမှ လူချင်းပူးကတ်
းသည်။ ကိုလှမောင်နေ၍မရတော့။

"ဟော့ကောင်တွေ တော်တော့ . . . ကိုယ့်အချင်းချင်း ဘာမ
တ်တာက စပြီးပြဿနာတက်တယ် . . . တော်တော့ . . .။"

ကိုလှမောင် ပါးစပ်ကအော်ရင်းမြစ်ကမ်းပါးအတိုင်း ပြေးဆင်း
းသည်။ ပါးစပ်မှလည်းဟော့ကောင်တွေတော်တော့ ဟုအော်သည်။
သော် သူ့အသံက မြင့်ဦးနှင့် တင်အေးကိုရပ်တန့်မသွား။ ငါးတစ်
ာင်ပြဿနာကြောင့် တစ်ဦးနှင့်တစ်ဦး ဖက်၍လုံးနေပြီဖြစ်သည်။
ှမောင်အနားသို့ရောက်လျှင် လှော်တက်နှင့် ပိုက်ကိုပစ်ချလိုက်
ည်။ ထိုအချိန်တွင် မြင့်ဦးနှင့် တင်အေး ကတစ်ဦးနှင့် တစ်ဦးကွာ
းပြီဖြစ်သည်။

"ဟော့ကောင်တွေ တော်စမ်း . . ."

ဒေါသကြောင့် ကိုလှမောင် အသံမှာသူတို့နားထဲမဝင်။ တင်
းက အနီးရှိလှော်တက်တို ့တစ်ချောင်းပြေးကောက်သည်။ မြင့်ဦး
အနီးရှိဝါးခြမ်းချောင်းတစ်ခုကောက်သည်။ နှစ်ဦးသားစောင်နေ
သည်။ တင်အေးသည် ဒေါသမထိန်းနိုင်ပဲ မြင့်ဦးကိုပြေးရိုက်သည်။
ှမောင်က ရန်ပြေစေလိုသောသဘောဖြင့် သူတို့နှစ်ဦးကြားပြေး
သည်။ တင်အေး၏ ရိုက်ချက်က မြင့်ဦးကိုမထိ။ အလယ်မှဝင်ဟန့်
းသော ကိုလှမောင်၏ ခေါင်းကိုထိသွားသည်။

"ဒုတ်"

ကိုလှမောင် သူ့ခေါင်းကို လက်နှင့်စမ်းလိုက်သည်။ သူ့ကိုယ်
ထိန်းနိုင်ပဲ ယိမ်းယိုင်၍မြေကြီးပေါ်ပုံလျှက်ကျသွားသည်။
အေးကြောင်ကြည့်နေရာမှ လက်ထဲမှတုတ်ကိုလွှတ်ပြစ်လိုက်

သည်၊ မြင့်ဦးက ဝါးခြမ်းပြားကိုလွှတ်ဖြစ်သည်။ နှစ်ဦးသား သူ

သူငယ်ချင်းကိုလှမောင်ကို ပြေးပွေ့သည်။

"လှမောင်"

"လှမောင်"

(၃)

"ဟော့ကောင်လာစမ်း"

ကိုလှမောင်သည် သူ၏လက်နှစ်ဖက်ကိုဖမ်းချုပ်လိုက်သ

ထိုလူကြီးများကို မော့ကြည့်လိုက်သည်။ အလွန်အရပ်မြင့်သော လူ

နှစ်ဦးဖြစ်သည်။ ရုပ်ကအလွန်ဆိုးသည်။ သွားတွေကအပြင်သို့ ထွ

နေသဖြင့် အစွယ်ထွက်နေပုံမျိုးဖြစ်သည်၊ မျက်နှာကိုကြည့်လိုက

သည်နှင့် ကျောထဲတွင် စိမ့်သွားသည်။ အလွန်ကြောက်လန့်

သည်။ သူတို့နှစ်ဦး၏ မျက်နှာကိုသေသေချာချာမကြည့်ရဲပဲ ခေါင်

ဆားလိုက်မိသည်။

ကိုလှမောင် သူ့လက်ကိုအနည်းငယ်ရုန်းကြည့်သည်၊ ထို

ကြီးနှစ်ဦး တစ်ဖက်တစ်ချက်စီမှ ကိုင်ထားပုံမှာ ခိုင်မြဲလှသည်။ သံ

ညှပ်ထားသည့်အတိုင်း လုံးဝလှုပ်၍မရ၊ ထိုလူကြီးနှစ်ဦးခေါ် ရာနေရာ

သို့ တရွေ့ရွေ့လိုက်သွားဖြစ်သည်။ ရှည်မျောမျောပျဉ်ချပ်လိုအ

သို့ သူတို့နှင့်အတူလိုက်တက်ဖြစ်သည်။ ချက်ချင်းဆိုသလို ငြိမ့်

ဖြစ်သွားသည်၊ အလွန်မြန်သောအမြန်နှုန်းဖြင့် သူတို့လိုက်ပါသွ

နေခြင်းဖြစ်သည်။ ကိုလှမောင် အထင်အလွန်နက်ရှိုင်းသော အော

အရပ်သို့တရိပ်ရိပ်သွားနေခြင်းဖြစ်သည်။ ဘေးမြင်ကွင်းများမှာ တ

ရိပ်ဖြင့် အထက်မှာကျန်ခဲ့ကြသည်။

မည်သို့မျှစဉ်းစား၍မရ၊ သူ့ကိုခေါ် သွားသည့်နေရာကို

မသိ၊ ဘေးမှလူကြီးနှစ်ဦးကိုလည်း သူမမေးရဲ၊ အတန်ကြာမှ သူ

...သော ပျဉ်ပြားလိုအရာကြီးမှာ ထိုးရပ်သွားသည်။ ထိုအရာပေါ်
...င်းလိုက်ကြသည်။ လက်ကိုဖမ်းချုပ်ခေါ် ရာနောက်သို့ တရွေ့ရွေ့
...လာမိသည်။ သို့သော် ကိုလှမောင်လိုက်ချင်စိတ်မရှိ။ ကိုလှမောင်
...ကြီးနှစ်ဦးကို အကဲစမ်းသလိုကြည့်လိုက်သည်။ လူကြီးတွေက သူ့ကို
...ကြည့်တာနှင့်ဆုံသည်။

"ကျွန်တော့်ကို ဘယ်ခေါ်လာတာလဲ ခင်ဗျ . . ."

"ငရဲပြည်ခေါ်လာတာ . . . နောက်ထပ်စကားမပြောနဲ့ . . ."

ငရဲပြည်ဟူသော အသံကြားသဖြင့် ကိုလှမောင်ပို၍ ကြောက်
...သွားသည်။ မလိုက်ချင်သော်လည်း မြဲမြံစွာကိုင်ထားသောလက်
...မ်းကြီးကြောင့် တရွေ့ရွေ့ပါသွားသည်။ ခြံဝန်းကြီးတစ်ခုအရှေ့သို့
...ောက်ရာ 'ဂလောက်' ဟူသော အသံနှင့်အတူတံခါးမကြီးပွင့်သွား
...သည်။ ခြံဝန်းကျယ်ကြီးအတွင်းဝင်လိုက်သည်နှင့် အသံတွေမျိုးစုံကြား
...ရသည်။ ကယ်ပါယူပါ တစာစာအော်ဟစ်နေသောအသံများဖြစ်
...သည်။ မီးရောင်များထွက်နေသည်ကို လှမ်းမြင်နေရသည်။ မကြာမီ
...ကြီးတစ်လုံးပေါ်တွင် ထိုင်နေသော ပုဂ္ဂိုလ်ကြီးတစ်ဦးကိုတွေ့ရသည်။
...းခါင်းတွင် အချွန်အတက်များရှိနေသည်။

"ဟော့ကောင် . . . အဲ့ဒါ ယမမင်းကြီးနော် ရိုရိုသေသေပြော၊
...မေးတာကိုအမှန်အတိုင်းဖြေ . . .။"

ယမမင်းကြီးရှေ့တွင် အသက်ပင်ပြင်းပြင်းမရှူရဲပဲ ငြိမ်၍ရပ်
...နေမိသည်။ ယမမင်းကြီးက သူ့ကိုစူးစိုက်ကြည့်သည်။ ပြီးလျှင်စာအုပ်
...ကြီးကိုလှန်ကြည့်သည်။

"မောင်မင်းက ပျဉ်းကတိုးကုန်းရွာကနော် . . . တံငါလုပ်ငန်း
...ပ်တယ်မို့လား . . ."

"ဟုတ်ပါတယ် . . . ခင်ဗျ . . ."

"မောင်မင်းလုပ်တာ အကုသိုလ်အလုပ်တွေချည့်ပါလား . .။
...ုသိုလ်အလုပ်ကိုမလုပ်ဘူးလား . . .။"

"ဟို . . . ဟို . . . ကျွန်တော့်သားလေးရှင်ပြုပေးဖို့လုပ်နေ

ပါတယ် . . ."

"မောင်မင်းမှာ သားရှိတယ်ဟုတ်လား . . . မင်းနာမည်
ဘယ်သူလဲ . . ."

"ကျွန်တော့်မှာ မောင်ထွေးဆိုတဲ့ သားတစ်ယောက်ရှိပါတယ်
ကျွန်တော့်နာမည်က လှမောင်ပါ . ."

ဃမမင်းကြီးက စာအုပ်ထူကြီးကိုပိတ်လိုက်သည်။ ပြီးေ
ခေါင်းကိုရမ်းခါလိုက်သည်။

"မင်းတို့ ခေါ်လာတာလူမှားနေပြီ။ တံငါလုပ်တာချင်း
တယ်။ ငါခေါ်ခိုင်းတာ ခလာဘဒေါသမကင်းနိုင်ပဲ ငါးဖမ်းတဲ့အလု
ပဲလုပ်နေတဲ့ တင်အေး။ စေတနာဖြူဖြူစင်စင်နဲ့ ကုသိုလ်ကောင်း
နည်းနည်းမှမလုပ်တဲ့ တင်အေးကိုခေါ်ခိုင်းတာ . . ."

"ဟုတ်ကဲ့"

"မောင်မင်း အလှည့်မကျသေးဘူး . . ."

"ဒါဆို ကျွန်တော်မျိုး လူ့ပြည်ပြန်လို့ရပြီပေါ့ . . ."

"အေး . . . လူ့ပြည်မပြန်ခင် ငရဲပြည်မှာဘယ်လိုခံရတ
ဆိုတာပြလိုက်ကြဦး။ အကုသိုလ်အလုပ်ပဲ လုပ်နေရင်တော့ ငရဲပြ
မှာလာခံရမှာပဲ၊ ကဲ . . . သွားတော့။"

ကိုလှမောင်ဝမ်းသာသွားသည်။ သို့သော် ငရဲထိန်းနှစ်ဦးေ
လူ့ပြည်သို့လိုက်မပို့သေး၊ ကိုလှမောင်ကိုခေါ်၍ထွက်လာကြသည
တဖြည်းဖြည်း အောသံများ တုန်လှုပ်ခြောက်ချားဘွယ်ကျယ်လော
ဆူကြားလာရသည်။ မြင်ကွင်းက သွေးပျက်စရာပင်ဖြစ်သည်၊ အ
လုံးကအမျိုးသမီးငရဲသူမများဖြစ်ကြသည်။ တစ်ကိုယ်လုံးအသားမ
ကွဲအက်၍စီးကျနေသော သွေးများတစ်ကိုယ်လုံးဖုံးနေသည်၊ ပူမြ
နေသောသံမြေတွင်းမှာ ခါးတစ်ဝက်မြုပ်၍ စိုက်ထားသည်၊ တစ်ဝ
မှာသံမြေပြင်ပေါ်တွင်ရှိနေသည်။ အပူရှိန်ကြောင့်မြေပြင်တွင် အ
တွေပျံ့နေသည်။ ထိုအချိန်တွင် သံတော်ကြီးတစ်လုံးလိမ့်လာကာ
သူမများကိုကြိတ်၍သွားသည်။ ငရဲသူမသည် လက်နှစ်ဖက်ကိုမြှော

၍အော်ဟစ်ဝေဒနာခံစားနေရသည်။ ထိုအချိန်အနောက်ဖက် သံတောင်ကြီး ကိုယ်ပေါ်ဖြတ်၍ကြိတ်သွားပြန်သည်။ သွေးများအလိမ်းလိမ်းဖြင့် ဝေဒနာခံစားနေရသည်။ လက်ကိုမြှောက်ခါမြှောက်ခါ အော်ဟစ်သော်လည်း သံတောင်ကြီးများက တစ်လုံးပြီးတစ်လုံးလိမ့်ဆင်းဖိကြိတ်လျှက်ရှိသည်။ ကိုလှမောင်သည် မြင်ကွင်းကိုကြည့်၍ သွေးများပျက်လာသည်။

"အဲ့ဒါ ကိုယ့်ယောက်ျားရှိရက်နဲ့ ဖေါက်လွဲဖေါက်ပြန်လုပ်လို့ ခံစားနေရတာကွ"

ငရဲထိန်းကနောက် ငရဲခန်းတစ်ခုသို့ခေါ်သွားပြီးဆက်ပြသည်။ ထိုငရဲခန်းတွင် ခံနေရသူများမှာ ယောက်ျားတွေချည့်ဖြစ်သည်။ ငရဲခန်းတွင် မီးကျိုးတို့ဖြင့်ပြည့်နေသော ငရဲတွင်းကြီးရှိသည်။ ရောက်လာသော ငရဲသားတို့ကို ငရဲထိန်းတို့က ခုတ်ကြထိုးကြသည်။ သွေးသံရဲရဲဖြင့် ငရဲသားတို့ဝေဒနာပြင်းထန်စွာခံစားကြရသည်။ မနေသာတော့ပြေးကြရသည်။ ငရဲထိန်းများက လက်နက်မျိုးစုံနှင့် ထိုးခုတ်တိုက်ခိုက်လျှက်ရှိရာ သွေးအလိမ်းလိမ်းဖြင့် ပြေးနေကြရခြင်းဖြစ်သည်။ ထိုသို့ဖြင့် မီးကျိုးတို့ဖြင့် ပြည့်နေသော ငရဲတွင်းကြီးအနီးရောက်ရှိသွားသည်။ ငရဲထိန်းတို့သည် ဦးခေါင်းကို ဖောက်ထိုး၍ကာ ငရဲတွင်းထဲသို့ပြစ်ချလိုက်သည်။ ကိုလှမောင်မြင်ကွင်းကို ကြည့်၍မမြင့်ရက်အောင်ဖြစ်နေသည်။

"ဒါဘာကြောင့် ခံရတာလဲခင်ဗျ"

"ကိုယ့်မှာ ကာမပိုင်မယားရှိရက်နဲ့ တခြားသူနဲ့ ဖေါက်လွဲဖေါက်ပြန်လုပ်တဲ့ယောက်ျားတွေခံရတာ"

ကိုလှမောင်တစ်ယောက် မြင်ကွင်းကြည့်ပြီး သူကိုယ်တိုင်ခံကျသကဲ့သို့ ခံစားနေရသည်။ ငရဲထိန်းတို့က . . . ကိုလှမောင်ကို ခေါ်၍ နောက်ငရဲခန်းတစ်ခုသို့ရောက်သည်။ ကိုလှမောင်သည် ငရဲခန်းများကိုကြည့်ချင်စိတ်မရှိတော့။ သို့သော် ငရဲထိန်းတို့ကို သူဘာမှ ပြန်မပြောရဲ။ သူတို့ပြသည့် ငရဲခန်းကိုသာ မကြည့်ချင်ဘဲကြည့်နေ

သည်။ ငရဲမြစ်တစ်စင်းကိုတွေ့ရသည်။ ငရဲမြစ်အတွင်းကြာဖက်တို့ ရှိနေကြသည်။ ကြာဖက်တို့တွင် မီးလျှံများနှင့် အတူထက်သောဓါး များရှိကြသည်။ ကြာဖက်တို့အောက်၌ မီးလျှံတောက်နေသောဆား ငန်ရေတို့ရှိသည်။ ဆားငန်ရေတို့သည် အထက်အောက်စုန်ဆန်စီး လျှက်ရှိသည်။ ငရဲခန်း၏အထက်အမိုး၌ ဆူးထနေသောကြိမ်နွယ်တို့ ဖုံးအုပ်လျှက်ရှိသည်။ ထိုငရဲသို့ရောက်လာသူတို့ကို တင်းပုတ်၊ ဓါး၊ သံလျက်၊ ခက်ရင်း တို့ဖြင့် သတ်ပုတ်ညှင်းဆဲကြသည်။ ထုရိုက်သတ် ပုတ်နေသဖြင့် သွေးများနီလျှက်ရှိသည်။ ဒဏ်ရာကြောင့် ကိုယ်ခန္ဓာ မှသွေးများတစက်စက်ကျသည်။ ကြာတော့မခံနိုင်။ ငရဲသားတို့ထွက် ပြေးကြရာမှ ကြိမ်နွယ်တို့အပေါ်ကျရောက်သည်။ ကြိမ်နွယ်တို့မှာ ဆူးများပြည့်လျှံလျှက်ရှိရာ ငရဲသားတို့ကိုယ်ခန္ဓာကို ထပ်မံထိုးဖေါက် မိကြသည်။ အပြင်းအထန်ခံစားနေရသည့်အပြင် အနာတရထပ်ရ ပြန်သည်။ မီးလျှံလက်နက်များ ထိမိ၍ငရဲသားများ၏ကိုယ်တို့ အပိုင်း ပိုင်းပြတ်ကြသည်၊ ထို့နောက် မီးလျှံထနေသော ဆားငန်ရေထဲသို့ ကျသည်။ ဒဏ်ရာများဆားငန်ရေနှင့် ထိသဖြင့် ဝေဒနာခံစားရပြန် သည်။ ကိုလှမောင်ကြည့်မိနေရင်း ဝေဒနာခံစားရသည်။

"အဲဒါသူများအသက်သတ်တဲ့လူတွေ ခံစားရတဲ့ငရဲကွ။"

"ဟုတ်ကဲ့"

ကိုလှမောင်ကမဟတ်သာ၍ ခေါင်းညိတ်သော်လည်း သူ့ရင် ထဲမှာ ကျဉ်နေအောင်နာသည်။ သူကိုယ်တိုင်ငါးဖမ်းသည့်အလုပ်ကို လုပ်၍ ငါးတွေကိုအနိုင်အထက်သတ်မိသည်။ တစ်ချိန်တွင်ငါလည်း ဒီငရဲကျမှာပါလားဟု တွေးဖြစ်သည်။

"ကျွန်တော့်ကို လူ့ပြည်ပြန်ပို့ပါတော့ဗျာ . .။ ကျွန်တော် ဆက်ပြီးမကြည့်ရဲတော့ဘူး။ အကုသိုလ်အလုပ်တွေလည်း မလုပ်တော့ ပါဘူး။ ကျွန်တော်ကြောက်လာပြီ"

"ကဲ . . လာ . . ."

ငရဲထိန်းများက ကိုလှမောင်၏လက်ကိုဆွဲ၍ခေါ်လာသည်။

အလာတုန်းကကဲ့သို့ ရှည်မျောမျောပျဉ်ချပ်ကြီးအပေါ်သို့တက်လိုက်သည်။ ကိုလှမောင်နှင့် ရေထိန်းနှစ်ဦးတို့သည် တဖြည်းဖြည်း အမြင့်သို့တက်၍တက်၍သွားသည်။

(၄)

မခင်ကြည်သည် ကိုလှမောင်အလောင်းကိုကြည့်၍ မျက်ရည်များသွင်သွင်ကျနေသည်။ ထိုအချိန်တွင် ကိုလှမောင်၏လက်ကလေးများဖြည်းဖြည်းချင်းလှုပ်လာသည်။ မှိတ်ထားသော မျက်လုံးကမျက်ခမ်းသားတွေလှုပ်လာသည်။ ဖြည်းဖြည်းချင်း မျက်လုံးကိုဖွင့်ကြည့်သည်။ မခင်ကြည် မျက်ရည်ကျနေသည့်ကြားမှ မျက်ရည်ကို အမြန်သုတ်လိုက်သည်။ ဝမ်းသာအားရဖြစ်သွားသည်။

"ကိုလှမောင် . . . ကိုလှမောင် ရှင်သတိရပြီလား . . ."

"အင်း . . . ရေ . . . ရေပေးပါ။"

အနီးရှိ ရေပုလင်းမှ ရေကိုခွက်ထဲထည့်၍တိုက်လိုက်သည်။ ကိုလှမောင်မျက်နှာကြည်လင်လာသည်။

"ကိုလှမောင် ရှင်သတိမေ့သွားတာနှစ်ရက်ကြာသွားတယ် . . ရှင်သတိရလား . ."

"ရ . . . ရပါတယ် . . . ငါမေ့သွားတဲ့ အချိန်မှာရေမြေပြည်ရောက်သွားတာ . .။"

"ရှင် . . . ရှင် ရေမြေပြည်ရောက်သွားတာ ဟုတ်လား . . ."

မခင်ကြည်နှင့် အတူအားလုံးက အံ့ဩတကြီးကြည့်နေမိကြသည်။ ကိုလှမောင် စကားကိုယုံရခက် မယုံရခက်။ သတိမေ့ပြီးလျှောက်ပြောနေတာများလားဟု မယုံသင်္ကာဖြစ်မိသည်။

"ဟုတ်တယ် . . မခင်ကြည်၊ ငါရေမြေပြည်ရောက်သွားတာ . .။ အကုသိုလ်လုပ်တဲ့လူတွေ ရေခံရတာ သိပ်ပြီးကြောက်ဖို့ကောင်းတာ

ပဲ၊ ငါနောက်ထပ်အကုသိုလ်အလုပ် ဘာမှမလုပ်တော့ဘူး။ တခြားလုပ်ငန်းတွေပဲ ပြောင်းလုပ်တော့မယ်။"

ဘေးမှ လူအားလုံး ကိုလှမောင် စကားကိုအထူးအဆန်းလိုဖြစ်နေသည်။ တစ်သက်လုံးငါးဖမ်းစားသည့် လုပ်ငန်းကိုသူစွန့်ပစ်တော့မည့်သဘောဖြစ်သည်။ ဖြစ်နိုင်ပါ့မလားဟု အားလုံးကတွေးနေသည်။ ငါးဖမ်းသောအလုပ်မှ လွဲ၍တခြားဘာမျှမလုပ်တတ်သော ကိုလှမောင်၏စကားကို ယုံရပါမည်လား။ တခြားဘာအလုပ်ကိုလုပ်ကိုင်စားပါမည်နည်း။

"မခင်ကြည် . . . ငါအကုသိုလ်အလုပ်ကို တစ်ကယ်ကြောက်သွားပြီ . . ။ ငါတွေ့ခဲ့ရတာတွေအားလုံးက သွေးပျက်ခမန်းမြင်ကွင်းတွေပဲ။ နောက်တော့ ငါပြောပြပါ့မယ်။"

"ကျွန်းမာရေးသာဂရုစိုက်ပါ ကိုလှမောင် အလုပ်ကိစ္စနောက်မှစဉ်းစားတာပေါ့။"

"နောက်မှ စဉ်းစားရာမလိုပါဘူး။ ငါတခါတည်းဆုံးဖြတ်ပြီးသားပါ။ ငါတို့စုထားတဲ့ငွေလေးနဲ့ ကျွန်းထဲမှာကိုင်းဝယ်ကြမယ်။ သီးနှံတွေစိုက်ပျိုးစားမယ်။ ကိုယ်မလုပ်တတ်ပေမယ့် တစ်ဖြည်းဖြည်းသင်ယူလုပ်ကြရမှာပေါ့။"

"ကိုလှမောင်သဘောပါရှင် . . ကျွန်မကတော့ သားလေးရှင်ပြုနိုင်ဖို့အတွက် ငွေရအောင်အမျိုးမျိုးကြိုးစားလုပ်ရဦးမှာပဲ"

"မင်းလည်း အကုသိုလ်အလုပ်ဘာမှမလုပ်ပါနဲ့ မခင်ကြည် ငါတို့လင်မယားအတူတူ ကောက်ပဲသီးနှံစိုက်ပျိုးကြတာပေါ့။ ဒီနှစ်တွေမှာ ငါတို့ကျွန်းက မြေပဲထွက်နှုန်းကောင်းပါတယ် . . ။ ဒါနဲ့သားလေးမောင်ထွေး ကော . . ။"

"ရှင့်မေ့မြောသွားတဲ့အချိန်ကစပြီး အဖေသေပါပြီဆိုပြီးငိုလိုက်ရတာ မောနေတာပဲ . . ။ အဲဒါကြောင့် သူ့ကိုချော့သိပ်ထားရတယ်"

ကိုလှမောင်သည် သတိရသွားသဖြင့် အနားမှလူများကို လိုက်

ကြည့်သည်။ အိမ်နီးဝန်းကျင်မှ လူတွေစုံသည်။ သူနှင့် လုပ်ဖေါ်ကိုင်ဖက်သူငယ်ချင်းတွေစုံသည်။ ထိုအထဲတွင် တင်အေးတစ်ယောက်ကိုသာမတွေ့မိခြင်းဖြစ်သည်။ ရွှေပြည်ရောက်စဉ်က "အကုသိုလ်အလုပ်တွေလုပ်တဲ့ ဟံငါသည်တင်အေးကိုခေါ် ခိုင်းတာ" ဆိုသောစကားကိုပြေးသတိရသည်။

"မခင်ကြည် . . . တင်အေး မရှိတော့ဘူးမို့လား . ."

"ရှင် . . ."

"ငါမေးတာပြောစမ်းပါ . . . တင်အေးမရှိတော့ဘူးမို့လား"

"ရှင် . . ရှင်သိနေတယ်"

"ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါ . ."

"တင်အေးက . . မြင့်ဦးကို ရိုက်လိုက်တာ မြင့်ဦးကိုမထိပဲ ရှင့်ကိုထိသွားတာ သူစိတ်မကောင်းရှာပါဘူး။ အားလုံးက ရှင်သေပြီလို့တွက်ကြတော့ ပိုပြီးစိတ်မကောင်းဖြစ်တာပေါ့ . .။ နောက်နေ့မှာထုံးစံအတိုင်း ရောဝတီမြစ်ထဲဆင်းပြီးငါးရှာထွက်တယ်။ ပိုက်ကိုဆွဲတင်တဲ့အခါ ပိုက်ကငြိပြီးဆွဲတင်လို့မရဘူး။ အဲ့ဒါနဲ့ သူကရေထဲဆင်းပြီး ပိုက်ကိုဆင်းဖြုတ်တာ။ လှေပေါ်မှာအတူငါးရှာတဲ့ ကိုဘမြင့်ကစောင့်နေတယ်။ ရေထဲဆင်းသွားတဲ့ တင်အေးက ပိုက်ကိုဆင်းဖြုတ်ရင်း ဘယ်လိုပိုက်နဲ့ငြိနေတယ်မသိဘူး။ တစ်ခါတည်းရေထဲက ပြန်တက်မလာပဲ သေသွားရှာတယ်။ ဟံငါသည် ရေနစ်သေတယ်ဆိုတာတစ်ကယ့်ကိုအံ့ဩစရာကောင်းတယ်။ ဒါနဲ့ရှင်ကဘယ်လိုလုပ်ပြီးတင်အေးသေတာသိနေတာလဲ။"

"အစကတည်းက တင်အေးကို ရွှေပြည်ခေါ် ဖို့ပဲ။ ဒါပေမယ့်ငါနဲ့မှားပြီး ခေါ် သွားတဲ့အတွက် ငါကရွှေပြည်ရောက်သွားတာ . .။ သူ့ကိုခေါ်မှာသေချာနေတာပဲ . .။ ငါဒီပြန်ရောက်တာနဲ့က သူလည်းတစ်နေ့မဟုတ်တစ်နေ့ သွားရမယ်လို့ထင်တယ် . .။ ဒါကြောင့်တင်အေးမရှိတော့ဘူးလားလို့မှန်းဆပြီးငါမေးတာပေါ့ဟ . ."

"အံ့ဩစရာရှင် . . ."

(၇)

ကိုလှမောင် တံငါသည်အလုပ်ကို လုံးဝမလုပ်တော့ . .။ ကျွန်းထဲတွင် ကိုင်းများဝယ်၍မြေပဲ၊ စတော်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ ဖရဲ စသဖြင့် စိုက်ပျိုးသည်။ တစ်နှစ်အတွင်းမှာပင် လုပ်ရင်းကိုင်ရင်းတတ်လာသည်။ မြေပဲပင်ကြားပြောင်းထည့်ရမည်။ စသဖြင့် နှစ်သီးသုံးသီးအားရအောင်လုပ်တတ်လာသည်။ ပထမနှစ်တွင် နည်းနည်းပါးပါးရသော်လည်း ဒုတိယနှစ်တွင် သိသိသာသာစီးပွားရေးတက်လာသည်။

ပြောမရသည်က မခင်ကြည်။

သူက အခုရေတွင်းတူး အခုရေကြည်သောက်ချင်သူဖြစ်သည်။ ခုအရင်းတည်ပြီး အခုအမြတ်မြင်ချင်သည်။ တစ်နှစ်လုံးစောင့်စားပြီး ငွေရှာရသောအလုပ်ကို သူအားမရ။

ဒီအတွက်ကြောင့် ကိုလှမောင် ငါးမဖမ်းသည့်တိုင်အောင် တစ်ခြားသူတွေဆီက ဖေါက်သည်ယူသည်။ ရွာကငါးဈေးတန်းလေးမှာ မခင်ကြည်ထုံးစံအတိုင်းထွက်သည်။ သူများဆီမှတစ်ဆင့်ယူသော်လည်း ငါးအရှင်လတ်လတ်ဆတ်ဆတ်ပါလာစမြဲ။ မခင်ကြည်က ငါးတွေလတ်လတ်ဆတ်ဆတ်ရမယ်ဟု အော်ရောင်းမြဲဖြစ်သည်။ သူထံဝယ်နေကျဖောက်သည်တွေမိတ်ပျက်မှာစိုးသည်။ ငါးဝယ်မည်ဆိုလျှင် အရှင်လတ်လတ် ငါးခေါင်းကိုလက်ရိုက်တုတ်နှင့် ရိုက်သည်။ ခွပ်ကနဲ တစ်ချက်ရိုက်လျှင် ငါးတစ်ကောင်သေပြီဖြစ်သည်။ သူ့မိတ်တွေနှင့် သူ့အရောင်းအဝယ်ကောင်းသည်။ (၃)နာရီလောက် ဈေးတန်းထိုင်လိုက်သည်နှင့် အမြတ်ကချက်ချင်းပေါ်သည်။ ဈေးရောင်းပြီးမှ နေပူကြဲကြဲ ကိုလှမောင်၏ကိုင်းထဲသို့လိုက်သည်။ ကိုလှမောင်ကိုကူသည်။ မခင်ကြည်အဖို့ တစ်နေ့တစ်နေ့နားရသည်မရှိ။ ငါးဖောက်သည်ယူ၍ ငါးဈေးတန်းရောင်း ရောဝတီမြစ်ထဲက ကျွန်းပေါ်လိုက် သားမောင်တွေး ကျောင်းကိစ္စလုပ်ပေး၊ အိမ်မှုကိစ္စလုပ်ဖြင့် မနားရအောင်ရှိသည်။

ကိုလှမောင်က အတန်တန်တားသည်။

ကိုင်းအလုပ်တစ်ခုကို ဖိဖိစီးစီးလုပ်လျှင် စုမိဆောင်းမိသည်။ ငါးမရောင်းပါနှင့်ဟုတားသည်။ သို့သော် မခင်ကြည်က ပြောမရ။ သားလေးအတွက် မြန်မြန်ငွေစုချင်သည်။ အလုပ်ကိုကြိုးစားလုပ်သည်မှာ ငွေများများလိုချင်၍ဖြစ်သည်။ သားလေးမောင်ထွေးကို ရှင်ပြုပေးဖို့သာ သူ့ခေါင်းထဲမှာရှိသည်။ ငွေရမည်ဆိုလျှင် အလုပ်မရွေးလုပ်သည်။

နောက်တော့ မခင်ကြည်ခေါင်းကိုက်လာသည်။

နားထင်မကြာခဏလက်နှင့် နှိပ်သည်။ တစ်ခါတစ်ရံ ခေါင်းကိုက်သည်မှာ အိပ်ယာထဲတွင် အော်နေရသည်။ နောက်တော့စကားတွေများလာသည်။ သူပြောသောစကားများ အပေါက်အလမ်းမတည့် ရှေ့စကားနှင့် နောက်စကားမညီ။ ပြောမိပြောရာ လျှောက်ပြောနေသဖြင့် တဖြည်းဖြည်း ငါးရောင်း၍မရ။

ကိုလှမောင်က မခင်ကြည်ကို ဂရုစိုက်ရှာသည်၊ သူ့ခယ်မ မခင်ဝေ ကိုအိမ်မှာခေါ် ထားသည်။ အစစအရာရာ မခင်ဝေဘာသာ ထိန်းသိမ်းစောင့်ရှောက်လုပ်ကိုင်ပေးသည်။ မခင်ကြည်တစ်ယောက် ဘာမှုမသိရှာတော့။ ဒီတော့ လူတွေက အားမနာတမ်းပြောကြသည်။ "ခေါင်းကိုက်မှာပေါ့ သူကငါးခေါင်းတွေကို တခွပ်ခွပ်နဲ့ရိုက်နေတာကိုး . . ." "ဘယ်စိတ်မှန်ပါ့မလဲ ငါးခေါင်းကို တခွပ်ခွပ်ရိုက်တာကိုး" စသဖြင့် ပြောကြဆိုကြသည်။

ဤသို့ဖြင့် ငါးနှစ်ခန့်ကြာသွားသည်။

ကိုလှမောင်လက်ထဲငွေတွေစုမိသည်။ ရွာဦးကျောင်းမှာပင် သားလေးကို ရှင်ပြုရန်စီစဉ်သည်။ မခင်ကြည်က မြင်းနှင့် ရှင်လောင်းလှည့်ရန်တစ်ချိန်က အကြိမ်ကြိမ်ပြောခဲ့သောကြောင့် ကိုလှမောင်က မြင်းပါငှားသည်။ သားလေးမောင်ထွေး မြင်းနှင့်ရှင်လောင်းလှည့်ရာတွင် တစ်ရွာလုံးနီးပါးလိုက်ကြသည်။ အိုးစည်ဝိုင်းပါသည်။ တာမကြီးပေါ်တွင် ရှင်လောင်းလှည့်ရာတစ်တန်းကြီးဖြစ်နေသည်။ ဖဲသာဝင်

ဖြစ်ရသည်။ ကြည်နူးရသည်။ နောက်နေ့တွင် ပင့်သံဃာတော်များကို နေ့ဆွမ်းကပ်ပြီးသည်နှင့် ပရိတ်တရားနာ၍ ရေစက်ချရန်ဖြစ်သည်။

မခင်ကြည်ကို မခင်ဝေကပြင်ဆင်ပေးထားသည်။ သနပ်ခါး တွေအဖွေးသားနှင့် လုံချည်အင်္ကျီသပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသည်။ မခင်ဝေက ကိုလှမောင်နှင့် မခင်ကြည်ရှေ့တွင် ရေစက်ခွက်များချ ပေးထားသည်။ ကိုလှမောင်က သံဃာစင်ပေါ်မှသားဖြစ်သူ ကိုရင် လေးကိုကြည့်၍ ကြည်နူးပီတိဖြစ်နေမိသည်။ မခင်ကြည်က ကြောင် တောင်တောင်နှင့် ဟိုကြည့်ဒီကြည့်လုပ်နေသည်။ မခင်ဝေက ရေစက် ခွက်ကို မခင်ကြည်ရှေ့တွင် ထိုးပေးရင်းလှမ်းကြည့်သည်။

"မမ . . ရေစက်ချရမယ်နော်"

"ဘာ . . ရေစက်ချရမှာလဲ . ."

မခင်ကြည်က ကြောင်တောင်တောင်ဖြင့်မေးသည်။

"မမ . . သားလေးကိုရှင်ပြုပြီးပြီလေ . . အဲ့ဒါရေစက်ချ . . အမျှဝေရမယ် . .။"

"ငါ့သားလေး ရှင်ပြုဖို့ ငွေစုတုန်းလေ"

"မခင်ကြည် . . . မင်းနဲ့ငါနဲ့ သားလေး မောင်ထွေးကို ရှင်ပြု ပြီးပြီ၊ ငါတို့လင်မယားအတူတူရေစက်ချအမျှဝေကြမယ်"

"နင် . . ဘယ်သူလဲ "

မခင်ကြည်က ကိုလှမောင်ကိုလက်ညှိုးထိုး၍မေးသည်။

"ငါက လှမောင်လေ"

"လှမောင်ဆိုတာ ဘယ်သူလဲ . . . ငါတစ်ခါမှ မကြားဖူးဘူး"

"ငါကနင့် ယောကျာ်းလှမောင်လေ"

"ဘာယောကျာ်းလဲ . . ၊ မဟုတ်က . . . ဟုတ်က မပြောနဲ့ ပါးကျိုးသွားမယ် . ."

မခင်ကြည်က လက်ဝါးဖြန့်၍ ကိုလှမောင်ကိုရိုက်မည့်ဟန် ပြင်သည်။ ကိုလှမောင်က မခင်ကြည်ကိုကြည့်၍ စိတ်မကောင်းဖြစ် သွားသည်။ မျက်ရည်များဝိုင်းလာသည်၊ မခင်ဝေမှာ ပါးပြင်ပေါ်သို့

...ားစီးကျလာပြီဖြစ်သည်။ သူ့အစ်မ စိတ်နောက်နေသည့် ...ကြည့်၍ မခင်ဝေရင်ထဲတွင် ဆို့နင့်ကြေကွဲခံစားရသည်။ ...င်ဝင်လျှင် စိတ်ကိုထိန်းထားရခြင်းဖြစ်သည်။ သူလည်း ...ကျွင်လျက်ရှိသည်။ သူ့အမေလုံးဝစိတ်နောက်သွားပြီဟု သာ ...းမောင်တွေးသိလျှင် ဆိုနင့်ကြေကွဲစွာခံစားရမည်ဖြစ်သည်။

မောင်မောင်စိန်ဒွေး

၁၅-၂-၂၀၀၈

လိပ်စာ
ဦးအေးကြူ
(၃၁)နေသူရိန်လမ်း၊
ဆရာစံတောင်စံပြရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁/၅၄၈၂၄၈

ဝိညာဉ်ဓမ္မာ

*ချစ်သန်းမြင့်

မောင်ချစ်တို့ရုပ်ရှင်သမားဆိုတာက ဒီနေ့မော်လမြိုင်မှာ
ပေမယ့် နောက်တစ်နေ့ ပုဂံမှာရှိနေတာ၊ နောက်တစ်နေ့ကျတော့
လည်းမြင်ဦးလွင်ကို ရောက်နေပြန်ပါပကော။

အကယ်စင်စစ်၊ မောင်ချစ်က စာသမား၊ စာရေးရင်းက ရုပ်ရှ
ဇာတ်လမ်းဇာတ်ညွှန်းများပါ ရေးရင်းရုပ်ရှင်နယ်ထဲရောက်သွားတာ

ရုပ်ရှင်သမားဆိုတော့လည်း နယ်စုံရောက်တယ်။ လူစုံနှင့်တွေ့
ရတယ်။

တစ်ခါတုန်းကပေါ့ဗျာ . . .

မောင်ချစ်ရုပ်ရှင်အဖွဲ့တစ်ဖွဲ့နှင့် တောင်ပေါ်မြို့တစ်မြို့
ရောက်သွားတယ်။ မြို့နှင့်မနီးမဝေးမှာရှိတဲ့ မြို့ပြင်တစ်နေရာက ဝ
နှင့်ခြံနှင့် အိမ်ကြီးတစ်အိမ်မှာတည်းကြတယ်။

မြိုင်သာယာ။

မြိုင်သာယာလို့ အမည်ပေးထားတဲ့ အဲဒီအိမ်ကြီးဟာ နာမည
နှင့်လိုက်အောင်သာယာလှပါတယ်။ ယူလစ်ပင်၊ ထင်းရှူးပင်၊ စိမ်ပ
မြာပင်၊ သစ်ကော်ပင်တွေအပြင် ဒေလီယာပန်းပင်တွေကလည်း
ရောင်စုံရှိတယ်။

မောင်ချစ်တို့ ရုပ်ရှင်အဖွဲ့ဟာ ရုပ်ရှင်ရိုက်ထွက်လာတာ
မတူပဲ ပျော်ပွဲစားထွက်လာတာကျနေတာပဲ၊ ပျော်မှပျော်။

မင်းသားတွေကတစ်ခန်း၊ မင်းသမီးတွေကတစ်ခန်း၊ ထု
လုပ်သူ ဝိုင်ရှင်နှင့် အဖွဲ့ကတစ်ခန်း၊ စက်အဖွဲ့ကတစ်ခန်း၊ မောင်ချ
ကတော့ ဒါရိုက်တာနှင့် စက်အဖွဲ့တွေနှင့် ပဲအတူနေပါတယ်။

တောင်ပေါ်မြို့ကလေးဟာ တောင်ပြာပြာတောမှိုင်းမှိုင်း၊ တောင်ခိုးဝေဝေ၊ မြူခြေဆိုင်းဆိုင်းနှင့် ညနေခင်းဟာလှပါဘိသနဲ့။

ရုပ်ရှင်မင်းသမီး သင်းသင်းတစ်ယောက် သနပ်ခါးအဖွေးသားနှင့် ဆံပင်ဖါးလျှားချထားပြီး ဒေလီယာတစ်ပွင့်ကို ပန်ထားတယ်လေ။

သင်းသင်းကိုတွေ့တော့ ဓါတ်ပုံဆရာမောင်အေးက "အစ်မကို မြင်လိုက်ရတော့ ဥစ္စာစောင့်မလေးများလားလို့ လန့်သွားတယ်" လို့ ရယ်ကျဲကျဲနှင့် ပြောလိုက်တယ်။

"ကိုအေးနော် မဦးမချွတ်မပြောနဲ့"

"ဟုတ်တယ်လေ၊ ကာလ . . ဒေသ . . ပုဂ္ဂလတဲ့၊ အချိန်က ညနေခြည် နေညိုသမ်းချိန်၊ ရောက်နေတဲ့နေရာက လူသူနဲ့ဝေးတဲ့ နေရာ ပြီးတော့မိန်းကလေးတစ်ယောက်တည်း သနပ်ခါးတွေအဖွေးသား၊ ဆံပင်ဖါးလျှားနှင့် ဆိုတော့ ရှိမှားစရာပေါ့။"

"ကိုအေးပြောမှ ကြက်သီးထသွားတယ်"

"ပြောလက်စနဲ့ ပြောဦးမယ်။ လူတွေက ဥစ္စာစောင့်ကို ဥစ္စာစောင့်မလို့ ပြောနေကြတယ်။ ဥစ္စာစောင့်မ ရှိရင် ဥစ္စာစောင့်ထီးလည်း ရှိရမှာပေါ့နော်"

"ရှိချင်လည်း ရှိမှာပေါ့"

"ရှိမှာပေါ့ . . . မဟုတ်ဘူး . . ရှိတယ်၊ အစ်မ . . ကျွန်တော်တို့ငယ်ငယ်တုန်းက သိုက်သမိုင်းရုပ်ရှင်ဇာတ်ကားတွေထဲမှာ ကြည့်ဖူးတယ်"

မောင်အေး၏စကားကြောင့် သင်းသင်းတွေဝေနေသည်။

ညစာစားချိန်ရောက်လာသဖြင့် စကားကဒီတွင်ပာစ်ခန်းရပ်သွားသည်။

ညဘက်ရောက်တော့ . . . ။

ညသည် ပိန်းပိန်းပိတ်။

မြိုင်သာယာခြံကြီးက လူသူနှင့်ဝေးတော့ တိတ်ဆိတ်နေတယ်။ တစ်ခါတစ်ရံခွေးဟောင်သံ၊ ငှက်ဆိုးထိုးသံများသာကြားရတတ်သည်။

ရုပ်ရှင်အဖွဲ့သားတွေဟာ ကိုယ့်ဝိုင်းနှင့်ကိုယ်၊ တစ်ချို့က အပျင်းပြေဖဲကစားနေကြတယ်။ တစ်ချို့က အမောပြေယာမကာဝိုင်းဖွဲ့နေကြတယ်။ တစ်ချို့ကတော့ သူ့အကြောင်းကိုယ့်အကြောင်း ရှေးဟောင်းနှောင်းဖြစ်ကလေးများပြောနေကြသည်။

မောင်ချစ်ကတော့ ယာမကာလေးလက်စသတ်ပြီး အိပ်ရာဝင်လိုက်တယ်။

မောင်ချစ်အိပ်ပျော်ကောင်းတုန်း . . .

"အမယ်လေး . . ။"

"အမယ်လေး . . . လုပ်ကြပါဦး . . . ။"

"ဒုံး . . . ဒုံး . . ဒုံး . . . "

သင်းသင်းရဲ့ အော်သံနှင့် သနပ်ခါးတုံးနှင့် ပစ်သံအော်သံတွေကြောင့် မောင်ချစ်လန့်နိုးသွားတယ်။

မောင်ချစ် သင်းသင်းအခန်းဝရောက်တော့ စက်အဖွဲ့သားများလည်းတုတ်မဲးကိုယ်စီနှင့် ရောက်နေနှင့်ကြတယ်။

"ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ၊ ကျွန်မအိပ်နေတုန်း ကျွန်မကိုယ်ကိုဘေးဘက်ရောက်အောင် အတွန်းခံလိုက်ရတယ်။ ကျွန်မကြမ်းပြင်ပေါ်မှာ အိပ်နေတဲ့ကောင်မလေး (အေးအေး/လက်တိုလက်တောင်းခိုင်းတဲ့ မိန်းကလေး)ချမ်းလို့ အပေါ်တက်အိပ်တယ်ထင်တာ။ ကျွန်မပြန်လှည့်ကြည့်လိုက်တော့ ကောင်မလေးကကြမ်းပြင်ပေါ်မှာ တရှူးရှူးနဲ့အိပ်နေတယ်။ ကျွန်မက စိတ်ထင်လို့ပဲလို့တွေးပြီးပြန်အိပ်တယ်။ ကျွန်မထပ်တွန်းခံရလို့ကြည့်လိုက်တော့။ ကျွန်မဘေးမှာ မိန်းမတစ်ယောက်လာအိပ်နေတယ်။ ကျွန်မလန့်တွန်းချလိုက်တော့ လေကိုတွန်းလိုက်ရသလိုပဲ ကျွန်မခုတင်ပေါ်ကပြုတ်ကျသွားတယ်။ မိန်းမတစ်ယောက်က တံခါးနားမှာရပ်ပြီး ကျွန်မကိုကြည့်နေတယ်။ ကျွန်မအနားမှာရှိတဲ့သနပ်ခါးတုံးတွေနဲ့ ပေါက်ပြီးအော်တာပေါ့"

မောင်ချစ်တို့ အားလုံးအချင်းချင်းကြည့်နေမိကြတယ်။

"ကျွန်မတော့ ဒီမှာမအိပ်ရဲတော့ဘူး။"

"ဒီလိုလုပ်၊ ဒီညတော့ ဒို့ဘုရားခန်းဘက်ပြောင်းအိပ်မယ်။ မင်းသမီးက ဒို့အခန်းထဲပြောင်းအိပ်"

ထုတ်လုပ်သူပိုင်ရှင် ဦးမောင်မောင်က ပြောလိုက်တယ်။ တစ်ဆက်တည်းပဲ ရှူတင်မန်နေဂျာကို အိပ်ရာနေရာအပြောင်းအရွှေ့တွေ လုပ်ခိုင်းလိုက်တယ်။

နောက်နေ့ကျတော့ မင်းသမီး၊ မင်းသားနှင့် ပိုင်ရှင်ကတော့ တည်းခိုခန်းကိုပြောင်းကြတယ်။ မောင်ချစ်ကတော့ ဝက်အဖွဲ့တည်းတဲ့ ဘုန်းကြီးကျောင်းကို လိုက်ပြောင်းတယ်။

မောင်ချစ်တွေးကြည့်တယ်။

အဲ့ဒီနေ့ ညနေက ရုပ်ရှင်ဓါတ်ပုံဆရာ မောင်အေးဟာ သင်းသင်းကို ကြည့်ပြီးဥစ္စာစောင့်မနှင့်နှိုင်းပြောလိုက်တယ်။ သင်းသင်းဟာ မောင်အေး စကားကြောင့် ညဘက်မှာ အိပ်နေရင်း အိပ်မက်တွေ မက်လို့လန့်ပြီးဖြစ်တာများလား။

မောင်ချစ် ရုပ်ရှင်ရိုက်နားတဲ့အချိန်မှာ မြိုင်သာအိမ်ကြီးအကြောင်းစပ်စုမိတယ်။

မောင်ချစ် တည်းခိုတဲ့ကျောင်းမှာ အသက်ငါးဆယ်ကျော်လောက်ရှိတဲ့ လူကြီးတစ်ယောက်ရှိတယ်။

တစ်ချို့က ခေါ်တော့ ကပ္ပိယ၊

တစ်ချို့က ခေါ်တော့ ဖိုးသူတော်၊

တစ်ချို့က ခေါ်တော့ ဥပသကာတဲ့။

အဲ့ဒီ သုံးမည်ရတဲ့ ပုဂ္ဂိုလ်ကြီးဟာ ဇာတော့ဘုန်းကြီးကျောင်းအိပ်တော့ ဘုရားဝင်းထဲက ဇရပ်မှာပါ။ သူက တစ်ခါတုန်းက ကြေးရာဘတ်တစ်ယောက်ဖြစ်တယ်။

သူပြောလိုက်ရင် တုတ်ထိုးအိုးပေါက်။

သဘာဝနှင့် အသဘာဝ။

ဓမ္မနှင့် အဓမ္မ။

"ငါ့တူ . . . လောကမှာ ဒီတရားတွေပဲရှိတယ်။ သဘာဝဆို တာက သ . . . အလိုအလျောက် ဘဝ . . . ဖြစ်ခြင်းတဲ့။ ဓမ္မက တရား . . . သစ္စာတရား . . . အဓမ္မကတော့ . . . မတရား . . . သစ္စာမသိတဲ့တရားပေါ့ကွာ . . ."

မောင်ချစ် ညဘက်တွင် ဇာတ်ညွှန်းရေးပြီးပေးလိုက်တယ်။ နောက်နေ့ရှူတင်မလိုက်တော့ပဲ အဲ့ဒီအဘဆီကို သွားတတ်တယ်။

"အဘိဓမ္မတရားတော်ကြီးမှာ ကုသလာဓမ္မ၊ အကုသလာဓမ္မ၊ အဗျာကတာဓမ္မဆိုတာရှိတယ်။ ပုတုဇဉ်လူသားတွေဆိုတာ ကုသလာ ဓမ္မ ဆိုတဲ့ ကုသိုလ်တရားနဲ့ အကုသလာဓမ္မဆိုတဲ့ အကုသိုလ်တရား တွေပဲရှိတတ်ကြတယ်။"

"ဟုတ်ကဲ့ အဘ"

"ဘဝဆိုတာကလည်း . . . မင်းတို့ စာရေးဆရာတွေရေးကြ သလို . . . ဘဝတစ်ခု၊ ရပ်တည်မှုသည်၊ ကိုယ်ပြုလုပ်ဟန်၊ အကြောင်း ကံ၏ စီမံမပျက်၊ ပို့ဆောင်ချက်ကြောင့်၊ သက်ရောက်အကျိုး၊ တည် တည့်တိုးလိမ့် . . . ကံ . . ကံ၏ အကျိုးကြောင့် ဘဝတွေဖြစ်နေတာ၊ အဘကိုကြည့် "

မောင်ချစ် သူပြောတဲ့ "ကံ"လက်ာလေးကို ရေးမှတ်နေစဉ် သူက ဆက်ပြောနေတယ်။

"အဘငယ်ငယ်တုန်းက ချမ်းသာစည်းစိမ်ခြွေရံသင်းပင်းနဲ့ နေခဲ့ရတယ်။ သောက်သောက်စားစား လူ့မင်းသား၊ မယားချစ်လေ တဲ့ ဆိုတဲ့ လူစားမျိုးပေါ့ကွာ။ အဲ့ဒီလို ပျော်ပျော်ပါးပါးနေကောင်း တုန်း အချိန်မှာပဲ မိန်းမသေတယ်။ စီးပွားပျက်တယ်၊ အိမ်ကိုလည်း ကြွေးနဲ့သိမ်းခံရတယ်။ အဘကို တရားပြလိုက်တာပဲကွာ။"

"ဟုတ်ကဲ့ အဘ"

"ဟုတ်ရမှာပေါ့ကွာ . . ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးမှာ . . အဝိဇ္ဇာပစ္စယာ . . . သင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စ ယာ နာမရူပံတဲ့၊ အဝိဇ္ဇာဆိုတဲ့ မသိလို့၊ သင်္ခါရဆိုတာလုပ်တယ်။

အဲ့ဒီလိုလုပ်ခဲ့လို့ သင်္ခါရက စိညာဏ်ဆိုပြီး ဆက်ကာဆက်ကာ နာမ်ရုပ်တွေဖြစ်လာတယ်။"

မောင်ချစ်ကို သူပြောတာနားဝင်ရဲ့လားဟု တစ်ချက်ကြည့်ပြီးမှ ဆက်ပြောတယ်။

"ငါ့အကြောင်း ပြောရတာကတော့ အဲ့ဒီမြိုင်သာယာ အိမ်ကြီးနဲ့ဆက်စပ်နေလို့ပဲကွာ"

"ဗျာ"

"ဒီလိုလေကွာ . . ငါချမ်းသာတုန်းက အဲ့ဒီအိမ်ကြီးကို ဝယ်ဖို့ကြံသေးတယ်။ သွားလေသူ ငါ့မိန်းမက သရဲကြောက်သလေ၊ တစ္ဆေကြောက်သလေးဆိုတာနဲ့ မဝယ်ဖြစ်တာ"

"အဲ့ဒီအိမ်ကြီးမှာ တစ်ကယ်သရဲတို့ တစ္ဆေတို့ရှိသလား . . . အဘ"

"ရှိသလား . . မရှိဘူးလား ဆိုတာတော့ အဘမနေဘူးတော့ ပြောလို့မရဘူးပေါ့ကွာ၊ ဒါပေမယ့် နောက်ဆုံးနေသွားတဲ့ လူကတော့ တစ္ဆေအခြောက်ခံရဘူးတယ်တဲ့ကွ။"

အဘက တစ္ဆေအကြောင်းဆက်ပြောနေပြန်သည်။

"တစ္ဆေနဲ့ ပတ်သက်လို့ မာန်လည်ဆရာတော်ဘုရားကြီးက ပြောကြလျှင် . . လောကတွင် တစ္ဆေရှိသတဲ့ . . . ဆွေသိငဲ့လား။ သိပါချင်၊ ရှိပါလျှင် "တစ္ဆေ"ဆိုတဲ့ . . . ဒီလိုပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြားဆိုပြီး မင်းကွန်းတောရ ဆရာတော်ကို မေးလျှောက်တယ်။ ဒီအခါမှာ . . မင်းကွန်းတောရဆရာတော်ဘုရားကြီးရဲ့ အဖြေက . . . ပြောကြလျှင်၊ လောကတွင် တစ္ဆေရှိသည်ဟု၊ နှံ့သိကျော်ကြားမျိုးထူးထွေ၊ ဒီတစ္ဆေရှိသည်ဟုတ်ပါဘူး . . . မြေဖုတ်ကို တစ္ဆေပြောကြတယ် . . . လောကလူများတဲ့။"

မောင်ချစ်ကို အဘကတစ္ဆေအကြောင်းထပ်ခါရှင်းပြတယ်။

တစ္ဆေဆိုတာ ပေတ . . . ပေတဆိုသည်မှာ ပြိတ္တာ၊ ပေတပြိတ္တာဟု ဒီကနေ့လူအများခေါ် ဝေါ် နေကြသော သရဲ သဘက်

နှင်စာ၊ မြေဖုတ်၊ ဖုတ်၊ ကျွတ်၊ ဥစ္စာစောင့် စသည်တို့လည်းပါဝင်ကြ ကြောင်း ဗဟုသုတအနေနှင့် ပြောပြနေတယ်။

"အဲ့ဒီတော့ မြိုင်သာယာအိမ်ကြီးအကြောင်းကို ပြောပါဦး အဘ"

"အေး . . . အေး . . . စကားကျယ်တော့လည်း နားငယ်မ ဆန့်ဘူးပေါ့ကွာ၊ မြိုင်သာယာအိမ်ကြီးအကြောင်း ဆက်ရရင်တော့"

× × × × × × ×

မြတ်နိုးတစ်ယောက် မြိုင်သာယာရှေ့သို့ရောက်တိုင်း တစ်မေ့ တစ်မောကြည့်မိသည်။

မြိုင်သာယာသည် အတိတ်နှင့် ပစ္စုပ္ပန်ကို ဆက်စပ်နေသည်။

တောင်ပေါ်မြို့ကလေးတွင်ရှိသော မြိုင်သာယာသည်။ ဟိုး ရှေးယခင်က မျက်နှာဖြူများနေခဲ့ကြသည်။ မျက်နှာဖြူများနေသော ကြောင့် အိမ်၏ဖွဲ့စည်းပုံက ဥရောပဆန်သည်။ အိမ်ကြီး၏ဘေးတွင် အချစ်၏သင်္ကေတ (**Heart**) အသည်းပုံစံရေကူးကန်တစ်ကန် ရှိသည်။ တင်းနစ်ကစားကွင်းရှိသည်။ ထို့နှင့်အတူ ပန်းပေါင်းစုံတို့ ဖြင့် ဝေဝေဆာနေသည်။

သို့ကြောင့်ပင် မြိုင်သာယာဟု အမည်တွင်သည်။

မြိုင်သာယာ၏ အိမ်ကြီးသခင် မင်းမောင်မောင် ကိုမူ မြတ်နိုး ၏ ကျောင်းနေဘက်သူငယ်ချင်း ခင်အေးမွန် ပြောသောကြောင့် ဂေါက် ကွင်းတွင် မြင်ဖူးနေသည်။

မင်းမောင်မောင်သည် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးဖိုဖြစ်နေ သည်။

မင်းမောင်မောင်၏ ချစ်လှစွာသော ဇနီးသည် အိမ်ခြေသည်

တစ်ညရေကူးကန်ထဲတွင် ရေနစ်သေဆုံးနေသည်။ အိမ်ပေါ်မှာ၏ ပြောစကားအရ အိခြွေသည် ရေကူးကန်၏ ရေတိမ်ဘက်တွင်သာ ရေကူးတတ်သည်။

အိခြွေရေကူးတတ်ခြင်းမှာလည်း မင်းမောင်မောင်သင်ပေး၍ ဖြစ်သည်။

လွန်းကြင်ငှက်မောင်နှံလို အသက်တမျှချစ်လှစွာသော ဇနီးသည်ရုတ်တရက်သေဆုံးသွားသောကြောင့် မင်းမောင်မောင် မြိုင်သာယာမှ ခွာ၍စိတ်ဖြေရာဖွေရှာနေခဲ့သည်။

အချိန်သည် အကောင်းဆုံးဆေးဆရာဟု ဆိုရိုးရှိခဲ့သည်။

မင်းမောင်မောင်တစ်ယောက်အချိန်ဖြင့် ကုစားပြီးမြိုင်သာယာသို့ပြန်လာသည်။

မြိုင်သာယာခြံကြီးနှင့် အိမ်ကြီးအရှင်သခင်တို့အကြောင်း ကြားသိရပြီး စိတ်ဝင်စားနေသော မြတ်နိုးသည်။ မြိုင်သာယာ အိမ်ကြီးသို့ဝင်ရောက်နေထိုင်ရမည်ကို စိုးစဉ်းမျှမတွေးမိချေ။

တစ်နေ့ . . . .

"မြတ်နိုး . . . နင့်အဖေကားမှောက်လို့"

ကျောင်းမုန့်ဆိုင်တွင် ခင်အေးမွန်နှင့်အတူ မုန့်စားနေစဉ် အိမ်နီးနားချင်း ဦးပိုင်စိုးက လာခေါ်သည်။

မြတ်နိုးနှင့် ခင်အေးမွန်တို့သည် ခင်အေးမွန်၏ အစီအစဉ်ဖြင့် ဂေါက်ကွင်းတွင် ဂေါက်ရိုက်နေသော မင်းမောင်မောင်ကို အကူအညီတောင်း၍လိုက်သွားသည်။

မြတ်နိုးရောက်တော့ ဖခင်ဦးဘခက်၏ အလောင်းကိုတောင်အောက်ချောက်ထဲမှ ကားလမ်းပေါ်သို့တင်ပြီးဖြစ်သည်။

မြတ်နိုး၏ဘဝသည် ကမ္ဘာပျက်သလိုခံစားသွားရသည်။ အမေမရှိကတည်းက ဒီအဖေသည် ဒီအမေ။ ဒီအဖေသည် ဒီအမေ။ မြတ်နိုးကိုကုန်ကားမောင်း၍ ကျောင်းထားပေးခဲ့သည်။

မိဘများကို မြင့်မိုရ်တောင်နှင့် ပုံခိုင်းကြသည်။

မြင့်မိုရ်တောင်သည် ပြိုလဲသွားပါပကော။

ဦးဘခက်၏အလောင်းမြေကျသည်အထိ မင်းမောင်မောင်က အကူအညီပေးသည်။

မြတ်နိုးစာမေးပွဲဖြေသည်အထိ မင်းမောင်မောင်၏အကူအညီဖြင့် ဘဝကိုမှပ်တည်နေရသည်။

သို့နှင့် . . . .

မြတ်နိုးစာမေးပွဲအောင်စာရင်းထွက်သည့်နေ့တွင် မင်းမောင်မောင်က စခန်းသာတွင် နံနက်စာကျွေးမွေးရင်း လက်ထပ်ခွင့်တောင်းသည်။

အချစ်သည်ပထမ၊ အိမ်ထောင်ရေးသည် ဒုတိယ။

မြတ်နိုးဘဝတွင် ပထမနှင့် ဒုတိယသည် တစ်ချိန်တည်းဖြစ်သွားသည်။

မင်းမောင်မောင်က တစ်ခန်းတစ်နား မင်္ဂလာပွဲဆင်နွှဲလိုသော်လည်း ဖခင်သေဆုံးပြီးသည်မှာ မကြာသေးသောမြတ်နိုးက ရုံးတွင်လက်မှတ်ထိုး၍ လက်ထပ်စေခဲ့သည်။

မြို့သာယာအိမ်ကြီးသို့ မြတ်နိုးရောက်လာခဲ့သည်။ အိမ်ကြီးသို့ရောက်လာသောအခါ ဘဝဆိုသည်မှာ ကျောင်းစာများထဲ၌သာ သင်ခန်းစာရခဲ့ဖူးသော မြတ်နိုး ယောင်ချာချာဖြစ်နေသည်။

သူ့ဘဝကိုတွေးရင်း မြတ်နိုး ခုတင်ပေါ်သို့ထိုင်သည်။

ထိုင်ရင်းက ညောင်းလာသောအခါ လှဲမိသည်။

လှဲရင်းက အိပ်ငိုက်လာသည်။ မှေးကနဲဖြစ်သွားသည်။

"အမေ"

"ဝုန်း"

မြတ်နိုးခုတင်ပေါ်မှ တွန်းချခံလိုက်ရသည်။

မြတ်နိုးသည် ကြမ်းပြင်ပေါ်တွင် ခွေခွေကလေးကျနေရာက ခုတင်ပေါ်သို့ပြန်ကြည့်သည်။

ခုတင်ပေါ်တွင်လည်း မည်သူမျှမရှိ။

အိပ်ခန်းတွင်းသို့ကြည့်ပြန်သည်။

အိပ်ခန်းထဲတွင် သူမှတစ်ပါး မည်သူမျှမရှိချေ။

မြတ်နိုးကိုယ့်စိတ်ကိုတင်းကာ ခုတင်ပေါ်တွင် ပြန်ထိုင်သည်၊

"အမယ့်လေး"

မြတ်နိုးခုတင်ပေါ်မှ ထပ်၍တွန်းချခြင်းခံရပြန်သည်။

မြတ်နိုးလန့်ပြီးတံခါးဖွင့်၍ လှေခါးမှဆင်းလာသည်။ လှေခါးတစ်ဘက်မှလည်း မိန်းမတစ်ယောက်က ဆင်းလိုက်လာသည်။

မြတ်နိုးသေသေချာချာကြည့်သည်။

မျက်နှာကပြားချပ်ချပ်၊ မျက်လုံးဟောက်ပက်၊ နှာခေါင်းမရှိ အရိုးခေါင်းတစ်ခုကို အရေပြားဖုံးထားသလိုဖြစ်နေသည်။

"အမယ့်လေး"

"အား . . ."

မြတ်နိုးလန့်အော်ပြီး လှေခါးမှ ဒလိန့်ခေါက်ခွေးကျသွားသည်။

× × × × × × ×

"မြတ်နိုးကိုတော်တော်ဆေးကုပေးလိုက်ရသေးသကွ"

"နောက်ထပ် မြိုင်သာယာမှာ လူတွေမနေတော့ဘူးလား အဘ"

"နောက်ထပ်လူလည်းမနေဘူး၊ ဝယ်မယ့်သူလည်းမရှိဘူး မင်းမောင်မောင်တို့တောင်မှ စခန်းသာဘက်ကိုပြောင်းရွှေ့နေကြတယ်"

"ဒီလောက်တောင်ပဲလား အဘ"

"ဒါ့ထက်တောင်ပိုသေးတယ်၊ ဒါထင်တာကတော့ မြိုင်သာ

ယာမှာ မင်းမောင်မောင်တို့နဲ့ အတူနေတဲ့ ခြေရှုံသင်းပင်းတွေက လည်းမဟုတ်တာတွေပါတယ်။"

"ဘယ်လိုမဟုတ်တာလဲအဘ"

"ပြောရရင်တော့ . . . ဒွေးရောဌပါဒ်ပါကွာ၊ မင်းမောင်မောင် ရဲ့ပထမဇနီး အိန္ဒြေရဲ့ ဆွေနီးမျိုးစပ် ဘဏ္ဍာစိုးအမေမိုးဆိုတဲ့ မိန်းမကြီး ဟာမြတ်နိုးအပေါ် ကုသာမစ္ဆရိယစိတ်လည်းပါတယ်။ နောက်ခြံ စောင့်ဦးယျာဉ်မှူးကြီး အဘကျော်ရဲ့ နောက်ဘဝကိုမယုံကြည်တဲ့ ဥစ္ဆေ ဒိဋ္ဌိ အယူတွေလည်းပါတယ်။ အဲ့ဒီတော့ အမေမိုးအစွဲကြောင့် ကျွေး မွေးထားတာတွေရယ်၊ အဘကျော်ရဲ့ တစ်ယူတန်ကြောင့် သောက်စား ဖြုံးတီးကြွင်းစားကျန်တွေကိုခွက်ခေါက်ပြီး ငါကျွေးမှစားရတဲ့ အကောင် တွေစားကြဟဲ့သောက်ကြဟဲ့ဆိုပြီး ရွဲ့တာတွေလည်းပါတယ်။"

မောင်ချစ်သည် အဘပြောပြသောစကားများထဲမှ ကုသမစ္ဆ ရိယနှင့် ဥစ္ဆေဒဒိဋ္ဌိအကြောင်းအထူးမှတ်သားစဉ်းစားနေတယ်။

ကုသာမစ္ဆရိယဆိုသည်မှာ မနာလိုဝန်တိုခြင်း။

ဥစ္ဆေဒဒိဋ္ဌိဆိုသည်မှာ ဒီဘဝသာရှိသည်၊ နောက်ဘဝမရှိ ဟူသော အဝပြတ်အယူဝါဒဖြစ်သည်။

"အေးပေါ့ကွာ **Little knowledge is very dangerous** တဲ့ **Jack of all trade master of none** ဆိုတဲ့စကားတွေဟာ သူတို့နဲ့ လာအပ်စပ်နေတယ်။"

အဘက သိုးဆောင်းစကားပုံတွေနှင့် ညှပ်ပြောနေသဖြင့် မောင်ချစ်သဘောကျသွားသည်။

မောင်ချစ်ရန်ကုန်သို့အပြန်တွင် မြင်သာယာ၏အဖြစ်အပျက် တွေကရင်ထဲတွင်စိုးမိုးနေသည်။

တစ်ဆက်တည်းပင် မိုးကုတ်ဆရာတော်ဘုရားကြီး၏တရား တော်လင်္ကာကိုလည်း ဆင်ခြင်မိသည်။

အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန်၊ ကကြောင့် ရုပ်နာမ်ပေါ်

ပန်းဆိုးတန်းက ရုပ်ရှင်သမားများထိုင်တဲ့ ကိုတင်လှိုင်၏ လက်

ာက်ရည်ဆိုင်တွင်လည်း မြိုင်သာယာ၏အကြောင်းကို ထပ်မံကြားရ
ပြန်တယ်။

"ဟုတ်တယ်၊ ဒို့လည်းမြိုင်သာယာဒိမ်ကြီးအကြောင်းကြား
ဘယ်၊ ဒို့တော့မတည်းဖူးဘူး၊ ကိုဝင်းတို့တည်းဖူးတယ်"

လျှကြမ်းမော်ကြီးကပြောတော့ လျှကြမ်းရောဇါတ်ပို့ပါလုပ်နေ
တဲ့ မောင်ဝင်းကထောက်ခဲ့တယ်။

"ဟုတ်တယ်၊ ကြာတော့ကြာပြီ၊ အဲ့ဒီတုန်းက ကျွန်တော်က
ဇါတ်ပို့အဖြစ်နဲ့ ဇါတ်ကားတစ်ကားမှာပါသွားတယ်။ ကျွန်တော်တို့
အဖွဲ့ထဲမှာပါတဲ့ ဇါတ်ညွှန်းရေးဆရာတစ်ယောက်ကိုချောက်ခံရတယ်"

"ဗျာ"

"ဇါတ်ညွှန်းရေးဆရာဆိုလို့ မလန့်သွားပါနဲ့၊ ခုတော့ဘုန်းကြီး
ဝတ်သွားပါပြီ၊ သူကလက်တွေ့မှုယုံတဲ့လူ။"

"ဘယ်လို ချောက်ခံရသလဲဆိုတော့ တစ်ညမှာ သူကဒီဘက်
လှေခါးကဆင်း . . ဟိုဘက်လှေခါးမှာလည်း ခေါင်းပြတ်မိန်းမကြီးက
ဆင်းလာတာတွေ့တယ်တဲ့"

"အဲ့ဒီကတည်းက ဇါတ်ညွှန်းရေးဆရာ အာစရိလည်းကျွတ်
သွားတယ်"

ရုပ်ရှင်သမားဆိုတာ တစ်ဇါတ်ထုပ်ကို ဇါတ်ရုပ်တစ်မျိုးနှင့်
လုပ်နေကြရပြီး သံသရာလည်နေကြရတယ်။

မောင်ချစ်လည်း ဇါတ်ညွှန်းမရေးဖြစ်လဲ စာပေဘက်မှာပြန်
ကျင်လည်နေရတယ်။

တစ်နေ့တော့ မောင်ချစ်ဆရာ ဒါရိုက်တာ ဦးတင်ယုက ဇါတ်
ညွှန်းရေးခိုင်းလို့ မြိုင်သာယာရှိရာတောင်ပေါ်မြို့ကို ရောက်သွားပြန်
တယ်။

မြိုင်သာယာအကြောင်းသိချင်လို့ အဘကပွဲယကြီးနှင့် သွား
တွေ့တယ်။

"မြိုင်သာယာက ခုတော့နာမည်နဲ့လိုက်အောင်သာယာနေပါ

ပြီကွာ"

"ဘယ်လိုသာယာနေတာလဲအဘ"

"ဒီလိုကွ . . . မြို့သာယာမှာ မင်းမောင်မောင်နဲ့ မြတ်နိုးတို့ ဇနီးမောင်နှံလည်းပြန်နေကြတယ်"

"ဒီလိုဆို သရဲ မခြောက်တော့ဘူးပေါ့နော်"

"အေးပေါ့ကွာ . . ကျွတ်ချိန်တန်တော့လည်း ကျွတ်ရမှာ မင်းမောင်မောင်ရဲ့ ပထမမိန်းမ အိခြွေက သူ့ယောကျ်ားကို သိပ်ချ တာ၊ ချစ်တော့အစွဲအလန်းကြီးတာပေါ့ကွာ၊ စွဲလန်းတယ်ဆိုတာ ဥပ ဒါန်ပဲကွာ၊ ဝေဒနာပစ္စယာ . . . တဏှာ၊ တဏှာပစ္စယာဥပါဒါန်၊ ဥပ ဒါန်ပစ္စယာဘဝေါလို့ ဟောထားတယ်မဟုတ်လား၊ အိခြွေဟာလည်း ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ပြီးတစ္ဆေဖြစ်နေတယ်။"

"ဘယ်လိုတစ္ဆေဘဝက ကျွတ်သွားတာလဲ အဘ"

"အေး . . . ရတနာသုံးပါးရဲ့ တန်ခိုးတော်ပေါ့ကွာ၊ မင်းမောင် မောင်တို့ဟာ အစကတော့ အပူသည်တွေဆိုတော့ အယောနိသောမန သိကာရ နှလုံးသွင်းမမှန်ဘူးကွ၊ နောက်တော့ တရားသွားတွေ့တယ် ယောနိသောမနသိကာရ နှလုံးသွင်းမှန်သွားတယ်။ ကိုးကွယ်ရမှာက ရတနာသုံးပါး၊ ကျင့်ကြံရမှာက ဒါနသီလဘာဝနာ၊ အိခြွေအတွက် ကောင်းမှုကုသိုလ်တွေလုပ်ပေးတယ်။ ကောင်းရာသုဂတိရောက် အောင်အမျှအတန်းပေ ဆောင်ရွက်ပေးတယ်။"

"ကောင်းတာပေါ့အဘရာ"

"ကောင်းတာတော့မပြောနဲ့ အိခြွေတွင်မဟုတ်ဘူး၊ ဣသာ မစ္ဆရိယတွေများတဲ့ အမေမိုးနဲ့ ဥစ္စာဒိဋ္ဌိဖြစ်နေတဲ့ အဘကျော်ပါရော ကျွတ်သွားတာပဲဟေ့။"

"သာဓုဗျာ . . . သာဓု . . . သာဓု"

သတ္တဝါတစ်ခု၊ ကံတစ်ခုဟု မောင်ချစ်မှုဒီတာပွားမိပါတယ်။

ချစ်သန်းမြင့်

"လူဆိုတာချိတဲ့အမျိုး"

စိုးရန်နိုင်

ဒီဇမ္ဗူတစ်ခွင်တွင် လူမြင်ရင်သိလောက်ပါရဲ့ဆိုရမည်။

လူမပြောနှင့် ထန်းပင်တွေလည်းသိမည်ထင်သည်။

သန်လျင်မြို့အရှေ့ဘက်ခြမ်းတွင်ရှိသော သော်တော်တွင်း၊ အညာစုတစ်ဝိုက်တွင်ရှိသော ဦးတင်မောင်၏ထန်းရည်ဆိုင်သို့လည်း သူတို့ရောက်တတ်သည်။ အုတ်ဖိုစုတွင်ရှိသော ဦးစိန်မောင်၏ထန်းရည်ဆိုင်သို့လည်း သူတို့ရောက်တတ်သည်။ ထန်းပင်ကုန်းနှင့် ဗိုလ်ချုပ်ရွာဘက်တွင်ရှိသော ထန်းရည်ဆိုင်များသို့လည်း သူတို့ရောက်တတ်သည်။ သဲလမ်းဘက်တွင်ရှိသော ချက်အရက်ဆိုင်များသို့လည်း သူတို့ရောက်တတ်သည်။

အုပ်စုလိုက်ပျောက်နေလျှင် အဲဒီနေရာများသို့သာသွားရှာပေရော့။ တစ်နေရာမတွေ့လျှင် တစ်နေရာမှာတော့တွေ့ရမည်။

သူတို့ဆိုတာက သာရေးနာရေး ဟိုအရေးဒီအရေး ပွဲတိုင်းကျော်သည့် ရေနံလိုင်းထဲမှ စိုးသန်းနှင့် ခင်မောင်၊ အောင်မင်္ဂလာရပ်ကွက်မှ မောင်မောင်နှင့် မြင့်အေး၊ ပြီးတော့ကြီးမိုက်နှစ်ယောက်ဖြစ်သော ထွန်းလှနှင့် တင်ညွန့်တို့ဖြစ်ကြသည်။

မြန်မာစကားတွင် သုံးယောက်ပေါင်းလောင်းကျော်သာရှိသည်။ ယခုလို သူတို့ခြောက်ယောက်ပေါင်းမိပြီဆိုလျှင် ညောင်သုံးပင်သချိုင်းကုန်းက သရဲတစ္ဆေအရှုယ်စုံတို့သည် အိမ်သာလို့ခေါ်သည့်သဘောထားကာ ငြိမ်သက်နေကြပြီလား မပြောတတ်တော့ပေ။

ဒီကနေ့လည်း အရှေ့ဘက်ခြမ်းရွာများကမဟုတ်ပဲ ရွာလယ်ရှိဦးစိန်မောင်ထန်းရည်ဆိုင်တွင် စုရပ်ထား၍ဆုံကြသည်။

"ငါမနက်ဘောလုံးကွင်းဈေးသွားတော့ လယ်ကြွက်ကင်ရတာ နဲ့ကြော်ပြီးယူလာတယ်။"

တင်ညွန့်က သူယူလာသော ကြွက်ကြော်ထုပ်ကလေးကို ဝိုင်းထဲသို့ချလိုက်သည်။

တင်ညွန့်ပြောသော ဘောလုံးကွင်းဈေးဆိုသည်မှာ သန်လျင် ဌာနေများ၏အခေါ်အဝေါ်သာဖြစ်သည်။ အများအခေါ်နှင့် ကားသ မားတွေအခေါ်အဝေါ်ကတော့ သန်လျင်ဈေး၊ မြို့မဈေး၊ ဘောလုံး ကွင်းဈေးဖြစ်သည်။

"ကျွန်တော်ကတော့ မိန်းမကို ချော့ပြီးတောင်းလာတဲ့ ငါး ချောက်ဖုတ်ပဲပါတယ်။"

"မင်းတို့က မိန်းမနဲ့ဆိုတော့ ကြွားကြပေါ့ကွာ၊ ဒို့က လူပျို လူလွတ်ဆိုတော့ ဦးစိန်မောင်ဆိုင်က လက်ဖက်သုတ်ပဲတတ်နိုင် တယ်။"

တစ်ယောက်တစ်ပေါက်ပြောရင်း ထန်းရည်မှာ၍သောက်ကြ သည်။ ပထမတစ်ဝိုင်းတွင် ထန်းရည်နှစ်ပိသာတစ်အိုးလောက်နှင့် စပေမယ့် နောက်တစ်ဝိုင်းတွင် ထန်းရည်ချည်းသောက်ရတာပေါ့သည် ဆိုကာ ချက်အရက်တစ်ပိုင်းပါရောလိုက်သည်။

"နှစ်ပင်လိန်ပေါ့ကွာ"

"ကော့ တေး(လ်)"

"ဟ . . . ထန်းရည်သောက်ပြီး မင်းတို့ကိုမင်းတို့ အဝိုင်းဆိုင် ရောက်နေသလို ကော့တေး(လ်)တွေ ဘာတွေလုပ်နေပြန်ပြီ။"

"အဝိုင်းဆိုလို့ အဘချစ်နဲ့ ကိုကြီးကျော်ကို သတိရတယ်ကွာ"

မောင်မောင်ကတမ်းတမ်းတတ ပြောလိုက်သည်။

အဘချစ်ဆိုသည်မှာ သန်လျင်မြို့ထဲတွင်နေသော စာရေး ဆရာဦးချစ်သန်းမြင့်နှင့် ကိုကြီးကျော်ဆိုသည်က ဦးကျော်မင်းနိုင်တို့ ပြောခြင်းဖြစ်သည်။

"နှစ်ယောက်စလုံးပျောက်နေတယ်ကွ"

"ပျောက်ဆို အဘချစ်က ရုပ်ရှင်ရိုက်နေတယ်။ ကိုကြီးကျော်ကလည်း လုံးချင်းတစ်ပုဒ်ရေးနေတယ်တဲ့ကွ"

"ဟုတ်ရဲ့လားကွာ . . . ဟိုတစ်လောက နေ့လည်ကြီးမှာ သဲလမ်းဘက်ကဆိုင်မှာ သောက်ပြီးညောင်သုံးပင်သချိုင်းမှာ သုဘရာဇာတွေ တူးနေတဲ့ ကြွင်းကိုကူတူးပြီးကတည်းက ပျောက်သွားတာ အပများမှီပြီးနေမကောင်းကြလို့လားကွာ။"

သောက်ရင်း စားရင်း တမ်းတရင်းဖြင့် အတင်းချနေကြသည်။

ဟုတ်သည်။

တစ်နေ့ . . . .

ဦးချစ်သန်းမြင့်နှင့် ကိုကျော်မင်းနိုင်တို့က အသက်နှစ်ဆယ်နီးပါးကွာပေမယ့် အသက်ကို အရက်နှင့်ညှိ၍နေကြသည်။

ကိုကျော်မင်းနိုင်သည် ဦးချစ်သန်းမြင့်ကိုခေါ်ပြီး ပျော်ပွဲစားထွက်သည့်သဘောဖြင့် အမြည်းအစုံအလင်ဝယ်ကာ ညောင်သုံးပင်သဲလမ်းဘက်သို့ထွက်လာသည်။

သူတို့နှစ်ယောက်သည် ဆိုင်သို့ရောက်လာသည့်လူများအားမိတ်ဆွေဖွဲ့ကာ တစ်ခွက်တစ်ဖလားတိုက်သည်။ ညီသည်က တိုက်ပြီဆိုတော့ အိမ်ရှင်တို့ကလည်း ပြန်ညီဝတ်ကျေပွန်သည်။

ခွက်လှည့်ဆွဲရင်းပေါက်သွားသည်။

နောက်ဆုံးတစ်ပုလင်းကို ဆက်မသောက်တော့ပဲ ပုလင်းလိုက်ဆွဲလာကာ ညောင်သုံးပင်သချိုင်းမှ ဖြတ်ပြန်လာသည်။

သချိုင်းထဲတွင် သုဘရာဇာတစ်ယောက်သည် ချွေးတရွှဲရွှဲဖြင့်လူသေမြှုပ်ဖို့ကြွင်းတူးနေသည်။

"အဘ ပင်ပန်းတယ်၊ ကျွန်တော်တို့ကူတူးမယ်။"

"ဟုတ်တယ်၊ ကျုပ်တို့ကူတူးပေးမယ်"

သူတို့နှစ်ယောက်သည် စေတနာဗလဖွနှင့် ပါလာသည့်ချက်အရက်ပုလင်းကို သုဘရာဇာကြီးအားပေးရင်း တစ်ယောက်တစ်လှည့်ကြွင်းတူးကြသည်။

"တူး . . . ကျော်ကြီး တူး . . . မသာတစ်ခေါက်ကျောင်းဆယ်ခေါက်တဲ့၊ မသာပို့ရင်တောင် အဲ့ဒီလောက်ကုသိုလ်ရနေတာ၊ ခုလို မသာကြွင်းတူးပေးတော့ ပိုကုသိုလ်ရတယ်။"

"အဘချစ်ပြောသလိုဆိုရင် ဟုသုဘရာဇာကြီးများသေရင် ကုသိုလ်တွေ အရမ်းရလို့ဒါရိုက်တစ် နတ်ပြည်တက်တယ်။"

"ယုံတတ်ရင် ဘာဝနာပေါ့ကွာ"

အဲ့ဒီရက်နောက်ပိုင်းတွင် ဦးချစ်သန်းမြင့်နှင့် ကိုကျော်မင်းနိုင်တို့ကို မတွေ့တော့ . . .

"နေပါဦး . . . အဘချစ်နဲ့ ကိုကြီးကျော်တို့အကြောင်းတွေ ဒီလောက်သိနေရအောင်၊ မင်းပါသွားလို့လား။"

"ဟာ . . . အဘတူး၊ ဟောဒီအကောင် စိုးသန်းပြောတာကွ"

"ဟုတ်တယ်ကွ၊ ဦးလေးက ငါ့ကိုပြန်ပြောပြတယ်။"

"ဟုတ်မှလည်းလုပ်ပါ စိုးသန်းရာ၊ အဘတို့နှစ်ယောက် ကျင်းတူးရင်း မူးမူးနဲ့ ငရဲပြည် ဒိုးယုပေါက်လေ့လာရေးသွားသလား"

သူငယ်ချင်းများ ပေါက်တတ်ကရ ဟာသလုပ်နေကြသည်။

တစ်ဖြည်းဖြည်းနှင့် မိုးချုပ်လာသည်။

ထန်းရည်ဆိုင်တွင် လူစဲသွားပြီး။

"ဟေ့ကောင်တွေ ဒို့ညောင်သုံးပင်ဘက် ချီတက်ကြမယ်"

မောင်မောင်က စဖေါက်သည်။

"မိုးချုပ်ပြီကွာ"

စိုးသန်းကတားသည်။

"မိုးချုပ်တော့ ဘာဖြစ်လဲ"

"မင်းကြောက်သလား"

စိုးသန်းကို အားလုံးက ဝိုင်းကောကြသည်။

"ကြောက်တာ၊ မကြောက်တာထက် မင်းတို့အစီအစဉ်က ဘာမှန်းမှမသိတာ"

"အေး . . . ငါတို့အစီအစဉ်ဟာ ညောင်သုံးပင်သွားပြီဆို

တော့ သချိုင်းကိုရောက်မယ်ကွာ"

"တော်ပြီ . . . ငါမလိုက်ဘူး"

"ဘာရမလဲ စိုးသန်းရာ၊ ဒို့ငယ်ပေါင်းကြီးဖော်တွေ၊ မင်းတစ်ယောက်တည်းခွဲသွားလို့ ငါတို့စိတ်မချဘူး"

"ဟုတ်တယ်။ ဒို့အထဲမှာ မင်းကအသက်ကြီးပေမယ့် အသေးဆုံးအကောင်၊ မတော်လို့ တစ်ယောက်တည်း၊ လမ်းမှာသူများစော်ကားသွားမှဖြင့် ငါတို့အကုန်လုံးဘော်ဒါစိတ်မရှိရာကျနေမယ်။"

ပြောပြောဆိုဆိုနှင့် အရက်နှင့်ထန်းရည်ဖိုးရှင်းပြီး စိုးသန်းကိုဆွဲခေါ်သွားကြသည်။

"ညကလည်း ခပ်မည်းမည်း"

ထွန်းလှ ကစပြီးသီချင်းဆိုသည်။

"လကလည်း စပ်ဖြဖြ"

တင်ညွန့်က နဘေထပ်နှင့် ဖြည့်သည်။

"ညကလည်း ခပ်မည်းမည်း၊ လကလည်း စပ်ဖြဖြ၊ ဒို့အချစ်တော့ မသိပါပဲ"

"ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ"

"ဝုတ် . . . ဝုတ် . . . ဝုတ်"

အားလုံးက သံပြိုင်လိုက်တော့ သဲလမ်းတစ်လျှောက်မှ ခွေးများက ဝိုင်းဟောင်ကြသည်။

"ညချမ်းအချိန်မှာကွယ်"

"မသန်းထမှီမပါပါတယ်"

ဤသို့ သီချင်းများဆိုရင်းဖြင့် ညောင်သုံးပင်သချိုင်းသို့ရောက်လာသည်။

"ဟောကောင်တွေ . . . ဟိုမှာကြည့်လိုက်စမ်း"

"ဘာလဲ "

"သရဲလား"

"မင်းအဘသရဲရမလားကွ၊ ဒီကောင်တွေ မီးလင်းအောက်တယ်

သချိုင်းကုန်းရဲ့အလှသဘာဝကိုကြည့်စမ်း၊ ညောင်သုံးပင်ဆိုပေမယ့် ရှေးသရောအခါက ရှိချင်ရှိမယ်၊ ခုတော့ဟိုမှာညောင်တစ်ပင်ထဲရယ် ဇရပ်ရယ်၊ အုတ်ဂူဖွေးဖွေးရယ်။"

ထွန်းလှက သချိုင်းကုန်းကိုကြည့်ပြီးခံစားနေသည်။

"သချိုင်းရောက်လာပြီ၊ ဒို့ဘာလုပ်ရမလဲ"

"ဘာလုပ်ရမလဲ . . . ကိုတင်ညွန့်"

"ဘာလုပ်ရမလဲ ဆိုတော့ . . . သချိုင်းရောက်ရင် ဝမ်းနည်း ပူဆွေးရမှာပေါ့ကွ"

"ဟုတ်တယ်၊ ဒီသချိုင်းမှာ ဒို့ဆွေမျိုးတွေ သေတော့မသာပို့ခဲ့ ဖူးတယ်။ ဘယ်နေရာမှာမြှုပ်ထားတယ်ဆိုတော့ ညကြီးမိုးချုပ်မှာလိုက် ရှာဖို့တော့မလွယ်ဘူး၊ အဲဒီတော့ ဒို့ဟိုရှေ့က အုတ်ဂူတွေမှာ တစ် ယောက်တစ်ဂူနှုန်းနှင့် ခွဲတမ်းချပြီးငိုကြမယ်။"

ပြောရင်းဆိုရင်း ကြီးမိုက်တင်ညွန့်က စပြီးအုတ်ဂူတစ်ခုအား တွင်ထိုင်ချကာ စငိုသည်။

"သေသောသူ ကြာရင်မေ့ဆိုပေမယ့်၊ ခုထက်ထိမင်းကို မမေ့ နိုင်သေးပါလား"

တင်ညွန့်ငိုနေသော အုတ်ဂူသည် အသက်အရွယ်ကြီးသော မိန်းမအုတ်ဂူဖြစ်နေသည်။

"အဟီး . . ဟီး . . ဟီး"

"အဟင့် . . အဟင့်"

"အမယ့်လေး . . . အခုတော့ ငါ့တစ်ယောက်ထည်းပစ်ထား ခဲ့ပလား"

ညောင်သုံးပင်ကင်းတဲမှ လက်နှိပ်ဓါတ်မီးများဖြင့် လှမ်းထိုး ကြည့်သည်။

"ဘယ်ကကောင်တွေလဲမသိဘူး"

"ညဘက်အသုဘလာချတာဖြစ်မယ်"

"ရှိုးမှ ရှိုးရဲ့လား"

"သူ့အကန့်နဲ့သူ"

"မင်းတို့ပါ အမှုတွဲထဲရောပါနေဦးမယ်"

ကင်းသမားများ၏ စကားပြောသံများငြိမ်သွားသည်။

မငြိမ်သည်က သူတို့တစ်တွေပဲဖြစ်သည်။

"ဟေ့ကောင် . . တင်ညွန့်"

"ဘာလဲ"

"ဒီလောက် ငိုရရင်တော်တော့ကွာ။ သေတဲ့လူလည်းသေသွား ပြီ၊ မင်းငိုနေလို့လည်း ပြန်ရှင်လာမှာမဟုတ်ဘူး။ မင်းဆက်ငိုချင် ... ခေါ်လာခဲ့"

ထွန်းလှ ဆေးလိပ်မီးညှိသောက်ရင်းပြောသည်။

"ဟုတ်တယ် . . ကိုထွန်းလှပြောတာမှန်တယ်။ ဆက်ငို ... အောင် ကိုတင်ညွန့် အိမ်ခေါ်လာခဲ့ပါလား။"

ခင်မောင်က ထပ်အတွန့်တက်လိုက်သည်။

သူတို့ကတော့ မူးမူးရူးရူးနှင့် ပျော်စေပျက်စေပါပဲ။ ဒါပေမယ့် တစ္ဆေ(မြို့ထွာ) တစ်ကောင်က ကြောက်တတ်သော စိုးသန်းနှင့် ... ပါလာသည်။

ပြီးတော့ . . . .

စိုးသန်းတူကလေး မောင်ငယ် ညဘက် ဗီဒီယိုရုံကအပြ... အိမ်ရှေ့သရက်ပင်ပေါ်မှ လက်မဲကြီးနှင့် လှမ်းဆွဲသည်ဆိုကာ ... ဖျားဖျားတော့သည်။

နောက်နေ့များတွင်လည်း မောင်ငယ်သည် "ကြောက်တ... . . . ကြောက်တယ်"ဟုပြောကာ တစ်ငိုငိုတစ်ရယ်ရယ်ဖြစ်နေသော ကြောင့် စိုးသန်းကို မေးကြသည်။

"ကျွန်တော်ခေါ်လာတာတော့မဟုတ်ဘူး။ ခေါ်လာခိုင်းတာ... က ကိုတင်ညွန့်ကို"

စိုးသန်းသည် ယမန်နေ့ညက သချိုင်းကုန်းသို့ ရောက်သွ... ပြီးအပျော်လွန်ခဲ့သည့်အဖြစ်ကို ပြန်ပြောပြသည်။

"ပေါက်ပေါက်ရှာရှာပဲ။ ညမိုးချုပ်မှာ သချိုင်းကုန်းကိုသွားငုံပြီး တစ္ဆေကိုအိမ်ခေါ်လာရတယ်လို့၊ နင်မခေါ်ပေမယ့် နင်ကလိပ်ပြာငယ်တော့ခံရတာပေါ့"

"ဒီလိုပြောနေလို့မပြီးဘူး။ ပယောဂကုတဲ့ ဆရာပြမှဖြစ်မယ်"

"ပယောဂ ဆရာဆိုရင်တော့ . . . တောင်ပိုင်းက ဆရာစိန်ဘနာမည်ကြီးပဲ။ ဆရာစိန်ကို ပင့်ပြီးပြကြည့်ပါလား။"

ဤသို့ဖြင့် ဆရာစိန်ကို သွားပင့်သည်။

ဆရာစိန်က လွယ်အိတ်ကြီးထဲသို့ ပစ္စည်းပစ္စယများထည့်ပြီး အိပ်ရာနားကကြိမ်လုံးဆွဲကာလိုက်လာသည်။

အိမ်ရောက်သည်နှင့် ကွမ်းယာဝါးရင်း မောင်ငယ်ကိုကြည့်လိုက်၊ အိမ်နှင့် ပတ်ဝန်းကျင်ကိုကြည့်လိုက်နှင့် အကဲခတ်သည်။

"ဒုက္ခပဲ . . . အကုန်းလုံးတော့ သေကုန်တော့မှာပဲ"

ဆရာစိန်၏ စကားကြောင့် စိုးသန်းနှင့်တစ်ကွ တစ်အိမ်သားလုံးမျက်လုံးပြူးသွားသည်။

"မလုပ်ကောင်း လုပ်ကောင်းတွေလုပ်၊ မထားကောင်းထားကောင်းတွေထား၊ မင်းတို့ဒုက္ခမတွေ့ရင် . . . အင်း"

"ဘာဖြစ်လို့လဲ ဆရာ"

"ဘာဖြစ်ရမှာလဲ အိမ်ရှေ့က ကြိုးတန်းကိုထောက်ထားတဲ့ ဝါးတိုင်၊ ဝါးလုံးထဲကို နောက်ထပ်ဝါးလုံးတစ်ခုက ပိုက်လိုစွပ်ပြီး ထောက်ထားတယ်၊ အဲ့ဒီလိုမလုပ်ကောင်းဘူး"

"ဟုတ်လား ဆရာ"

"ဟုတ်တယ်၊ အဲ့ဒီလိုလုပ်ထားလို့ လူသေတာတောင်တွေ့ဖူးတယ်။"

"ဟဲ့ . . . စိုးသန်း၊ နင်လုပ်ထားတာ နင်သွားဖြုတ်စမ်း"

စိုးသန်းအစ်မ မြင့်မြင့်က ပြာပြာသလဲပြောလိုက်သည်။

စိုးသန်းဝါးလုံးကိုဖြုတ်ပြီး တစ်ခါတည်း အစတုံးခွဲပစ်လိုက်သည်။

ဆရာစိန်က မောင်ငယ်ကိုကြည့်သည်။

လွယ်အိတ်ကြီးထဲမှ ယွန်းကွမ်းအစ်ငယ်တစ်ခုကို ထုတ်ယူပြီးလျှင် ဆေးဗူးများဖွင့်နေသည်။

"ဖျားတာလည်း ကုရမယ်။ ပယောဂလည်းကုရမယ်ဆိုတော့ကာ ဖျားတာကတော့ အဖျားကျရင်ကောင်းသွားမှာပါ။ ပယောဂကတော့ ဆက်လုပ်ရဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

"အိမ်ပေါ်မှာလည်း ဘိုးတွေက စုံလို့ပါလား"

"ကျမတို့ မိရိုးဖလာအရ ကိုးကွယ်ထားတာပါ။ သူ့ဘက်ကိုယ့်ဘက်ဆိုင်ရာပိုင်ရာတွေပါ။ ယောကျ်ားဘက်က တရုတ်စပ်တော့ သူ့အတွက်တင်ထားတာတွေလည်းပါတယ်ဆရာ"

"နတ်နဲ့ နဂါး မလှည့်စားနဲ့တဲ့။"

"အဲဒါက မမ လုပ်ထားတဲ့ ရောသမမွှေပါ"

စိုးသန်းက အကွက်ရသဖြင့် ဝင်ပြောလိုက်သည်။

မြင့်မြင့်၏ မျက်စောင်းက စိုးသန်းအပေါ်သို့ ရွှေစွန်ညိုလို မဟုတ်ပဲ လဒလိုဝဲသွားသည်။

"ရှိစေတော့ . . . ရှိစေတော့ . . ကလေးကို ဒီဆေးတိုက်နှင့် ဒီဆေးက ပယောဂအတွက်မဟုတ်ဘူး။ အဖျားကျအောင်ပေးတာ"

"ဟုတ်ကဲ့ဆရာ"

မြင့်မြင့်က ဆရာစိန်ပေးသော ဆေးကိုယူပြီးလျှင် မောင်ငယ်ကိုတိုက်နေသည်။

ဆရာစိန်က နောက်ထပ်ယွန်းသေတ္တာကလေးကို ထုတ်ယူကာဆေးတောင့်များကို ရွေးချယ်နေသည်။ ပြီးနောက်ဆေးတောင့်တစ်တောင့်ကိုယူလိုက်ပြီးလျှင် ကျောက်ပျဉ်ငယ်ကလေးပေါ်တွင် တင်၍သွေးပြီးနောက် သောက်ရေတစ်ခွက်တွင်ထည့်၍ မောင်ငယ်ကို တိုက်ခိုင်းသည်။

မြင့်မြင့်က မောင်ငယ်ကို ဆေးတိုက်နေစဉ်တွင် ဆရာစိန်က

ဂါထာမန္တန်များကို ရွတ်ဆိုနေသည်။

စိုးသန်းကတော့ ဆရာစိန်ကိုကြည့်လိုက်၊ သူ့အစ်မနှင့် ဗူငယ်ကိုကြည့်လိုက်နှင့် ဖြစ်နေသည်။

စိုးသန်းပြန်တွေးကြည့်သည်။

မနေ့ညက ထန်းရည်နှင့် အရက်ရောတိရောရာ ရောဆရာလှလုပ်ပြီးနောက် ပေါက်ပေါက်နှင့် ညောင်သုံးပင်သချိုင်းသို့ ခြေရှည်ကြည်သည်။

သူကတားသေးသည်။ သူ့ကိုဝိုင်းကောကြသည်။

နဂိုရ်ကတည်းက စိတ်ကခပ်လေးလေးရယ်။ သိလျှက်ကယ်နှင့် ဝိပါတ်ကယ်ကြမ္မာငင်၍ . . ငါထင်တာမမှားဟူ၍သာ ငိုလိုက်ချင်သည်။

သူ့အစားခံနေရပါသည်ဆိုသော မောင်ငယ်ကို ကြည့်မိသည်။

"ကြောက်တယ် . . . ကြောက်တယ် . ."

"ဘာ . . . အခုမှ ကြောက်ပါပြီလဲ"

မောင်ငယ်ကကြောက်တယ်အော်တော့ ဆရာစိန်က ဖိဟောက်သည်။ မောင်ငယ်သည် ရုတ်တစ်ရက်ထကာ ဆရာစိန်၏ ဆေးခွက်များကို ခြေထောက်နှင့်ကန်ပစ်သည်။

"အံမယ် . . . ရာရာစစ၊ မလောက်လေးမလောက်စား"

ဆရာစိန်က ပါလာသောကြိမ်လုံးကိုဆွဲကာ ရိုက်မည်ပြုသည်။

စိုးသန်းကဝင်ဆွဲသည်။

"ကျွန်တော့်တူ အဖျားကြီးလို့ ကယောင်ကတမ်းဖြစ်တာနဲ့ တူတယ်ဆရာ . . . မလုပ်ပါနဲ့"

ဆရာစိန်၏ မျက်နှာကြီး နီမြန်းပြီး ဒေါသကိုချုပ်တီးနေသည်။

မောင်ငယ်ပြန်၍ငြိမ်ကျသွားသည်။

မြင့်မြင့်နှင့် စိုးသန်းတို့က ချွေးများစို့ရွှဲနေသော မောင်ငယ်ကို ချွေးသုတ်ပေးနေသည်။

မောင်ငယ်အား ဆရာစိန်လာရောက်ပြီးကုသနေသည့်ဆိုသ

ဖြင့် စိုးသန်းတို့အိမ်တွင် တစ်ဖြည်းဖြည်းလူပြည့်လာသည်။ လူနာလာကြည့်သောလူများကလည်း တီးတိုးတီးတိုးသဖန်းပိုးလုပ်ကာ ဝေဖန်ချက်ပေးနေကြသည်။

တရားခံကတော့ စိုးသန်း။

စိုးသန်းကြောင့် သူ့တူလေး မောင်ငယ်ဓါးစာခံဖြစ်ရသည်ဟု ကောက်ချက်ချသည်။

ဆရာစိန်က ပရိမိတ္တဇာလသုတ်ကို ရွတ်နေသည်။

ပရိမိတ္တဇာလသုတ်သည် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးနေတော်မူစဉ် တန်ခိုးအရာဧတဒဂ်ရတော်မူသော အရှင်မဟာမောဂ္ဂလန်အရှင်မြတ်ကြီးနှင့် နတ်ဗြဟ္မာများလည်း အစုံအညီစုရုံးရောက်ရှိနေကြသည်။

ဘုရားရှင်နှင့်တစ်ကွ ခပ်သိမ်းသော နတ်ဗြဟ္မာအပေါင်းတို့နှင့် ပရိမိတ္တဇာလသုတ်တန်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ဘေးဥပါဒ်အန္တရာယ်များကင်းရှင်းပါကြောင်း ဆုတောင်းသည့်သုတ္တန်ဖြစ်သည်။

ဆရာစိန်က ပရိမိတ္တဇာလသုတ်၏ နောက်ဆုံးပိုဒ်ကိုရွတ်ဆိုနေသည်။

သဗ္ဗဒေဝတာယ ဣမသ္မ ပရိမိတ္တ ဇာလဿ တေဇေန ဣမသ္မအပါကင်္ ့ သရီရေ ဓယကေစိ ဥပဒ္ဒဝါအနုဘာဝေန တေဇေန
ဣမသ္မလောကေ
ဣမသ္မဇမ္ဗူဒီပေ
ဣမသ္မပဗ္ဗတေ
ဣမသ္မနာရေ
ဣမသ္မဂေဟေ
သဗ္ဗသတ္တရုပ်နာသေန္တု သဗ္ဗေဥပဒ္ဒဝါ ဝိနာသေန္တုတိ။

မောင်ငယ်သည် ကိုယ်ပူကျပြီးငြိမ်သက်အိပ်စက်နေသည်။

ဆရာစိန်က မြင့်မြင့်တည်ခင်းသော လက်ဖက်ရည်ခွက်ကို

သောက်ရင်းစကားဆက်သည်။

"ဒို့ မြန်မာမှာနာနာဘာဝ ဝိနာဘာဝ ဆိုပြီးသူတို့ကို အလွယ်တကူနားလည်အောင်ခေါ်ထားကြတယ်။ နာနာဝိနာသာဆိုတယ် ဒီကောင်တွေက မနာဘူးကွ၊ ခပ်ထောင်ထောင်ရယ်၊ ပြောရရင် သုံးဆယ့်တစ်ဘုံမှာ ဒုဂ္ဂတိလို့ ခေါ်တဲ့ အပါယ်လေးဘုံသားတွေဖြစ် တဲ့ ငရဲတိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ . . . အဲ့ဒီအထဲက ပြိတ္တာ ဆိုတာဟာ လူတွေခေါ်နေကြတဲ့ တစ္ဆေသရဲ သဘက်တွေပါဝင်နေ တယ်။ စားရမဲ့ သောက်ရမဲ့ ပြိတ္တာကောင်တွေဟာ ဒီလိုပဲ အချောင် စောင့်ပြီး ရှာဖွေစားသောက်တတ်ကြတယ်။ ထပ်ပြောချင်တာက တော့ စိုးသန်း"

"ဗျာ"

"ဒါမျိုး အာမချောင်နဲ့"

"ဟုတ်ကဲ့"

ဆရာစိန်သည် ဆေးဝါးအစီအရင်များပေးကာ ပြန်သွား သည်။

နောက်တစ်နေ့တွင် ဆရာစိန်က စိုးသန်းနှင့်ကပ်ပါလာသော တစ္ဆေအား စိုးသန်းကိုပင် ပြန်ပို့စေသည်။

မောင်ငယ်ကလေးတဖြည်းဖြည်းကျန်းမာလာသည်။

ဆရာစိန်က မောင်ငယ်ကလေးကို ကျိုက်ဗောမိဘုရားသို့ ခေါ်သွားသည်။

မောင်ငယ်ကလေးနှင့် အတူမြင့်မြင့်နှင့် စိုးသန်းတို့လည်း သွားသည်။

ကျိုက်ဗောမိစေတီတွင် မောင်ငယ်ကလေးအတွက် ကောင်း ကုသိုလ်ပြုသည်။

စိုးသန်း ကျိုက်ဗောတိစေတီကို တစ်ပတ်လှည့်ပြီးကုန်းပေါ် ပေါ်ရှိဘုရားများကို လှည့်လည်ဖူးမျှော်သည်။

ညောင်ပင်အောက်ကဘုရားရှေ့တွင် တရားထိုင်နေကြသည်

ေစတီတော်၏ပြိုလ်တိုင်များရှေ့တွင်လည်း ပုတီးစိတ်နေကြသည်။ ဘုရားပရိဝုဏ်အတွင်း၌ စေတဂ်ဂုရဟန္တာကြီးများ၏ ကျောင်းတော် ဒွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ တန်ဆောင်းများက ကြည်ညိုဖွယ်ရာ ဘည်ရှိနေသည်။

စိုးသန်းသည် ကျိုက်ဘေတိစေတီ၏ အရှေ့ဘက်ခြမ်း အုတ်ဖို ၊ အမှုထမ်း၊ ညောင်သုံးပင်သဲလမ်းများသို့ အခေါက်ခေါက်အခါခါ ဖြတ်သမ်းသွားလာဖူးသည်။ အဲ့ဒီအချိန်က မူးမူးရူးရူးနှင့် ဖြစ်နေသော ကြောင့် ဘုရားနှင့်ဝေးခဲ့သည်။

"စိုးသန်း"

"ဗျာ"

"မင်းလည်းမကောင်းမှုတွေနဲ့ မွေ့လျော်နေတယ်။ ကောင်း မှုကုသိုလ်လည်းလုပ်ပါဦးကွာ"

"ဟုတ်ကဲ့ပါ ဆရာစိန် ကျွန်တော် ဘုရားဖူးရင်းစိတ်ကူးနေပါ တယ်။ ကျွန်တော်တင်မဟုတ်ဘူး၊ ကျွန်တော့်မိတ်ဆွေသောက်ဖော် တေးဘက်တွေပါ ဒီနှစ်သကြံန်မှာ ဒုလ္လဘဝတ်ပြီးတရားစခန်းဝင်ကြည့် မလားလို့"

"ဝင်ကြည့်မလားလို့ မသေမချာမပြောနဲ့ကွာ၊ မနုဿတ္တဘာ ဝေါ ဒုလ္လဘောတဲ့၊ ရခဲလှတဲ့လူ့ဘဝလည်းရကြပြီ၊ လူ့ဘဝရတဲ့အခိုက် မှာ ဘုရားသာသနာတော်ကြီးနဲ့လည်းကြုံတွေ့နေရပြီ၊ သာသနာ့ အမွေထိုက်တဲ့ ယောက်ျားတစ်ယောက်လည်းဖြစ်နေပြီ၊ အခါအခွင့် ကြုံတုန်းကြုံခိုက်မှာလုပ်ကြကွာ"

စိုးသန်းစဉ်းစားနေသည်။

"မောင်လေး ဘုန်းကြီးဝတ်မယ်ဆိုရင် မင်းတို့မောင်ငယ်ကို လည်းရှင်ပြုပေးမယ်"

"အေးကွာ၊ လူ့ဘဝဆိုတာ ကွေးသောလက်မဆန့်မှီ၊ ဆန့် သောလက်မကွေးမှီ သေခြင်းတရားကပြနေတယ်ကွ၊ ရှေ့က ဆုံးခဲ့ပေမယ့် ခုကောင်းရင်နောင်ကောင်းပါလိမ့်မယ်တဲ့ကွာ။"

ကျိုက်ဗောဓိစေတီတော်မှ ဆည်းလည်းသံများက ဝေစီနေသည်။

စိုးသန်း၏တူမောင်ငယ်ကို အကြောင်းပြု၍ သူတို့တစ်သိုက် သကြ်န်ကာလတွင် ဒုလ္လဘရဟန်းဝတ်ကြသည်။

ထိုရဟန်းခံရှင်ပြုပွဲသို့ မြို့နယ်မှ စာရေးဆရာ ဦးချစ်သန်းမြင့်နှင့် ဦးကျော်မင်းနိုင်တို့လည်း ရောက်လာကြသည်။

ဦးချစ်သန်းမြင့်က အုတ်ဖိုစု(၁၂၆)မိုးကုတ်ရိပ်သာတွင် တရားစခန်းဝင်နေသည်။ ဦးကျော်မင်းနိုင်က ဥပုဒ်ရက်ရှည်စောင့်နေသည်။

"အေးကွာ . . . လူဆိုတာ ချိုတဲ့အမျိုး၊ မရင့်ခင်တော့ ချဉ်တတ်ကြပါတယ်။"

ဦးချစ်သန်းမြင့်က သည်လူစုကိုကြည့်ကာပြောလိုက်သည်။

မင်းသဖြန်

စုံထောက်ကြီးဦးဘလှနှင့် မိတ်ခွမ်းကျောင်

တစ်နေ့သ၌ . . . ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဘလှတို့သည် နံနက်စာအဖြစ် ထမင်းကြော်နှင့် ကော်ဖီတို့ကို မြိန်ယှက်စွာစားသောက်ပြီးနောက် အိမ်ရှေ့ဧည့်ခန်းတွင် စာအုပ်တစ်အုပ်ဖြင့် လွန်စွာမှ ဇိမ်ကျလို့နေလေ၏။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သောကြောင့် ကျွန်ုပ်အလုပ်ဘိုက်သို့သွားစရာမလို၍ စာအုပ်ဖြင့်အချိန်ဖြုန်းနေရ၏။

စုံထောက်ကြီးဦးဘလှမှာမူ ကျွန်ုပ်ကဲ့သို့စာအုပ်တစ်အုပ်ကိုခိမ်ခံ၍ ဖတ်ရှုနေ၏။ ၎င်းဖတ်သော စာအုပ်မှာအင်္ဂလိပ်စာအုပ်တစ်အုပ်ဖြစ်လေ၏။

"ဗျို့ . . . ဦးဘအေးရေ တိရိစ္ဆာန်တွေရဲ့ စိတ်စွမ်းအင်ဟာအတော့်ကို ထူးဆန်းအံ့ဩဖွယ်ကောင်းတယ်ဗျ"

ဟုဆိုကာ အင်္ဂလိပ်စာအုပ်ဖတ်နေရင်းက စုံထောက်ကြီး ဦးဘလှက ကျွန်ုပ်အားမကြည့်ပဲ အထက်ပါစကားကိုပြောလိုက်လေ၏။

"ဟုတ်လားဗျ . . . ဘယ်လိုများထူးဆန်းနေလို့လဲဗျ"

ဟုကျွန်ုပ်ကမေးလိုက်ရာ . . . စုံထောက်ကြီးဦးဘလှက . .

"ဒီလိုလေဗျာ . . . အိမ်မှာမွေးထားတဲ့ခွေးတစ်ကောင်ဆိုပါတော့ . . . တစ်နေ့မှာ . . . ခွေးတစ်ကောင်မွေးထားတဲ့ပိုင်ရှင်ကသူ့ရဲ့အချစ်တော်ခွေးလေးတစ်ကောင်ကို ကားပေါ်တင်ပြီးသူတို့နေ

တဲ့မြို့နဲ့လွန်စွာမှ ဝေးလံတဲ့မြို့ကိုလမ်းမှာတင်(၃)ရက်လောက် ကြာ
အောင်ခရီးသွားခဲ့ရတယ်ဗျ"

ဟုပြောလိုက်ပြီးနောက် အသင့်ငှဲ့ထားသည့် ရေနွေးကြမ်းကို မော့သောက်လိုက်လေ၏။ ထို့နောက် ၎င်က ဆက်လက်ပြီး . . .

"ခွေးပိုင်ရှင်ဟာ အဲ့ဒီမြို့မှာ (၂)ရက်ခန့်နေပြီးတော့ သူတို့မြို့ကိုပြန်လာတဲ့အခါ . . . သူတို့နေထိုင်တဲ့မြို့ရောက်ဖို့ အတော်ကြီးလိုသေးတဲ့နေရာ . . . တောဈေးလေးတစ်ခုတွေ့တာနဲ့ ကားရပ်ပြီးဈေးဆင်းဝယ်တယ်။ ကားပေါ်မှာတော့ သူတို့ရဲ့အချစ်တော် ခွေးလေးကို ကားစောင့်အနေနဲ့ထားခဲ့ပြီး သူကချက်ချင်းပဲသိပ်မကြာဘူး။ အလွန်ဆုံးရှိမှ မိနစ်ပိုင်းလောက်ပဲကြာတာ။ ပစ္စည်းတစ်ခုဝယ်ပြီးတာနဲ့ ကားဆီကိုချက်ချင်းပြန်လာတဲ့အခါမှာတော့"

ဟုပြောလိုက်ပြီး စုံထောက်ကြီးဦးဘလှမှာရေနွေးငှဲ့၍သောက်ပြန်၏။

စုံထောက်ကြီးဦးဘလှသည် တစ်ခွက်သောက်သည်နှင့် အားမရနိုင်သဖြင့် နောက်ထပ်(၂)ခွက်ကို ပူပူလောင်လောင်ကြီးမှုတ်သောက်လိုက်ပြီးနောက် ဆေးတံကို ဆေးသားတွေသိပ်ထည့်လိုက်ပြီးမီးညှိကာ သောက်လိုက်ပြန်၏။ သုံးလေးဖွာလောက်ဖွာလိုက်ပြီး သည့်အခါ . . .

"ကားပေါ်မှာ . . သူ့အချစ်တော်ခွေးလေးကို မတွေ့ရတော့ဘူးတဲ့"

ဟုပြောလိုက်ရာ . . . ကျွန်ုပ်မှာ . . .

"ဟာ . . . ဘယ်ရောက်သွားလို့လဲဗျ . . စုံထောက်ကြီးဦးဘလှရ"

ဟု မေးလိုက်ရလေ၏။

"ဘယ်ရောက်သွားသလဲဆိုတာ ခွေးပိုင်ရှင်လည်း မသိဘူး ခွေးပိုင်ရှင်ကလည်း ဟိုရှာဒီရှာ ဟုမေးဒီမေးပေမယ့် ဘယ်သူကိုမှမေးလို့မရဘူး၊ အဲ့ဒီမှာ အချိန်အတော်ကုန်သွားပေမယ့် ခွေးလေး

ကိုလုံးဝရှာလို့မတွေ့ဘူးတဲ့ ခွေးပိုင်ရှင်ဟာလည်း လွန်စွာမှစိတ်မကောင်းဖြစ်မိတယ်။ နောက်ဆုံးတော့ လက်လျှော့ပြီး သူနေထိုင်တဲ့မြို့ကို ဝမ်းနည်းစွာနဲ့ပဲ ပြန်လာခဲ့ရတယ်။"

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်ရာ နားထောင်နေတဲ့ ကျွန်ုပ်မှာ လွန်စွာမှပဲရင်ထဲစို့သွားရလေတော့၏။

"အဲဒီလိုနဲ့ပေါ့ . . . အချိန်တွေ အတော်ကြာသွားပြီးမေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ ဆောင်းညခြမ်းကာလမှာ တဂျစ်ဂျစ်နဲ့မြည်သံကြားရတဲ့အသံကြောင့် ခွေးပိုင်ရှင်ဟာ လန့်နိုးလာခဲ့တယ်။အပြင်မှာကလည်း ရေခဲတစ်မျှ အေးစိမ့်နေတဲ့လေဟာ ပြတင်းပေါက်ကြားမှ ခုန်ပေါက်မြူးထူး၍ဝင်လာတယ်။ ဒါနဲ့ခွေးပိုင်ရှင်ဟာ မှန်အိမ်ကလေးအလင်းရောင်နဲ့ နာရီကိုလှမ်းကြည့်လိုက်တာ နံနက်(၄)နာရီခန့်ရှိနေပြီ။ နောက်သူဟာ အိပ်ယာမှထလိုက်ပြီး ချောင်းတစ်ချက်ဟန့်လိုက်တယ်၊ ဒါပေမယ့် အိမ်ရှေ့ကတံခါးဝမှာ တဂျစ်ဂျစ်ခြစ်နေတဲ့အသံက ရပ်မသွားဘူးတဲ့။ ဒီတော့ ခွေးပိုင်ရှင်ဟာ တောကောင်တစ်ကောင်များဖြစ်နေရော့သလား၊ သူတို့ယာတောကိုမကြာခဏလာကြောင်များမျက်စိလည်လမ်းမှားသလား။ ဒါမှမဟုတ်ရင်ကျားတစ်များပင် ရောက်လာတတ်သလားဟု စဉ်းစားရင်းကနေ ခွေးပိုင်ရှင်ဟာ . . ."

ဟုပြောလိုက်ပြီး စုံထောက်ကြီးဦးဘလှသည် ရေနွေးတစ်ကျက်ကိုသောက်လိုက်ပြန်၏။ ထို့နောက်ဆေးတန်ကိုမီးညှိ၍သောက်လိုက်ပြန်၏။

"ခွေးပိုင်ရှင်စဉ်းစားလိုက်တာက . . တောကောင်တစ်ကောင်ကောင်ဆိုလျှင် . . လူသံကြားရတာနဲ့ ရှောင်သွားလေ့ရှိတယ်။ အခုတော့ . . . သူ့ရဲ့အိမ်ခေါင်မိုးပေါ် တစ်ဖြောက်ဖြောက်ကျနေတဲ့ နှင်းသည်ကို့အသံမှတစ်ပါး တစ်စုံတစ်ခုအသံတွေမရရချေ။ သူနေတဲ့ အိမ်နဲ့ မလှမ်းမကမ်းဆီက ခွေးဟောင်သံကြားရပြန်တယ်။ ပြီးတော့ ကြက်တွန်သံဟာလည်း မျှလွင့်လာတယ်။ အိမ်ရှေ့တံခါးဆီက . . တဂျစ်

ဂျစ်ကုတ်ခြစ်တဲ့ အသံနဲ့အတူ ဦးသံတစ်သံကြားတော့ . . . ခွေးပိုင်ရှင်ဟာလွန်စွာမှ စိတ်ဝင်စားသွားတယ်။"

ဟုဆိုကာ ရေနွေးကြမ်းသောက်လိုက်၏။ ပြီးလျှင် ဆေးတံကို မီးညှိလိုက်ပြန်၏။ ထို့နောက် စုံထောက်ကြီးဦးဘလှက . . .

"ခွေးပိုင်ရှင်ဟာ သူလွန်စွာမှစိတ်ဝင်စားရတဲ့အကြောင်းက တော့ . . . ပြီးခဲ့တဲ့(၁)နှစ်ကျော်၊ (၂)နှစ်နီးပါးခန့်က ပျောက်ဆုံးသွားတဲ့သူ့အချစ်တော်ခွေးရဲ့ အသံနဲ့သိပ်တူတာပဲလို့အထင်နဲ့ စိတ်ဝင်စားတာ။ နောက်တော့ ခွေးပိုင်ရှင်ဟာ တံခါးဝမှာ တဂျစ်ဂျစ်ကုတ်ခြစ်နေတဲ့ တံခါးကိုဖွင့်ကြည့်လိုက်တယ်။ ဒါပေမယ့် ခွေးပိုင်ရှင်ဟာ တံခါးလက်ကိုင်ကို ကိုင်ရင်းမဖြစ်နိုင်ဘူး။ ငါ့ခွေးလေးဟာ ဟိုးအဝေးကြီးမှာပျောက်ဆုံးသွားတာ၊ ကွဲကွာသွားတာလည်း (၂)နှစ်ပြည့်တော့မယ်လို့ စဉ်းစားပြီးလှည့်ကာ အိမ်ထဲကိုပြန်ဝင်မယ်လို့ အပြုမှာတဂျစ်ဂျစ်ကုတ်ခြစ်နေရာကနေ . . . ဟောင်သံ(၂)ချက်ပေါ် ထွက်လာတာကြောင့် ခွေးပိုင်ရှင်ဟာ . . . တံခါးကို တစ်ကယ်ပင်ဖွင့်လိုက်တယ် ဆိုရင်ပဲ . . ."

ဟုဆိုလိုက်ပြီး စုံထောက်ကြီးဦးဘလှသည် ရေနွေးကိုထပ်သောက်လိုက်ပြန်၏။ ဆေးတံမှဆေးသားများထပ်သိပ်လိုက်ပြီး မီးညှိသောက်လိုက်ပြန်၏။

"(၂)နှစ်နီးပါးခန့်ကွဲကွာနေသော ခွေးလေးဟာ သူ့သခင်အပေါ်ကို အားပါးတရခုန်တက်လိုက်တယ်။"

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်ရာ . . .

"ဟာ . . . အတော့ကို အံ့ဩဘို့ကောင်းတာပဲဗျာ၊ (၂)နှစ်နီးပါးကြာအောင်နေပြီးမှ သူ့သခင်အိမ်ကို မနာမနေပြန်လာတာပဲနော်"

"အဲ့ဒီအတောအတွင်း သူ့ကိုဘယ်သူကများအစာတွေကျွေးမလဲမသိဘူး"

ဟု . . ကျွန်ုပ်က ဂရုနာသက်စွာဖြင့် ပြောလိုက်ရာ စုံထောက်ကြီးဦးဘလှက . . .

"ဒါကတော့ဗျာ . . . တိရိစ္ဆာန်တွေရဲ့ ထူးခြားတဲ့ဆန်းကြယ်တဲ့ စိတ်စွမ်းအင်ပဲဗျ . . . ဦးဘအေးရ . ."

ဟုပြောလိုက်လေ၏။

"အင်း . . . ဒါကြောင့်လည်း မရမနေ သူ့သခင်နေအိမ်ကို ရောက်အောင်တောအထပ်ထပ်တောင်အသွယ်သွယ် ဖြတ်ပြီးရောက်အောင်လာခဲ့တာပဲနော်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စုံထောက်ကြီးဦးဘလှက . . .

"အဲဒီလိုမျိုး တိရိစ္ဆာန်တွေရဲ့ ထူးခြားတဲ့စိတ်စွမ်းအင်နဲ့ ပတ်သက်ပြီးရှိသေးတယ်ဗျ ဦးဘအေးရ"

ဟု ပြောလိုက်ပြန်၏။

"ဟုတ်လားဗျ . . . ပြောစမ်းပါဦးဗျာ၊ ကျွန်တော်ဖြင့် ဒါမျိုး တစ်ခါမှ မကြားဘူးပေါ့ဗျာ"

ဟု ကျွန်ုပ်က တောင်းဆိုလိုက်သဖြင့် စုံထောက်ကြီးဦးဘလှက ရေနွေးကြမ်းတစ်ခွက်သောက်လိုက်ပြီး ဆေးတံကိုမီးညှိသောက်လိုက်ပြီးနောက် . . .

"အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ယာတောတစ်ခုမှာ ကြုံတွေ့ရတဲ့ တိရိစ္ဆာန်တို့ရဲ့ ထူးဆန်းတဲ့စိတ်စွမ်းအင်ပဲဗျ၊ ယာတောပိုင်ရှင်တစ်ယောက် မွေးမြူထားတဲ့ ကြောင်ကြီးတစ်ကောင်ဟာ ဘယ်တော့မှ သူ့သခင်အိမ်ကြီးကို စွန့်ပြီးသွားလေ့သွားထမရှိဘူးဗျ၊ တစ်နေ့မှာ ကြောင်မကြီးဟာ သူရဲ့ သားသမီးတွေဖြစ်တဲ့ ကြောင်ပေါက်ကလေး (၄)ကောင်ကို တစ်ကောင်ပြီးတစ်ကောင် ကိုက်ချီပြီး တစ်နေရာကိုထွက်သွားတယ်။"

ဟုပြောလိုက်ပြီး စုံထောက်ကြီးဦးဘလှ ရေနွေးကြမ်းသောက်နေစဉ် ကျွန်ုပ်က . . .

"အလိုဗျာ . . . မိမိသခင်အိမ်ကိုခင်တွယ်တဲ့ ကြောင်မကြီးက ဘယ်လိုစိတ်ကူးမျိုးနဲ့ သူ့ကလေးတွေကို တစ်ကောင်ပြီးတစ်ကောင် ကိုက်ချီသွားရတာလဲ . . . ရှုံမှားနေလားဗျာ"

ဟုမေးလိုက်ရလေ၏။

"ကြောင်မကြီးက မရှားဘူးဗျ၊ ထူးတာ . . . ထူးတာမှ အတော်ကိုထူးဆန်းနေတာ . . . အဲ့ဒီလို ကြောင်မကြီးထွက်သွားပြီး (၂)ရက်ခန့်အကြာမှာတော့ လေပြင်းမုန်တိုင်းကျရောက်ပြီး ယာတောအိမ်ကြီးလည်းပြိုကျပျက်စီးသွားခဲ့တယ်။ မိသားစုအချို့မှာလည်း ထိခိုက်ဒဏ်ရာရသူကရပေါ့ဗျာ။ အဲ့ဒီလိုဖြစ်ရပ်ဆန်းကြယ်မှုတွေ့အတွက် ကြောင်မကြီးက သူ့သားသမီး(၄)ကောင်ကို ကိုက်ချီပြီးသွားတာကို သတိရကြတော့တယ်။"

ဟုစုံထောက်ကြီးဦးဘလှက ပြောလိုက်လေ၏။

"ဟုတ်ပေါ့ဗျာ . . . ထူးခြားတဲ့ ကြောင်မကြီးရဲ့ အပြုအမူကို ဘယ်သူကမှ နားမလည်ကြိုတင်ကျရောက်တော့မယ့် ကြမ္မာဆိုးကို မသိရှာရှာသလား . . ထူးတော့အတော့်ကို ထူးဆန်းတဲ့ တိရိစ္ဆာန်တွေရဲ့ စိတ်စွမ်းအင်ပဲဗျာ"

ဟု ဆိုကာ ကျွန်ုပ်မှာ လွန်စွာအံ့ဩရလေတော့၏။

"နယူးယောက်မြို့ တက္ကသိုလ်ပါမောက္ခဒေါက်တာအာရိမ် တိုက်အက်ဆာဆိုသူနဲ့အဖွဲ့ကလည်း တိရိစ္ဆာန်တွေရဲ့ ထူးခြားတဲ့ဖြစ်စဉ်ဖြစ်တဲ့ အာရုံ(ဆဋ္ဌမအာရုံ)ကို စနစ်တကျ စမ်းသပ်သုတေသနပြုခဲ့ကြသေးတယ်ဆိုပဲဗျ"

ဟု စုံထောက်ကြီးဦးဘလှက ပြောရာကျွန်ုပ်မှ လွန်စွာမှ စိတ်ဝင်စားသဖြင့် ပြောပြစေရန် တောင်းဆိုလိုက်ရပြန်၏။

"၁၉၆၃-ခုနှစ်မှာ ယူဂိုဆလားဗီးယားနိုင်ငံမှာ လွန်စွာမှ ပြင်းထန်တဲ့ ငလျင်ကြီးလှုပ်ခဲ့ဘူးတယ်။ လူတွေလည်းအတော့်ကိုသေကြတယ်ဆိုပဲဗျ။ အိုးမဲ့ အိမ်မဲ့ဘဝတော်ရောက်ခဲ့ကြတယ်။ ပြီးတော့ တိရိစ္ဆာန်အတော်များများလည်းသေကြေပျက်စီးကြတယ်။ အဲ့ဒီလို ပြင်းထန်လှတဲ့ ငလျင်ကြီးမလှုပ်ခင် (၂)ရက်၊ (၃)ရက်လောက်မှာ အချို့သောတိရိစ္ဆာန်တွေဟာ နေရာပြောင်းကြပြီးတော့ ခွေးတွေဟာနေ့ရောညပါ အူကြတယ်။ ကျီးတွေပြုံကြတယ်။ မြွေတွေတွန်တယ်။ ပြီး

တော့ စကေ့(ပ)ကျေးမြို့ကလေးမှာရှိတဲ့ တိရိစ္ဆာန်ရုံမှ တိရိစ္ဆာန်တွေ အားလုံးဟာ လျှောင်မလှုပ်မီအချိန်လေးမှာ လှုပ်လှုပ်ရှားရှားဖြစ်တဲ့ လက္ခဏာမျိုး နိမိတ်ပြတယ်ဗျ။ အမှန်ကတော့ တိရိစ္ဆာန်များအားလုံး လိုလို ထူးခြားတဲ့ စွမ်းအင်ရှိကြတာ။ဒါကြောင့်လည်း အမေရိကန် ပြည်ထောင်စု ကာလီဖိုးနီးယား တက္ကသိုလ်က ပါမောက္ခကြီး ဒေါက်တာရောဘတ်မောရစ်က ထူးခြား တဲ့အာရုံ(ဆဋ္ဌမအာရုံ)ဟာ တိရိစ္ဆာန်လောကမှာ အများဆုံးတွေ့ရတယ်လို့ ထုတ်ဖေါ်ပြောခဲ့တာ ပဲဗျ . . . ဦးဘအေးရ။"

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်လေတော့၏။

ယူဂိုစလားဗီးယားနိုင်ငံလျှောင်ဒဏ်ခံရပုံကို ဓါတ်ပုံဖြင့်ဖေါ်ပြလိုက်ပါ သည်

(စာရေးသူ)

"တိရိစ္ဆာန်တွေရဲ့ ထူးခြားတဲ့စိတ်စွမ်းအင်ကတော့ဗျာ ပုံပြင် တွေ ဒဏ္ဍာရီတွေ နံပါတ်တော်တွေမှာတောင် သူတို့ရဲ့ကျေးဇူးသိ တတ်ပုံ၊ သူတို့ရဲ့သခင်ကိုကာကွယ်ကြပုံ၊ လိမ္မာပါးနပ်မှုတွေကြောင့် ခံမှုတွေ အများရဲ့တာရားခံကိုခြေရာခံမိပုံတွေကို ကျွန်တော်စာတွေ

ထဲမှာဖတ်ဘူးတယ်ဗျ"

ဟုဆိုကာ ကျွန်ုပ်ကလည်း မိမိဖတ်ဘူးမှတ်သားဘူးတာလေး တွေကို လူတတ်ကြီးလုပ်လိုက်ရလေတော့၏။ . . .

ထိုအချိန်၌ . . .

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟူသောတံခါးခေါက်သံပေါ်ထွက်လာသဖြင့် စုံထောက်ကြီး ဦးဘလှက -

"ဗျို့- ဦးဘအေးရေ စုံထောက်အင်စပက်တော် ကိုသက်ပြင်း တံခါးခေါက်တယ် . . . အမှုတစ်ခုခုတော့ဖြစ်ပြီနဲ့တူတယ်။ ကျုပ် လည်းအမှုမလိုက်ရတာကြာပြီဗျ . . . ကြာပြီဆိုတာ . . . အငြိမ့်မင်း သမီးလှလေးစိန်အမှုပြီးကတည်းကဆိုပါတော့ . . . ကျုပ်လည်းဖျင်း နေတာနဲ့ အတော်ပဲ ကိုသက်ပြင်းကို တံခါးထဖွင့်ပေးလိုက်ပါဗျာ"

ဟုဆိုကာပြောလိုက်သဖြင့် ကျွန်ုပ်လည်း ထိုင်ရာမှထ၍ တံခါး ဖွင့်လိုက်ရာ . . .

> စုံထောက်ကြီးဦးဘလှနှင့်
> အငြိမ့်မင်းသမီးလှလေးစိန်
> ပျောက်မှုဝတ္ထုတိုကို ရဲမှုခင်း
> မဂ္ဂဇင်းတွင်ရှာဖွေ၍ဖတ်ရှုပါလေ။
> (စာရေးသူ)

ကျွန်ုပ်လည်း စုံထောက်ကြီးဦးဘလှပြောလိုက်သဖြင့် တံခါး ထဖွင့်လိုက်ရာ အမှန်ပင်စုံထောက်အင်စပက်တော်ကိုသက်ပြင်း ဖြစ် လို့နေလေတော့၏။

စုံထောက်အင်စပက်တော်ကိုသက်ပြင်းသည် ကုလားထိုင် အလွတ်တစ်ခုတွင်ဝင်ရောက်ထိုင်လိုက်ပြီးနောက် -

"စုံထောက်ကြီးဦးဘလှရေ . . . မဂျစ်လမ်း (ယခုသမိန်ဗရမ်းလမ်း)က သူဌေးကြီးဦးလှမျိုး အိမ်အဖောက်ခံရလို့ပါဗျာ၊ ဘယ်သူ့လက်ချက်ဆိုတာတော့မသိရပေမယ့် တာမွေက ဖောက်ထွင်းဝိဇ္ဇာ(၃)ယောက်ကိုတော့ ခဏခေါ်ထားရတယ်။"

ဟုစုံထောက်အင်စပက်တော် ကိုသက်ပြင်းကပြောလိုက်လေ၏။

"ကိုသက်ပြင်း ခဏခေါ်ထားတဲ့သူတွေက ဘယ်သူတွေများလဲဗျ"

ဟုစုံထောက်ကြီးဦးဘလှက မေးလိုက်ရာ

"ဖိုးအော်ရယ်၊ ငကျယ်ရယ်၊ မောင်ကို ဆိုတဲ့ဖောက်ထွင်းဝိဇ္ဇာ(၃)ယောက်ပါ။"

ဟုစုံထောက်အင်စပက်တော်ကိုသက်ပြင်းက ပြောလိုက်လေ၏။

"ကဲ . . . ဦးဘအေးရေ ကျုပ်တို့ဦးလှမျိုး အိမ်ကိုသွားကြည့်ရအောင်ဗျာ"

ဟုပြောလိုက်ရာ . . ကျွန်ုပ်တို့သည် စုံထောက်အင်စပက်တော်ကိုသက်ပြင်းနှင့် အတူဖောက်ထွင်းခံရသည့် ဦးလှမျိုးအိမ်သို့ ထွက်ခဲ့ကြလေတော့၏။

ကျွန်ုပ်တို့ ဦးလှမျိုးအိမ်သို့ရောက်သည့်အခါ . . . အိမ်ထဲမှ သူဌေးကြီးဦးလှမျိုး ထွက်လာရာ . . .

"စုံထောက်ကြီးတို့ ကြွပါ . . . ကြွပါ"

ဟု ၎င်း၏အိမ်ထဲသို့ ဖိတ်ခေါ်လေတော့၏။ သူဌေးကြီးဦးလှမျိုး၏အိမ်သည် လွန်စွာမှ သေသပ်လှပသော တိုက်ပုကလေးဖြစ်လေ၏။ မြေနှင့် ဝန်းနှင့်ဖြစ်ကာ . . . ပန်းအလှမျိုးစုံကိုလည်း စိုက်ပျိုးထားသည်ကိုတွေ့ရလေ၏။

စုံထောက်ကြီး ဦးဘလှသည် အိမ်ထဲသို့မဝင်ပဲ ခြံထဲမှပန်းမျိုးစုံကိုလျှောက်ကြည့်ပြီးနောက် အိမ်ထဲသို့ဝင်လာခဲ့လေ၏။ အိမ်ထဲ

သို့ရောက်သည်နှင့် အိမ်နောက်ဖေးသို့ တန်းတန်းမတ်မတ်သွားသဖြင့် ကျွန်ုပ်အပါအဝင် စုံထောက်အင်စပက်တော်ကိုသက်ပြင်းနှင့် သူဌေး ကြီးဦးလှမျိုးတို့မှာ ၎င်းနောက်ကိုလိုက်သွားကြလေတော့၏။

"ဖောက်ထွင်းဝင်ခဲ့ ... အဲဒီပြတင်းပေါက်က .. ဝင်လာတာ ပဲဗျ"

ဟု ... သူဌေးကြီးဦးလှမျိုးက .. ပွင့်လျှက်နေသော ပြတင်း ပေါက်ကို လက်ညှိုးထိုး၍ပြလိုက်လေ၏။

ထိုအခါ စုံထောက်ကြီးဦးဘလှက ... တစ်စုံတစ်ရာပြောဆို ခြင်းမရှိပဲ ... ပြတင်းပေါက်ဘောင်ပေါ်တက်လိုက်ပြီးနောက် အပြင် သို့ခုန်ချလိုက်လေ၏။

အပြင်သို့ရောက်သွားသည့် စုံထောက်ကြီးဦးဘလှသည် တစ် စုံတစ်ခုကို ကောက်လိုက်ပြီးနောက် ၎င်း၏အိတ်ထဲသို့ထည့်လိုက်လေ ၏။

ထို့နောက် ခြံစည်းရိုးတိုင်များကိုသေချာကြည့်ရှုပြန်၏။ စုံ ထောက်ကြီးဦးဘလှသည် ဟိုကြည့်ဒီကြည့်နေရင်းကနေ .. ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော ခွေးတစ်ကောင်က .. စုံထောက် ကြီးဦးဘလှအား

"ဝုတ် ... ဝုတ် ... ဝုတ်"

ဟုဟောင်လိုက်သဖြင့် စုံထောက်ကြီးဦးဘလှက .. ၎င်း၏ အိတ်ထဲမှ တစ်စုံတစ်ခုကိုထုတ်ကာ ...

"အို့ ... အို့ ... အို့ "

ဟုဆိုကာ ပစ်ကျွေးလိုက်သဖြင့် စုံထောက်ကြီးဦးဘလှကို ဟောင်နေသော ခွေးမှာ .. အမြီးလေးနှံ့ကာ ... ကောက်ဝေးလိုက် လေတော့၏။

"ဗျို့ ... ဦးလှမျိုးရေ ... ထမင်းလျှက်ခဲတွေရှိရင် လေးငါး လုံးလောက်ပေးစမ်းပါဗျာ ... ဒီခွေးလေးကို ကျွေးချင်လို့ပါ .. ဒီ ခွေးဗျာသနားပါတယ်"

ဟုစုံထောက်ကြီးဦးဘလှကပြောလိုက်ရာ . . . သူဌေးကြီးဦးလှမျိုးလည်း အိမ်ဖေါ်တစ်ဦးအား ထန်းလျက်ခဲများတောင်းလိုက်ပြီးနောက် စုံထောက်ကြီးဦးဘလှအားပေးလိုက်လေ၏။

စုံထောက်ကြီးဦးဘလှသည် ခွေးလေခွေးလွင့်တစ်ကောင်ကို ထန်းလျက်ခဲများကျွေးနေသဖြင့် သူဌေးကြီးဦးလှမျိုးက -

"ခင်ဗျားတို့ စုံထောက်ကြီးကလည်း ဘယ်လိုလဲဗျ . . အမှုဖော်စမ်းရအောင်လာတာလား ခွေးဝဲစားကိုထန်းလျက်ခဲကျွေးဖို့လာတာလားဗျ"

ဟုဆိုကာ . . . အားနာမှုကင်းစွာနှင့်ပြောလိုက်ပြီးနောက် အိမ်ရှေ့သို့ထွက်သွားလေတော့၏။ . . . ထို့နောက်စုံထောက်အင်စပက်တော် ကိုသက်ပြင်းလည်းခေါင်းကို အသံမြည်အောင်ကုတ်ကာ သူဌေးကြီးဦးလှမျိုးနောက်သို့လိုက်သွားလေတော့၏။

ကျွန်ုပ်လည်း ၎င်းတို့ထွက်သွားကြသည့်အခါ . . စုံထောက်ကြီးဦးဘလှအားလှမ်းကြည့်လိုက်ရာ . . . စုံထောက်ကြီးဦးဘလှမှာ ခွေးလေခွေးလွင့်တစ်ကောင်ကို ပွတ်သပ်ကာ ထန်းလျက်ခဲတွေကို ကျွေးနေလေ၏။

ကျွန်ုပ်လည်းစိတ်ပျက်ကာ အိမ်ရှေ့သို့ထွက်လာခဲ့လေတော့၏။

"ကဲ . . ဦးဘအေးနဲ့ ကိုသက်ပြင်း တို့သွားကြရအောင်"

ဟုဆိုကာ . . . စုံထောက်ကြီးဦးဘလှသည် ခွေးလေခွေးလွင့်တစ်ကောင်ကိုပွေ့ကာ . . . ကားပေါ်သို့တက်လိုက်လေ၏။

ကျွန်ုပ်နှင့် စုံထောက်အင်စပက်တော်ကိုသက်ပြင်းတို့သည် သူဌေးကြီးဦးလှမျိုးအား နှုတ်ပင်မဆက်တော့ပဲ ထွက်လာခဲ့ကြပြီးနောက် . . . ကားပေါ်တက်ကာ . . . ကားမောင်း၍ထွက်လာခဲ့ကြလေတော့၏။

ကျွန်ုပ်တို့၏နောက်မှ သူဌေးကြီးဦးလှမျိုးသည်လွန်စွာမှ မကျေမနပ်ဖြစ်ကာ . . ဆဲဆို၍ကျန်ရစ်ခဲ့လေတော့၏။

စုံထောက်အင်စပက်တော်ကိုသက်ပြင်းသည် ကားကိုမောင်း ထွက်လာသော်လည်း မည်သည့်နေရာကိုမောင်းရမည်ကို မသိသဖြင့်

"ဗျို့ . . . စုံထောက်ကြီးဦးဘလှ . . . ကျုပ်ကဘယ်ကိုမောင်း ရမှာလဲဗျ"

ဟု ဒေါသအသံနှင့် ပြောလိုက်ရာ . . .

"ကျောက်မြောင်းကျားကွက်သစ်ကိုမောင်းဗျာ"

ဟုစုံထောက်ကြီးဦးဘလှက ပြောလိုက်လေ၏ စုံထောက်ကြီး ဦးဘလှသည် . . ကား၏နောက်ခန်း၌ ခွေးလေခွေးလွင့်ကို ချော့မြှူ နေသဖြင့် ကျွန်ုပ်က -

"ဦးဘလှ ခင်ဗျားဟာ ဘယ်လိုလဲဗျ ခွေးမွေးမယ်ဆိုလည်း ကောင်းကောင်းမွန်မွန်ခွေးကိုမွေးမှပေါ့ဗျာ"

ဟုပြောလိုက်သော်လည်း စုံထောက်ကြီးဦးဘလှမှာ ကျွန်ုပ်၏ စကားကိုဂရုမထားပဲ ၎င်း၏ခွေးမျိုးခွေးသန့်ကို ပွတ်သပ်ပေးလို့နေ လေ၏။

ကျောက်မြောင်းကျားကွက်သစ် သို့ရောက်သည့်အခါ စုံထောက်ကြီးဦးဘလှက . . .

"ဗျို့ . . . ကိုသက်ပြင်း . . ဟိုးရှေ့က . . . ဆေးအပြာရောင် သုတ်ထားတဲ့အိမ်ရှေ့မှာ ရပ်လိုက်ပါဗျာ"

ဟုပြောလိုက်လေ၏။ . . စုံထောက်အင်စပက်တော် ကိုသက် ပြင်းမှာ စုံထောက်ကြီးဦးဘလှပြောသည့်အတိုင်း ဆေးအပြာရောင် သုတ်ထားသည့် အိမ်ရှေ့တွင်မော်တော်ကားကိုရပ်လိုက်လေ၏။

ဆေးအပြာရောင်သုတ်ထားသည့်အိမ်ထဲမှ လူငယ်တစ်ဦး ထွက်လာရာ . . . စုံထောက်ကြီးဦးဘလှက . . . မော်တော်ကား တံခါးဖွင့်လိုက်ပြီး ခွေးလေခွေးလွင့်ကို မော်တော်ကားပေါ်မှ တွန်းချ လိုက်လေ၏။

ထိုအခါ ခွေးလေခွေးလွင့်သည် ဘယ်သွားလို့ဘယ်လာရမှန်း မသိအောင်ဖြစ်နေပြီးနောက် ဆေးအပြာရောင်သုတ်ထားသည့် အိမ်

ဘဲမှထွက်လာသော လူငယ်ကိုမြင်လိုက်သည်နှင့် တစ်ဖီဖီမြည်ကာ ခွေးလေခွေးလွင့်သည် လူငယ်အားပြေး၍ ပွတ်သပ်လေတော့၏။

"ဟဲ့ ခွေး . . . ဟဲ့ခွေး . . . ဟဲ့ခွေး"

ဟုဆိုကာ . . . လူငယ်က မောင်းထုတ်လိုက်လေ၏။

"မောင်းမထုတ်ပါနဲ့ . . . စိုးကြီးရာ . . မင်းသူ့ကို ထန်းလျက်ခဲကျွေးထားတဲ့အတွက် သူကမင်းကိုခင်နေတာပါ။"

ဟု . . . စုံထောက်ကြီးဦးဘလှက . . . မော်တော်ကားပေါ်မှဆင်းကာပြောလိုက်လေ၏။

"ဘယ်ကခွေးလဲ ကျုပ်မသိဘူး . . . ကျုပ်မသိဘူး"

ဟု . . ဆိုကာ ခွေးလေခွေးလွင့်ကို . . ကန်ထုတ်လိုက်လေတော့၏။

"မလုပ်ပါနဲ့ကွာ . . . သနားပါတယ်။ သူ့ကိုထန်းလျက်ခဲကျွေးပြီး . . မင်းမဂျစ်လမ်းက . . သူဌေးကြီးဦးလှမျိုးအိမ်မှာ ဖောက်ထွင်းပြီးယူခဲ့တဲ့ ပစ္စည်းတွေဘယ်မှာလဲကွ"

ဟု စုံထောက်ကြီးဦးဘလက ပြောလိုက်ရာ စိုးကြီးဆိုသော လူငယ်မှာ ပါးစပ်အဟောင်းသားနှင့် . . .

"ဟာဗျာ"

ဟုဆိုကာ . . . ဖြစ်သွားလေတော့၏။

"ကဲ . . . ကိုသက်မြင့်ရေ . . . စိုးကြီးကိုလက်ထိပ်ခတ်လိုက်ပါဗျာ . . . ဒီကောင် ဦးလှမျိုးအိမ်က ပစ္စည်းတွေဖောက်ထွင်းခိုးတာပဲဗျ"

ဟုပြောလိုက်သည်နှင့် စုံထောက်အင်စပက်တော်ကိုသက်မြင့်မှာ အမှုတစ်ခုကို မှန်အောင်ဖေါ်ထုတ်နိုင်စွမ်းမရှိပေမယ့် ဖေါ်ပြီးသားတရားခံကိုတော့ လျင်မြန်စွာလက်ထိပ်ခတ်နိုင်စွမ်းရှိသည့်အလား စိုးကြီးကို လက်ထိပ်ခတ်လိုက်လေတော့၏။

× × × × ×

သူဌေးကြီးဦးလှမျိုးသည် စုံထောက်ကြီးဦးဘလှအား ၎င်းပြော များဆိုဖွယ်ပြောဆိုမိသည့်အတွက် . . . တောင်းပန်ရင်း . . ၎င်း၏ နေအိမ်၌ . . . ကျွန်ုပ်အပါအဝင် စုံထောက်ကြီးဦးဘလှနှင့် စုံထောက် အင်စပက်တော်ကိုသက်ပြင်းတို့အား ညစာတည်ခင်း၍ ကျေးဇူးတင် စကားဆိုလေတော့၏။

ညစာစားသောက်ပြီးသောအခါ အိမ်ရှေ့ဧည့်ခန်းတွင် အချို ရည်တည်းကြရင်း . . စုံထောက်အင်စပက်တော်ကိုသက်ပြင်းက

"စုံထောက်ကြီးဦးဘလှရေ . . တရားခံဖော်ထုတ်ပုံလေးရှင်း ပြပါဦးဗျာ"

ဟုပြောလိုက်လေတော့၏။ ကျွန်ုပ်နှင့်သူဌေးကြီးဦးလှမျိုးကလဲ လွန်စွာမှသိချင်ကြသဖြင့် တောင်းဆိုကြရာ စုံထောက်ကြီးဦးဘလှက

"ကျွန်တော်တို့ . . ဦးလှမျိုးအိမ်ကိုရောက်တော့ . . ကျွန် တော်ဦးလှမျိုးတို့ စိုက်ပျိုးထားတဲ့ပန်းပင်တွေကို လျှောက်ကြည့်တာ မှတ်မိမှာပေါ့"

ဟုပြောလိုက်ရာ

"မှတ်မိပါတယ် . . ကျုပ်တောင် စုံထောက်ကြီးကပန်းစိုက် တာဝါသနာပါတယ်ထင်တယ်လို့တောင် ထင်လိုက်မိတယ် ဝါသနာ ပါလို့လား။"

ဟု သူဌေးကြီးဦးလှမျိုးက ပြောလိုက်လေ၏။

"ပန်းစိုက်တာဝါသနာပါလို့လိုက်ကြည့်တာမဟုတ်ဘူးဗျ . . ခင်ဗျားရဲ့ခြံက အမြင်မှုက်နှာစာကသာ ဖုတ်ရိုးကာထားပြီးဘေးက ကာရံထားတာတွေက အချို့နေရာတွေမှာ ပေါက်ပြဲနေတာတွေ့ရ တယ်။ ဒါဟာလည်း သူခိုးကိုဖိတ်ခေါ်နေသလိုပဲဗျ"

ဟုစုံထောက်ကြီးဦးဘလှကပြောလိုက်ရာ . . . သူဌေးကြီး ဦးလှမျိုးက -

"ဟုတ်ပါတယ် . . . စုံထောက်ကြီးရာ . . ကျုပ်လည်းပေါက်ပြနေတာကို လုပ်မလို့ပါပဲ ဒါပေမယ့် အလုပ်တွေကများနေလို့မလုပ်ဖြစ်တာပါ။"

ဟုပြောလိုက်လေ၏။

"အဲဒါတွေထားလိုက်ပါတော့ . . ဦးလှမျိုးက . . နောက်ဖေးပြတင်းပေါက်က ဖေါက်ထွင်းဝိဇ္ဇာကဝင်လာတယ်ပြောပြီး . . ခင်ဗျားကပြတင်းပေါက်ပေါ် တက်ပြီး အပြင်ကိုရောက်တဲ့အခါ . . ခင်ဗျားဘာကောက်ပြီးအိတ်ထဲထည့်လိုက်တာလဲ။"

ဟု ကျွန်ုပ်က . . . မေးလိုက်ရာ . . .

"ကျုပ်အိတ်ထဲ ကောက်ထည့်လိုက်တာက . . တစ်ခြားတော့မဟုတ်ပါဘူးဗျာ . . ထန်းလျက်ခဲတစ်လုံးပါ"

ဟုပြောလိုက်ရာ စုံထောက်အင်စပက်တော်ကိုသက်မြင်းက

"အော်ဒါကြောင့် . . . ခွေးလေခွေးလွင့်က . . . ဟောင်တော့စုံထောက်ကြီးပစ်ကျွေးလိုက်တာကိုး"

ဟုပြောလိုက်လေ၏။

"ဟုတ်ပါတယ်ဗျာ . . ဒါကြောင့်ဦးလှမျိုးဆီမှာ ထန်းလျက်ခဲတွေထပ်တောင်းပြီး ခွေးလေခွေးလွင့်ကို စည်းရုံးလိုက်တာပါ။"

ဟုစုံထောက်ကြီးဦးဘလှက ပြောလိုက်ရာ . . . သူဌေးကြီးဦးလှမျိုးက . . .

"ဒီခွေးက . . ဘယ်က . . . ဘယ်လိုရောက်လာမှန်းမသိဘူးဗျာ"

ဟုပြောလိုက်လေ၏။

"ဒါက . . . ခင်ဗျားတို့ အိမ်ကလူတွေက ထမင်းကျန်ဟင်းကျန်တွေကို စွန့်ပစ်ရင်းကနေ အဲဒီခွေးက . . ပေါက်ပြနေတဲ့ခြံစည်းရိုးနေဝင်ပြီး ဝင်စားတာ။ ဒါလည်းသူခိုးလမ်းပြသလိုပဲ။ ပြီးတော့ဖောက်ထွင်းဝင်မယ့် ခိုးကြီးက . . ပေါက်ပြနေတဲ့ခြံစည်းရိုးကဝင်ပြီးခြံထဲအရောက်မှာ ခင်ဗျားတို့အိမ်က . . ထမင်းကျန်ဟင်းကျန်တွေ

ကိုစားနေရတဲ့ခွေးလေခွေးလွင့်က ဘယ်မှမသွားတော့ပဲ အိမ်ရဲ့တစ်နေရာမှာနေတာ။ သူ့နိုးကိုမြင်တော့ ဟောင်မယ်။ ဒါကိုသိနေတဲ့ သူခိုးကခွေးဟောင်တော့ ထန်းလျက်ခဲကျွေးမယ် ခွေးဆိုတာ ထန်းလျက်ခဲအလွန်ကြိုက်တာ ခွေးကိုထန်းလျက်ခဲကျွေးလို့ကတော့ အဲ့ဒီလူကိုပိုပြီးခင်တာ . . . ကြည့်ပါလား ကျုပ်ထန်းလျက်ခဲပြပြီး ကားပေါ်ခေါ်သွားတာငြိမ်လို့"

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်ရာ . . . ကျွန်ုပ်က

"စိုးကြီး ဦးလှမျိုးအိမ်ဖေါက်ထွင်းတယ်ဆိုတာ ဦးဘလှဘယ်လိုသိတာလဲဗျ"

ဟုမေးလိုက်လေ၏။

"ဒါကလည်း ဒီလိုပါ။ ကိုသက်ပြင်းက . . ဦးလှမျိုး အိမ်အဖေါက်ခံရတာနဲ့ ပတ်သက်ပြီးတာမှေ့က ဖေါက်ထွင်းဝိဇ္ဇာတွေ ဖမ်းထားတယ်လို့ပြောတယ်။ သူပြောတဲ့အထဲမှာ . . . စိုးကြီးဆိုတဲ့ ဖေါက်ထွင်းဝိဇ္ဇာတစ်ယောက်ကျန်နေတာကို သိလိုက်ရတယ်။ တစ်ကယ်တော့ . . . ကိုသက်ပြင်းဖမ်းထားတဲ့ ဖေါက်ထွင်းဝိဇ္ဇာ(၃)ယောက်အပြင် စိုးကြီးဆိုတာ ရှိတာကိုမေ့နေလို့ စိုးကြီးကိုမဖမ်းတာ။ ဒါမှမဟုတ် စိုးကြီးကို အထင်သေးလို့နေမှာပါ။"

ဟုစုံထောက်ကြီး ဦးဘလှက . . ပြောလိုက်ရာ စုံထောက်အင်စပက်တော်ကိုသက်ပြင်းက . . .

"ဟုတ်ပါတယ်ဗျာ . . . စိုးကြီးဟာ ဟိုတစ်ခါ ဖေါက်ထွင်းမှုဖြစ်ပြီးထဲက အတော်အတန်ငြိမ်သွားတာ ဒါကြောင့်သူ့ကိုမဖမ်းပဲလွှတ်ထားခဲ့တာဗျ"

ဟု ဝန်ခံစကားပြောလိုက်လေ၏။

"ဦးဘလှပြောသလို . . ကျုပ်က စိုးကြီး ဦးလှမျိုးအိမ်ကိုဖေါက်ထွင်းမယ်ဆိုတာ ကြိုတင်တော့မသိထားပါဘူး၊ ဒါလည်း ဟို(၃)ကောင်ကတော့ဖမ်းထားတယ်။ ဘယ်အချိန်တွေ့တွေ့ တွေ့လို့ရတယ်။ အပြင်မှာရှိနေတဲ့ စိုးကြီးကို အရင်တွေ့မယ်လို့ဆိုပြီး စိုးကြီး

ရှိတဲ့နေရာသွားပြီး ခွေးလေခွေးလွင့်ကို ကားပေါ်က တွန်းချလိုက်တာ အဲ့ဒီခွေးက စိုးကြီးကိုမြင်ပြီး အနံ့ခံကာ သူ့ကိုထန်းလျက်ခဲ့သွားတဲ့ သူပဲဆိုပြီး ပွတ်သပ်ပါလေရော"

ဟု စုံထောက်ကြီးဦးဘလှက ပြောလိုက်ရာ . . . အမှန်တော့ ကငှင်းစုံထောက်ပုံကို လွန်စွာမှ သဘောကျကြလေတော့၏။

"စိုးကြီးက ထွက်ပြေးရင်ရရဲ့သားနဲ့ ဘာကြောင့်ထွက်မပြေးတာလဲ"

ဟု သူဌေးကြီးဦးလှမျိုးက မေးလိုက်ရာ . . .

"ဒါက် ဒီလိုပါ . . . တာမွေအပိုင်မှာ . . . ဖေါက်ထွင်းမှုဖြစ်တော့ တာမွေက ဖေါက်ထွင်းသမားတွေကိုဖမ်းမှာပဲ . . . ဒါကြောင့် ကိုးကြီးက . . . သူမသိသလို သူမလုပ်သလိုမျိုးနဲ့ ဘယ်မှမသွားဘဲ အိမ်မှာနေတာဗျ။"

ဟုစုံထောက်ကြီးဦးဘလှက ပြောလိုက်ရာ စုံထောက်အင်းပက်တော်ကိုသက်ပြင်းက . . .

"အေးဗျာ . . ခွေးလေခွေးလွင့်တာ မကယ်ရင် အခုဖေါက်ထွင်းမှုကို ဘယ်လိုစုံစမ်းရမှန်းတောင်သိမှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေ၏။

"ခွေးဆိုတဲ့ တိရိစ္ဆာန်တွေဟာ အနံ့ခံကောင်းပြီး မှတ်ဉာဏ်လည်းသိပ်ကောင်းတယ်ဗျ။"

ဟုစုံထောက်ကြီးဦးဘလှက ပြောလိုက်ရာ သူဌေးကြီးဦးလှမျိုးက-

"ဟုတ်လားဗျ . . . ကျုပ်တို့ကို ဗဟုသုတအမြင်ပွင့်စေပြီပါလား . . ."

ဟုတောင်းဆိုလိုက်လေ၏။

"တိရိစ္ဆာန်တွေမှာ မှတ်ဉာဏ်နဲ့ထူးခြားတဲ့ စိတ်ခွန်အားတွေရှိတယ်ဗျ . . . ပြီးတော့ . . . စိတ်တန်ခိုးလို့ဆိုတဲ့ အာရုံဆဋ္ဌမအာရုံပေါ့ဗျာ"

ဟုပြောလိုက်ပြီးနောက်ကျွန်ုပ်တို့သည် သူဌေးကြီးဦးလှမျိုး အားနှုတ်ဆက်ကာပြန်လာခဲ့ကြလေတော့သတည်း . . .

လုံးစုံများစွာသတ္တဝါ
ချမ်းသာကိုယ်စိတ်
မြဲပါစေသော်

မင်းသကြိန်

(မင်းသကြိန်)
၅၂၀၈ .

စိတ်တံခါး

ဒေအးကြူလေး

(၁)

ကိုဝင်းနိုင်(အနုပညာ) ပန်းချီမောင်မွှေးအောင်တို့၏ ကျေးဇူးကြောင့်စမတောင်တော်သို့ရောက်ဖြစ်သည်။ ညီကြီးဌာနတွင်စာရင်းပေးလိုက်သည်နှင့် မိသားစုအလိုက်နေထိုင်နိုင်မည့် ဇရပ်သော့ကိုပေးသည်။ အားလုံးအခမဲ့တည်းခိုနိုင်ကြသည်။ စမတောင်တော်သို့ရောက်ရှိလာသော သံဃာတော်များကို အာရုံဆွမ်း၊ နေ့ဆွမ်းသက်သတ်လွတ်အမြဲတမ်းလှူသည်။ လူပရိသတ်များကို နံနက်(၆)နာရီတစ်ကြိမ်၊ နေ့လည်(၁)နာရီတစ်ကြိမ်၊ ညနေ(၅)နာရီတစ်ကြိမ်သက်သတ်လွတ်ထမင်းဟင်းပြင်ကျွေးမွေးစည့်ခံသည်။ တစ်ရက်နှစ်ရက်အတွင်းမှာပင် အလေ့အကျင့်တွေရလာသည်။ သံချောင်းခေါက်သံကြားလျှင် သက်သတ်လွတ်ထမင်းသွားရောက်စားဖို့ အလိုလိုမြေလှမ်းပြင်ပြီးဖြစ်သည်။

ကျန်သောအချိန်များတွင် ကုသိုလ်ကောင်းမှုရရှိရန် မိမိတို့စိတ်ဆန္ဒအတိုင်းလုပ်ဆောင်ကြသည်။ မည်သူကမျှညွှန်ကြားခိုင်းစေခြင်းမရှိ။ သို့သော်ရေလှူချင်စိတ်ရှိလျှင် ရေပုံးရွာ၍ရေခပ်သယ်ပေးသည်။ ထင်းလှူချင်စိတ်ရှိလျှင် ဝင်ရောက်ထင်းပေါက်သည်။ မိမိဆန္ဒအတိုင်း ကိုယ်နိုင်သည့်အလုပ်ကို ဝင်ရောက်လုပ်ကိုင်ကြသည်။ ဆရာတော်

များမလုပ်ဖြစ်လျှင် ဘုရားရှိခိုး၊ ပုတီးစိတ်၊ မေတ္တာပို့သည်၊ ကောင်းမှု ကုသိုလ်အတွက်အမြဲတမ်းကြံဆတွေးတောလုပ်ကိုင်သဖြင့် ကျွန်တော် တို့၏စိတ်အညစ်အကြေးများလွင့်စင်ကုန်သည်။

နံနက်(၅)နာရီခန့် အိပ်ယာထ ကိုယ်လက်သန့်စင်သည်။ ကမ္ဘာ့တပ်ကျော်စေတီတော်သို့သွားရောက်၍ ဘုရားမီးပူဇော်သည်။ သောက်တော်ရေကပ်သည်။ ဘုရားရှိခိုးမေတ္တာပို့၍ အမိဒ္ဓာန်ပုတီး ပုံမှန်စိတ်ဖြစ်သည်။ အလင်းရောင်ရပြီဆိုသည်နှင့် နားလည်သူများက ဘုရားမီးအားလုံးကိုလိုက်လံငြိမ်းသတ်ပေးသည်။ ညမှောင်လျှင် ပူဇော် လက်စဘုရားမီးတိုင်များကိုလိုက်လံမီးထွန်းပေးသည်။ မှောင်မှ မီးပူ ဇော်ခြင်းမှာ ပို၍အဓိပ္ပါယ်ရှိသည်။ နံနက်(၆)နာရီ သံချောင်းခေါက် လျှင် သက်သတ်လွတ်ထမင်းစားခန်းသို့ သွားရောက်အဆာပြေစားသုံး ကြသည်။ ခေတ္တအနားယူပြီး စမတောင်တော်မှလုပ်နိုင်သမျှ ဝေယျာ ဝစ္စများလုပ်ကိုင်ကြသည်။ ရေလှူသည်၊ ထင်းလှူသည်၊ သန့်ရှင်းရေး လုပ်သည်။ အချက်အပြုတ်ခန်းတွင် ကူညီလှီးချွတ်ပေးသည်။ ချက် ပြုတ်ရာတွင် မီးပိုင်းထိုးသည်။ စသည်စသည်ဖြင့် ကိုယ်လုပ်နိုင်သော အလုပ်ကလေးများရှာဖွေလုပ်ကိုင်၍ ကုသိုလ်ယူသည်၊ (၁၀)နာရီ ကျော်ခန့်တွင် တောင်အောက်ဆင်း၍ ရေမိုးချိုးသည်၊ (၁၁)နာရီ သံချောင်းခေါက်လျှင် နံနက်စာသက်သတ်လွတ်ထမင်းစားကြသည်။ နေ့လည်ဘက်တွင် တည်းခိုသောဇရပ်တွင် (၁)နာရီခန့်အနားယူ သည်၊ ဆက်လက်၍ဝေယျာဝစ္စအမျိုးမျိုးလုပ်၍ ကုသိုလ်ယူသည်။ ညနေစောင်းလျှင် တောင်အောက်သို့ဒုတိယအကြိမ်ဆင်း၍ ရေမိုးချိုး သည်။ ညနေ(၅)နာရီထိုးလျှင် ထမင်းစားဆောင်တွင် သက်သတ် လွတ်ထမင်းစားသုံးကြသည်။ အိမ်တွင်ဘော်ကျော်နေသောကျွန်တော် မှာအလုပ်မှန်မှန်လုပ်ရေမှန်မှန်ချိုးဖြစ်သည်။ အလုပ်လုပ်သဖြင့် ထမင်း ပိုဝင်သည်။ ဟိုအသားဒီအသားစားချင်စိတ်မရှိတော့။ ထမင်းတစ်ပန်း ကန် ဘယ်လိုကုန်သွားမှန်းမသိ၊ နောက်တစ်ပန်းကန်ထပ်ထည့်လိုက်

ပြန်သည်။ ကိုယ်ခန္ဓာလှုပ်ရှားအလုပ်လုပ်သဖြင့် အစာချက်နိုင်ပုံရသည်။

ညနေစာစား ခေတ္တအနားယူပြီးသည်နှင့် ဘုရားရှိခိုး ပုတီးစိပ်သည်။ ပုတီးစိပ်နေသည့်ကြားမှ စိတ်သည်ဟိုပြေးသည်ပြေး။ အတတ်နိုင်ဆုံးစိတ်ကိုငြိမ်အောင်ထိန်းရသည်။ ထိန်းနေသည့်ကြားမှ ရန်ကုန်မိသားစုဆီ ပြန်ရောက်လိုက်၊ ညှော်ခံပွဲတွေရောက်လိုက်၊ စိတ်ကိုထိန်းကျောင်းရခြင်းသည် ကြီးမားသောအလုပ်တစ်ခုဖြစ်သည်။ သို့သော်ကျွန်တော်စမတောင်တော်ပေါ်ရောက်ရှိသောရက်အတွင်းစိတ်အလွန်ဖြူသည်ဟုထင်နေမိ၏။ အကုသိုလ်ကင်းသည်။ ကုသိုလ်စိတ်များနှင့်သာရှိနေသည်။ ကျွန်တော့်တို့နှင့်အတူတူလိုက်ခဲ့သော စာရေးဆရာသန်လျင်မောင်မောင်ဦးက ဖြူစင်စိတ်နှင့် ဘဝသစ်တစ်ခုဖြစ်နေသည်။ ရန်ကုန်မှာဆိုလျှင် စာရေးဆရာတွေမို့ အရက်ဝိုင်းကမကင်း။ တစ်ပွဲမဟုတ်တစ်ပွဲကြုံဆုံပျော်ပါးနေဖြစ်သည်။ ခုတော့အရက်ကင်းစင်သွားသည်။

ရန်ကုန်မှထွက်လာကတည်းက ထူးထူးခြားခြားကြုံသည်။ စမတောင်တော်သို့ ရည်ရွယ်ထားသော်လည်း ရောက်ချင်မှရောက်တတ်သည်။ မရည်ရွယ်ပဲနှင့်ရောက်ချင်ရောက်သည်တဲ့။ ကျွန်တော်တို့တွေလက်မှတ်ဝယ်ပြီးသည်အထိ . . . သန်လျင်မောင်မောင်ဦးက လိုက်ဖို့မသေချာသေး။ သို့သော်ကျွန်တော်တို့က လိုက်ခဲ့ဖို့ အတင်းခေါ်သည်။ များများစားစားမဟုတ်သော်လည်း အထိုက်အလျောက်ငွေကပါသည်။ ဤသို့ဖြင့် သန်လျင်မောင်မောင်ဦး အတွက်ပါ [illegible] လက်မှတ်ဝယ်ဖြစ်သည်။ မောင်မောင်ဦး မဂ္ဂဇင်းတိုက်များ [illegible] တာမူခများကမရသေး။ ကျွန်တော်တို့ အားလုံးရထားပေါ် [illegible] အထိ တစ်ဦးတစ်ယောက်များလာပေးလေမလားဟု [illegible] ဒီလိုနှင့် အချိန်တွေက တစ်ဖြည်းဖြည်းကုန်လာသည်။ [illegible] တွေကုန်ဆုံးသွားပြီဟု ထင်သည်။ သန်လျင်မောင်[illegible]

ပင်ညှိုမှိုင်းလာသည်။ ရထားထွက်ရန်(၈)မိနစ်ခန့်သာ လိုသောအချိန်သို့ရောက်လာသည်။ ထိုအချိန်တွင် ကိုမောင်မောင်ဦးရှိလားခင်ဗျာ ဟုပလက်ဖေါင်းပေါ်မှ အသံတစ်ခုကြားလိုက်ရသည်။ ကိုမောင်မောင်ဦးမျက်နှာဝင်းလက်သွားသည်။ ရထားပြူတင်းပေါက်မှထွက်ကြည့်သည်။ ကိုမောင်မောင်ဦး ဟူသောအသံနှင့်အတူ သူ့လူနှစ်ဦးရှေ့သို့ရောက်လာသည်။

"ကျွန်တော်တို့တွေ ထိပ်ဆုံးတွဲကစပြီး ကိုမောင်မောင်ဦးရှိလားလို့ တစ်တွဲပြီး တစ်တွဲအော်လိုက်လာတာ"

"အေး . . . ဘာကိစ္စလဲ ငါကလည်းမင်းတို့တစ်ယောက်ယောက်များလာမလားလို့ စိတ်ထဲထင်နေမိတာ"

"အစ်ကိုခရီးသွားခါနီး မအားလောက်ဘူးထင်ပြီး . . အစ်ကိုပါတဲ့ မဂ္ဂဇင်းတိုက်တွေကို လိုက်ပြီးစာမူခတောင်းခဲ့တာ . . စုစုပေါင်းစာမူခ(၅)ခုရတယ်။"

"ဝမ်းသာလိုက်တာကွာ . . .၊ ငါရထားပေါ်ရောက်နေတဲ့အထိအိတ်ထဲမှာသိပ်မပါဘူး၊ မင်းတို့စာမူခတွေတောင်းလာတော့ ငါ့အတွက်အဆင်ပြေသွားတာပေါ့၊ လျှိုလို့လည်းရတာပေါ့။"

"ရော့ဒီမှာ စာမူခစာရင်းနဲ့ငွေ"

"အေး . . . အေး . . . ငါ့ညီရာ ကျေးဇူးအများကြီးတင်ပါတယ်"

ကိုမောင်မောင်ဦး ငွေနှင့်စာရင်းစာရွက်လှမ်းယူပြီးသည့်အချိန်တွင် ရထားဥသြသံကိုကြားရသည်။ မကြာမီရထားထွက်ပေတော့မည်။ ခရီးသွားများတွဲပေါ်တက်၍ ကိုယ့်နေရာကိုယ်ထိုင်ကြသည်။ ကိုမောင်မောင်ဦးအား အောက်မှလူနှစ်ဦးကလက်ပြလျှက်ရှိသည်။ ထိုအချိန်တွင် ရထားဘီးကဖြည်းဖြည်းချင်းလိမ့်သွားသည်။ ကိုမောင်မောင်ဦး ဝမ်းသာပျော်ရွှင်စွာသူ့လူနှစ်ဦးကို ပြန်လည်လက်ပြရင်းသူ့ထိုင်ခုံတွင်ထိုင်ချလိုက်သည်။

"အစ်ကိုရေအခုမှပဲ စိတ်ချမ်းသာတော့တယ်။ ကိုယ့်အိတ်ထဲငွေပါတော့လှူချင်တာလှူလို့ရတာပေါ့။ ကိုယ့်အိတ်ထဲငွေမပါရင် မလုံမလဲနဲ့ စိတ်အားငယ်တယ်။ အခုတော့ . . . ဟိုကောင်နှစ်ယောက်ကျွန်တော့်ကိုယ်စား စာမူခတွေထုတ်လာတာကျေးဇူးတင်ရမယ်။ တစ်ချို့က မဂ္ဂဇင်းမထွက်သေးဘူး ကြိုတင်ထုတ်ပေးလိုက်တာ . . ကုသိုလ်ကောင်းတယ်လို့ပဲပြောရတော့မှာပဲ . . .။"

ကိုမောင်မောင်ဦးက ဝမ်းသာအားရဖြင့် ကျွန်တော်တို့ဘက်လှည့်ပြောသည်။ ထိုသို့ဖြင့် မထင်မှတ်ပဲစမတောင်တော်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

× × × × × × ×

(၂)

စမတောင်တော်သို့ရောက်ပြီး(၂)ရက်မြောက်သော နေ့တွင် အဘိုးနှင့်တွေ့ဆုံဖြစ်သည်။ အဘိုးသည် ဆံပင်များ၊ နှုတ်ခမ်းမွေး၊ ...်ဆိတ်မွေးများဆွတ်ဆွတ်ဖြူနေသည်။ အသက်(၇၀) (၈၀)လောက် ...ပြီဟုခန့်မှန်းမိသည်။ သို့သော် သူ့ထက်အသက်ပို၍ကြီးလိမ့်မည် ...င်သည်။ သူ့အသားအရေများသည်နူးညံ့နေသည်။ စကားအပြော ...ဆိုနူးညံ့သိမ်မွေ့သည်။ တိုးတိုးညင်ညင်ကလေးဖြစ်သည်။ သူ့မျက် ...်းများက မျက်လွှာကိုချထားသည်။ ဟိုကြည့်ဒီကြည့်မျက်လုံးမကစား၊ ...သူ့အနီးတွင်ရှိသော လူနှစ်ဦးကိုစမတောင်တော်အကြောင်းတစ်စိတ် ...စ်ဒေသပြောကြားနေခြင်းဖြစ်သည်။ ကျွန်တော်သည် မငုံ့မရဲအဘိုး

၏အနီးသို့ချဉ်းကပ်၍ခပ်ရိုရိုထိုင်မိသည်။ သူပြောသောစကားများကိုနားစွင့်နေမိသည်။

၁၃၀၆-ခုနှစ် ဝါဆိုလပြည့်ကျော်ရက်ကဖြစ်သည်။ ယွှဘုရားတည်ထားသောနေရာမြေပြန့်တွင် (စ. ဆ. ဇ. ဈ)အက္ခရာများနှင့် (က)မှ(အ)အထိ အက္ခရာများပေါ်ပေါက်ဘူးသည်။ လက်ဖြင့်ဖျက်ကြည့်သော်လည်း ခနသာမှိန်သွားသည်။ ချက်ချင်းပြန်လည်ထင်ရှားလာသည်။ ဓါးနှင့်ခြစ်ကြည့်၊ မြေကိုတူးဆွကြည့်သော်လည်း ခဏအတွင်းပြန်လည်ထင်ရှားစွာပေါ်လာသည်။ တူးဆွဖန်များသည့်နောက်ပိုင်းတွင် မြေပြင်တစ်ဝန်းလုံးပျံ့နှံ့ပေါက်ထွက်လာသည်။ သစ်ပင်၊ ဝါးပင်၊ ဖရုံပင်တို့၏ ပင်စည်များ၊ အရွက်များ၊ အသီးများတွင် အက္ခရာများပျံ့နှံ့ပေါ်ပေါက်လာသည်။ ထိုစဉ်က ကမ္မဋ္ဌာန်းကျောင်းတွင် ဦးပဥ္စင်း ဦးကဝိန်တစ်ပါးတည်းရှိသည်။ ကမ္မဋ္ဌာန်းကျောင်း၏ နံရံတွင်လည်းကောင်း၊ ဦးပဥ္စင်း ဦးကဝိန်၏သင်္ကန်း၊ ဦးကဝိန်၏ကိုယ်အသားတို့၌ စမများအနှံ့အပြားကူးစက်ပေါ်ပေါက်လာသည်။ စမအက္ခရာများတန်ခိုးပြသည့်သဘောဖြင့် တစ်တောင်လုံးရှိသက်ရှိသက်မဲ့များတွင်ပျံ့နှံ့ပေါ်ပေါက်လာသည်ဟုယူဆကြသည်။ လအတန်ကြာသောအခါပျံ့နှံ့နေသော စမများတစ်ဖြည်းဖြည်းလျော့ပါးသွားသည်။ မူလနေရာတွင်သာ ထူထပ်စွာရှိနေ၍ ရာဇမတ်ရက်ကာရံထားကြသည်။

အဘိုးပြောပြသော စမအက္ခရာများအကြောင်းကို ကျွန်တော်စိတ်ဝင်တစားနားစွင့်နေမိသည်။ အဘိုးသည်စကားပြောရပ်လိုက်ပြီးသူ့တိုက်ပုံအင်္ကျီအိတ်ထဲမှ နာရီအပိုင်းလေးကိုထုတ်ကြည့်သည်။ "တဲ. . အချိန်မရှိဘူး . . . အလုပ်သွားလုပ်တော့မယ်"ဟု ပြောခါထသွားသည်။ လူနှစ်ဦးနှင့် ကျွန်တော်ပါငေးစိုက်ကြည့်နေမိသည်။ ကျွန်တော်သည် ထိုင်နေသောလူနှစ်ဦးအနီးသို့ တိုးကပ်သွားမိသည်။"

"အဘိုးနဲ့ ဘယ်တုန်းကစပြီးသိကြတာလဲ"

"ဟို . . တစ်နှစ်ဘုရားဖူးလာကတည်းက အဘိုးကိုစပြီးတွေ့

ဘူးတာပါ။ အဘိုးကဒီစမတောင်တော်ပေါ်မှာ တရားကျင့်ဟာများ လိမ့်မယ်။ ကျွန်တော်တို့လာတိုင်း အဘိုးကိုတွေ့ဖြစ်တယ်။ တစ်ခြား သူခေါ်တက်ကျတဲ့နေရာတွေလည်း သွားပုံရပါတယ်။"

"အဘိုးပြောပြတာ ကျွန်တော်တို့ဘာမှမသိသေးတဲ့သူတွေ အတွက်စိတ်ဝင်စားစရာကောင်းပါတယ်။ နောက်နေ့တွေ ဒီတောင် ကျောကိုလာရင် အဘိုးကိုတွေ့နိုင်လား"

"ကံကြုံရင်ဆုံရတာပေါ့လေ . . . တွေ့ရတာများပါတယ်။ အဘိုးက နေရာစုံမှာတရားကျင့်ပုံရတယ်။ အခုလည်းအချိန်ကျလို့ ထွက်သွားတာပါ။ အဘိုးပြောတာနားထောင်ချင်တယ်ဆိုရင် ဒီဘက် တောင်ကျောကိုလာစောင့်ကြည့်နေပေါ့။"

"ဟုတ်ကဲ့ . . ခင်ဗျ။ ကျွန်တော်နက်ဖြန်ခါ တစ်ခေါက် [illegible] ကြည့်ပါဦးမယ်။"

ကျွန်တော်တည်းခိုရာဇရပ်သို့ပြန်လာသည့်တိုင်အောင် [illegible] ရုပ်သွင်ကိုမြင်ယောင်နေသည်။ အဘိုးပြောသောစကားများကို [illegible] ယောင်နေသည်။ နောက်နေ့ နံနက်(၄)နာရီခွဲထသည်။ ကိုယ်[illegible] သန့်စင်၍ ကမ္ဘာ့ကပ်ကျော်စေတီတော်သို့သွားရောက်ပြီး [illegible] သောက်တော်ရေ မျက်နှာသစ်တော်ရေများကပ်လှူပေါ [illegible] အဓိဋ္ဌာန်ပုတီးစိပ်သည်။ လုပ်နေကျအလုပ်များ တစ်နေ[illegible] သည်။ မနေ့ကအဘိုးနှင့် တွေ့သောအချိန်တွင် ကျွန်တော်[illegible] သကာတရဖြစ်သွားသည်။ အဘိုးနှင့်တွေ့သော တောင်[illegible] ကျွန်တော်တစ်ဦးတည်းလျှောက်လာဖြစ်သည်။ အဘိုး[illegible] ပါ့မလားဟုစိုးရိမ်မိသည်။ တစ်နေရာရာမှာတရားအ[illegible] လား တွေးမိသည်။

မနေ့ကတွေ့ဖြစ်သော သစ်ပင်ရိပ်ကိုလှမ်း[illegible] ကိုလုံးဝမတွေ့ရ . . .။ သွားပြီ . . .။ ဒီနေ့တော့ [illegible] တွေးဖြစ်သည်။ သို့သော်မှတ်ထင်မှတ်သောနေရာတွင် [illegible]

ဘေးမှ လူနှစ်ဦးကိုတွေ့ရသည်။ မနေ့ကတွေ့ရသော လူနှစ်ဦး
ဖြစ်သည်။ ကျွန်တော်ခပ်သွက်သွက်လျှောက်၍ အဘိုးအနီးတွင်
ရှိရှိထိုင်ဖြစ်သည်။ အဘိုးသည် ဆရာကျင်အကြောင်းကို စိတ်ဝင်
စားလေသံတိုးတိုးဖြင့် ပြောပြနေသည်။

၁၃၀၆-ခုဝါခေါင်လတွင် ကြံဖိုစုရွာ ဦးပြောင်း၊ ဒေါ်အေးတ
အိမ်သို့ဝတ်ဖြူနှင့် ဆရာကျင်ရောက်လာသည်။ လမ်းတွေ့တွေ့သော
လူများကို ဦးပြောင်းအိမ်ပြပါဟုပြောသည်။ ဒေါ်အေးတင်တို့အိမ်
လားဟု ပြန်မေးသော်လည်း ဦးပြောင်းအိမ်သာပြခိုင်းသည်။ ဦးပြော
အိမ်ရောက်လာသော ဆရာကျင်ကို ဆရာလူကသွားတွေ့သည်။ ထို
စဉ်က တောင်ပေါ်ကမ္မဋ္ဌာန်းကျောင်းတွင် ဦးပဉ္ဇင်း ဦးကဝိန်တစ်ပါ
သာနေသည်။ ဆရာလူက တောင်ပေါ်ကမ္မဋ္ဌာန်းကျောင်းမှာ ကပ္ပိယ
လုပ်ရင်း တရားအားထုတ်မနေနိုင်ဘူးလားဟု မေးသည်။ ခဏတဖြုတ်
နေနိုင်ကြောင်းပြောသည်။ ထို့ပြင်ဘာပေးမှာလဲဟုပြန်မေးသည်။
ဆရာလူက စားစရာသောက်စရာပို့ပေးမည်ဟုပြောသည်။ ထိုအခါ
ဆရာကျင်က အပေါ်အင်္ကျီတစ်ထည်ဖြစ်ဖြစ် ငွေခြောက်ကျပ်တစ်မတ်
ဖြစ်ဖြစ်ပေးဖို့ပြောသည်။ နောက်ဆုံးတွင် လိုချင်တာပေးမည်ဟုသ
ဘောတူလိုက်သည်။

ဆရာကျင်သည် ကမ္မဋ္ဌာန်းကျောင်းသို့သွား၍ ဦးပဉ္ဇင်း ဦးက
ဝိန်နှင့် အတူနေသည်။ တရားပြပေး၍ဝေယျာဝစ္စများဆောင်ရွက်ပေး
သည်။ ဆရာကျင်သည် ရေကုန်လျှင် ရေအိုးကိုမှောက်ထားသည်။
မကြာခင်တစ်စုံတစ်ဦးပေါ်လာပြီး ရေခပ်ပေးသွားတတ်သည်။ လက်
ဖက်ခြောက်ကုန်လျှင် ပုံးကိုခါ၍မှောက်ထားသည်။ မကြာခင်လက်
ဖက်ခြောက်အလှူရှင်ရောက်လာ၍ ပုံးထဲထည့်လှူသွားသည်။ ဆရာ
ကျင် စမအကွရာများတွေမြင်ပြီး စမပေါ်သည့်နေရာတွင် ဘုရားငါး
ဆူတည်ရမည်ဟုပြောသည်။

ဆရာကျင်သည် တော်သလင်းလကွယ်နေ့တွင် တောင်ပေါ်

ကမ္ဘာ့ဌာန်းကျောင်းမှပြန်ဆင်းလာသည်။ ဆရာလူ၏အိမ်သို့သွား၍ ညဥ့်ပါသေမည်ဟုပြောသည်။ ဆရာလူက အကောင်းကြီးတာကြောင့် သေရမှာလဲပြောသော်လည်းမရ။ သူသည်ညသေမည်ဟုသာပြောသည်။ သူပြောသလိုသင်္ဂြိုလ်ပေးဖို့ကတိတောင်းသည်။ သူသေလျှင် ဘွင်းနက်နက်တူး၍ခေါင်းအောက်က အုန်းတုံးသုံးတုံးခံခိုင်းသည်။ အုန်းတုန်းပေါ်တွင် ခေါင်းကိုတင်ခိုင်းသည်။ ခေါင်းကိုမပိတ်ပဲ ဝါး ကပ်ထူကိုခေါင်းနှင့်မထိအောင် တင်ရမည်။ ကပ်ပေါ်မှမြေဖို့သင်္ဂြိုလ်ပေးဖို့သေသေချာချာမှာသည်။ လူကောင်းတစ်ယောက်သူသေမည့်အကြောင်းမှာနေ၍ ယုံစရာမရှိ။ နောက်ဆုံးတွင် သူမှာသည့်အတိုင်းလုပ်ပေးပါမည်ဟု ကတိပေးလိုက်ရသည်။

ဆရာကျင်သည် ဦးပြောင်းအိမ်သို့ပြန်သွားပြီးအိပ်သည်။ ညဥ့်နက်သောအခါ ဆရာကျင်ဖျားနေကြောင်းလာပြောသည်။ နံနက်(၄) ာရီခန့်တွင် ဆရာကျင်ကွယ်လွန်သည်။ ဆရာလူသည် ဆရာကျင်၏အလောင်းကိုသင်္ဂြိုလ်ရန်တိုင်ပင်သည်။ သို့သော်သူခေါ်ထားသော ကပ္ပိယမို့ အစစအရာရာသူသာတာဝန်ယူရန်ဖြစ်လာသည်။ ဆရာလူသည် သူ၏တူဖြစ်သူ ကိုမောင်ငယ်အား ငွေတစ်ဆယ်ကျပ်ထုတ်ပေးသည်။ ခေါင်းနှင့်ကန်တော့ပွဲစီစဉ်ခိုင်းသည်။ ကိုမောင်ငယ်က ဆရာကျင်မှာထားသည့်အတိုင်းစီစဉ်၍ ညနေစောင်းတွင်မြေမြှုပ်သင်္ဂြိုလ်သည်။ အိမ်ပြန်ရောက်လျှင် သင်္ဂြိုလ်စရိတ်စုစုပေါင်းမည်မျှ ကုန်ကြောင်းဆရာလူကမေးသည်။ ကိုမောင်ငယ်က ခေါင်းဖျဉ်၊ ကန်တော့ လျှရန်သက်န်းပါစုစုပေါင်းခြောက်ကျပ်တစ်မတ်ကုန်ကြောင်းတွက်သည်။ ဆရာလူအံ့ဩသွားသည်။ သူနှင့်ဆရာကျင်တို့စတင်ဆုံစဉ် ာအပေါ် အင်္ကျီတစ်ထည်သို့မဟုတ် ငွေခြောက်ကျပ်တစ်မတ်တောင်း ားကြောင်းသတိရသွားသည်။ သုံးလေးလခန့်ကြာလျှင် ကျိုက်ထီးရိုး ာရားသို့သွားရောက်ဖူးမျှော်သူများရှိကြသည်။ ပြန်ရောက်လာလျှင် အထူးအဆန်းစကားတွေပြောကြသည်။ "ဆရာလူကို ဆရာကျင်ကြီး

ကကျိုက်ထီးရိုးကိုလာခဲ့ပါ။ သူစောင့်နေပါမည်"ဟုမှာလိုက်ကြောင်း ဖြစ်သည်။

အဘိုးပြောပြသော အကြောင်းအရာများကို ကျွန်တော်စိတ်ဝင်စားနေမိသည်။ လောကတွင် ကျွန်တော်တို့မသိသေးသောအကြောင်းအရာများစွာရှိနေပေဦးမည်။ လေ့လာစူးစမ်းစရာတွေများစွာရှိနေသေးသည်။ ထိုအချိန်တွင် အဘိုးကအကျီအိတ်အတွင်းမှ နာရီဝိုင်းလေးကိုထုတ်ကြည့်သည်။ ခေါင်းတစ်ဆတ်ဆတ်ညိတ်သည်။

"အဘိုးပြောပြတဲ့အကြောင်းအရာတွေ ကျွန်တော်တို့သိပ်စိတ်ဝင်စားနေမိတယ်။ တတ်နိုင်လျှင်ဆက်ပြီးနားထောင်နေချင်သေးတယ်။"

"အခုလို စိတ်ဝင်စားလို့ အဘိုးဝမ်းသာလှပါပြီကွယ်။ နောက်တစ်ခါတွေ့ရင် ရိက္ခာမျုးကြီးဦးစံပေါ် အကြောင်းကိုပြောပြဦးမယ်။ ဓမဟောင်တော်နဲ့ ပတ်သက်ရင်သူကလည်းစိတ်ဝင်စားစရာသိပ်ကောင်းတယ်။ အခုတော့အဘိုးအလုပ်လုပ်ရဦးမယ်။ တရားအားထုတ်ဖို့၊ ကုသိုလ်ယူဖို့အချိန်တွေပေးရဦးမယ်ကွယ်။"

"ဓမတောင်တော်လာရင်း အဘိုးနဲ့တွေ့ရတာဝမ်းသာလှပါတယ်။ ကျွန်တော်တို့ ဗဟုသုတတွေအများကြီးရတယ်။ အဘိုးနဲ့အတူ အချိန်အကြာကြီးနေထိုင်ပြီး မသိတာလေးတွေမေးမြန်းချင်တယ် . ."

"ကြုံဦးမှာပေါ့ သားတို့ရယ် . . . . အဘိုးရှိနေဦးမှာပါ။ အဘိုးနဲ့တွေ့တုန်းသားတို့ဘာများပြောချင်သေးလဲ . . . ။"

"ကျွန်တော်တို့ကို ဆုံးမဩဝါဒလေးပေးသွားပါဦး . . အဘိုး"

"အေး . . . လူဖြစ်နေရတဲ့ သက်တမ်းတစ်လျှောက်မှာအတတ်နိုင်ဆုံးစိတ်ကို ဖြူစင်အောင်ကြိုးစားကြပါကွယ်။ စိတ်ဖြူနေရင် အကုသိုလ်ကင်းတာပေါ့ကွာ . . . ။ ကုသိုလ်စိတ်ကို တတ်နိုင်သမျှကြိုးစား လုပ်ဆောင်ရင် ပစ္စုပ္ပန်ရော အနာဂတ်အတွက်ပါ အကောင်းမြင်သာလိမ့်မယ်။ နောင်ဘဝတွေမှာလည်း အကျိုးပေးကောင်း

ပါလိမ့်မယ် သားတို့ရယ် . . .။"

အဘိုး ကျွန်တော်တို့အနီးမှထသွားသည်။ မကြာခင်အလုပ်စခန်းဝင်ပေတော့မည်။ အဘိုးကိုကြည့်ရင်းဆွေမျိုးရင်းချာတစ်ဦး အဝေးသို့ထွက်သွားသကဲ့သို့ခံစားရသည်။ ဝမ်းနည်းရိပ်ကအလိုလို ရောက်လာသည်။ သို့သော်အဘိုးမှာကြားသောစကားကိုသတိရ သည်။ အတတ်နိုင်ဆုံးဖြူစင်စိတ်ကိုမွေးရဦးမည်။ အချိန်လုရှဲကုသိုလ် ယူရမည်။ တရားကျင့်ရမည်။ တစ်ဘဝစံထက် ဘဝအဆက်ဆက်တို ရည်ရွယ်ကြိုးစားရပေမည်။

× × × × × × ×

(၃)

စမတောင်တော်ပေါ်တွင် ပန်းချီဆရာကြီးမောင်ကျော်ညွှန့်၏သားနှင့်တွေ့သည်။ သကစမတောင်တော်သို့ သွားချည်လာလည် လုပ်နေသဖြင့် စမတောင်တော်နှင့် ကျွမ်းဝင်နေပြီဖြစ်သည်။ ကျွန် တော်တို့က နေ့စဉ်ဝေယျာဝစ္စများစွာကို ကူညီလုပ်ကိုင်ရင်းကုသိုလ် ယူသည်။ ဘုရားဝတ်ပြု ဆီမီးရေချမ်းကပ်လှူ၊ ပုတီးစိပ်ဖြင့် အချိန် ပြည့်နီးပါးအလုပ်လုပ်ကြသည်။ ပန်းချီဆရာကြီးမောင်ကျော်ညွှန့်၏ သားနှင့်တွေ့မှ ဆွမ်းစားဆောင်သို့ကျွန်တော်သို့ရောက်ကြသည်။ အနယ်နယ်အရပ်ရပ်မှ အာဂန္တုသံဃာတော်များပါဆိုလျှင် သံဃာ (၈၀)ခန့်ရှိလိမ့်မည်ထင်သည်။ အာရုံဆွမ်းနှင့် နေ့ဆွမ်းသံဃာအပါး (၈၀)ခန့်ကို အလှူတစ်ခုကဲ့သို့ကျွေးမွေးနေသည်ကိုကြည့်၍ ကြည် နူးပီတိဖြစ်မိသည်။ ပထမသံဃာတော်များကို ဆွမ်းကပ်နေသူများမှာ စမတောင်တော်ပေါ်မှ တာဝန်ရှိသူများဖြစ်လိမ့်မည်ဟုထင်မိသည်။ သို့သော် ပန်းချီဆရာကြီးမောင်ကျော်ညွှန့်၏သားကရှင်းပြသည်။

ဆွမ်းကပ်နိုင်ရန်အတွက် ဝေယျာဝစ္စလုပ်ပေးနေသူများမှာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြစ်ကြသည်။ မိမိအသိစိတ်နှင့် မိမိကူညီလုပ်ကိုင်ဆောင်ရွက်ကုသိုလ်ယူနေကြခြင်းဖြစ်သည်။ ဒီတော့မှ ကျွန်တော်တို့လည်းပါဝင်ခွင့်ရနိုင်ကြောင်းသိရသည်။

နောက်နေ့မှစ၍ မိမိတို့လုပ်နေကျကုသိုလ်ရေးလုပ်ငန်းများအပြင်သံဃာတော်အပါး (၈၀)ခန့်ကို ဆွမ်းကပ်သောအလုပ်ပါ တာဝန်ယူသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများနှင့် ရင်းနှီးကျွမ်းဝင်သွားသည်။ ဆွမ်းယူလာခဲ့ပါဦး၊ ပဲပြားဟင်းယူလာခဲ့ပါဦးစသဖြင့် တစ်ဝိုင်းမှာလိုတာတစ်ဝိုင်းကိုလှမ်းမှာသည်။ ကိုယ်တိုင်ဆွမ်း၊ ဟင်းတို့လိုက်လံဖြည့်ဆည်းသည်။ သံဃာတော်အပါး (၈၀)ခန့်ကို တစ်ဝိုင်းပြီးတစ်ဝိုင်းလိုက်လံဆွမ်းကပ်ကြသည်။ မိမိအိမ်တွင် သံဃာတော်အပါး(၈၀)ခန့်နေ့စဉ် ဆွမ်းကပ်ဖို့လွယ်ကူသောအလုပ်မဟုတ်။ စမတောင်တော်ပေါ်ရောက်မှ သံဃာအပါး(၈၀)ခန့် ဆွမ်းကပ်ဖို့အတွက် ဝေယျာဝစ္စဝိုင်းကူလုပ်ပေးရသည်ကို ဝမ်းသာကျေနပ်နေမိသည်။ တစ်နေ့ထက်တစ်နေ့ ကုသိုလ်စိတ်ဖြင့်နေရသည့်အချိန်တွေကပိုများသည်။

ဒီကြားထဲ အဘိုးနှင့်တွေ့ရသောနေရာ တွေ့ရသောအချိန်တွင်ကျွန်တော်သွားကြည့်သည်။ သို့သော် အဘိုးကိုကျွန်တော်မတွေ့ရတော့။ ဓါတ်ကျသောနေရာတစ်ခုခုသို့သွားရောက် အလုပ်စခန်းဝင်နေလိမ့်မည်ဟုထင်မိသည်။ သို့သော်အဘိုးပြောသောစကားများမှာ နှလုံးသားတွင်စွဲထင်နေသည်။ တတ်နိုင်သမျှစိတ်ကို ဖြူစင်အောင်ကြိုးစားနေမိသည်။ တစ်ခုမဟုတ်တစ်ခု ကုသိုလ်စိတ်ကလေးနှင့် လုပ်ကိုင်သည်။ စမတောင်တော်ပေါ်ရောက်သည့် အချိန်မှစ၍ကျွန်တော့်စိတ်မှာယခင်ကထက် ပိုမိုဖြူစင်နေသည်။ အိပ်ယာမှနိုးသည်နှင့် စိတ်သည်ဟိုပြေးဒီပြေး ပြေးနေသော စိတ်ကိုတတ်နိုင်သမျှထိန်းချုပ်သည်။ ကုသိုလ်ကောင်းမှုများအား ပြီးလျှင်ဘာလုပ်မည်ကို ဇယားချထားသည်။ စမတောင်တော်ပေါ်ရောက်နေသည့်အချိန်တွင် အကုသိုလ်

ကင်းနေမည်ဟုထင်မိသည်။ စိတ်တံခါးဖွင့်သည်နှင့် အတတ်နိုင်ဆုံး စိတ်ကိုဖြူစင်အောင်ကြိုးစားနေဖြစ်သည်။ မည်သို့ဆိုစေ ကျွန်တော့် နှလုံးသားထဲတွင် အဘိုး၏စကားများက စွဲထင်နေလျှက်ရှိသည်။

"အေး . . လူဖြစ်နေရတဲ့ သက်တမ်းတစ်လျှောက်မှာအတတ် နိုင်ဆုံးစိတ်ကိုဖြူစင်အောင်ကြိုးစားကြပါကွယ်။ စိတ်ဖြူနေရင်အကု သိုလ်ကင်းတာပေါ့။ ကုသိုလ်စိတ်ကိုတတ်နိုင်သမျှလုပ် ဆောင်ရင် ပစ္စု ပ္ပန်ရော အနာဂါတ်အတွက်ပါအကောင်းဆုံးဖြစ်ပါလိမ့်မယ်။ နောင် ဘဝတွေမှာလည်းအကျိုးပေးကောင်းပါလိမ့်မယ် သား . . တို့ရယ်"

ခအေးကြူခလေး
၂၆-၁-၀၈

<u>လိပ်စာ</u>

ဦးအေးကြူ
အမှတ်(၃၁) နေသူရိန်လမ်း၊
ဆရာစံတောင် စံပြရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁/၅၄၂၄၈

သရက်ကုန်းရွာလေးမှာ

ဒေါ်အိမ်သူ

(wuúokdvf.Of OfvJh)

ရောဝတီတိုင်းဘိုကလေးမြို့နယ်အတွင်းတွင် သရက်ကုန်းရွာ အမည်တွင်သောရွာကလေးတစ်ရွာရှိပါသည်။

ရွာကိုကွေ့ဝိုက်၍စီးဆင်းနေသောချောင်းကလေးအား သ ရက်ကုန်းချောင်းဟုခေါ်ကြလေသည်။

ရွာအပြင်ဘက် သရက်ကုန်းချောင်းကလေးအနီးတွင် ဝါးမျာ ဖြင့်ဆောက်လုပ်ထားသော ကဲအိမ်သေးသေးလေးတစ်အိမ်ရှိနေပြီ ထိုအိမ်ကလေးအနီးသို့ ရွာထဲကလူများ အသွားအလာမလုပ်ကြပဲ အဝေးမှ ကွေ့ပတ်ရှောင်သွားကြလေသည်။

ထိုတဲကလေးအား ဒေါ်အိမ်သူကပိုင်ဆိုင်ပြီး၊ တဲကလေးတွင် ဒေါ်အိမ်သူတစ်ယောက်တည်း ခွေးနက်ကြီးတစ်ကောင်အား အဖေါ် ပြု၍နေထိုင်လေသည်။

ဒေါ်အိမ်သူသည် မိမိတဲအနီးဝန်းကျင်မြေကိုရှင်းလင်းပြီး၊ သီး နှံပင်များစိုက်ပျိုးထားသည်။ ချောင်းထဲမှ ငါးများဖမ်း၍ငါးခြောက် လှန်းသည်။ ပြီးလျှင် တစ်ပတ်တစ်ခါ သရက်ကုန်းရွာမှလွဲပြီး တစ်ခြား ရွာများသို့လှည့်လည်၍ မိမိခြံထွက်သီးနှံများနှင့် ငါးခြောက်များရောင်း ချပြီးမိမိလိုအပ်သော ပစ္စည်းများလည်းဝယ်ယူလာတတ်သည်။

"ကလေးတွေနော် ဆူဆူညံညံနဲ့ အဲ့ဒီဒေါ်အိမ်သူခြံအနား သွားမဆော့နဲ့၊ တော်ကြာ ဒေါ်အိမ်သူက ပြုစားထားလိမ့်မယ်"

ရွာထဲက ကလေးတွေသည် မိဘများပြောစကားကြောင့် ဒေါ်အိမ်သူ အားကြောက်ရွံ့ကြလေသည်။

ဒေါ်အိမ်သူသည် မျက်နှာကိုမမြင်ရအောင် ခေါင်းမှာပုဝါခြုံ၍ဝှက်ထားတတ်၏။

ထို့ကြောင့် ဒေါ်အိမ်သူ၏မျက်နှာကို ကလေးများသေချာမမြင်ဘူးကြ။ မျက်နှာချင်းဆိုင်မိလျှင်လည်း သေချာမကြည့်ရဲကြ။ ကြည့်မိသူများကလည်း ဒေါ်အိမ်သူ၏ မျက်နှာသည် အလွန်ကြောက်စရာကောင်းစွာ အရုပ်ဆိုးနေကြောင်းပြောကြသည်။

တစ်ကယ်တော့ ဒေါ်အိမ်သူသည် သရက်ကုန်းရွာတွင် မွေးဖွားခဲ့သော သရက်ကုန်းရွာတွင်ကြီးပြင်းခဲ့သော သရက်ကုန်းရွာ၏ ကွမ်းတော်ပန်းတော်ကိုင် အချောအလှအမျိုးသမီးတစ်ဦးဖြစ်ခဲ့လေသည်။

ဒေါ်အိမ်သူ၏ အဖေမှာ ရွာသူကြီးဦးအောင်သူဖြစ်သည်၊ ဦးအောင်သူတွင် သားနှစ်ယောက်နှင့် သမီးလေး အိမ်သူရှိသည်၊ သားနှစ်ယောက်က ဖခင်ဖြစ်သူ၏အရှိန်အဝါနှင့် ရွာသူရွာသားများအပေါ် အနိုင်ကျင့်၊ အပေါင်းအသင်းများနှင့် အရက်သောက်ဖဲရိုက်ကြက်တိုက်နှင့် ဆိုးသွမ်းနေသူများဖြစ်၏။ သမီးမအိမ်သူကလည်း အလွန်မာနကြီး အပြောအဆိုကြမ်းလို့ ရွာကလူတွေက သူတို့သားအဖတွေအပေါ် ရွံ့ကြောက်ကြီးဖြစ်နေကြလေသည်၊

မအိမ်သူသည် တစ်ရွာတည်းနေသော ယောကျ်ားလေးများအပေါ် အလွန်မောက်မာစွာဆက်ဆံတတ်သောကြောင့်၊ ရွာထဲက လူပျိုကာလသားတွေက ရှောင်ဖယ်နေသော်လည်း၊ သရက်ကုန်းရွာ၏ အရှေ့ဘက်ရှိ မြို့သာယာရွာမှ ကိုမိုးအောင်ဆိုသူကမူ မအိမ်သူအား အသည်းစွဲချစ်သည်ဆိုပြီး ဝါဆိုပန်းခူးပြီးအပြန် မအိမ်သူအားခိုးပြေးလေတော့သည်။

ထိုအခါ သူကြီးနှင့်သားနှစ်ယောက်ဖြစ်သော မြတ်သူနှင့် လှသူတို့သည် ဒေါသတကြီးဖြင့် မအိမ်သူတို့အား လိုက်ရှာကြပြီး

ကိုမိုးအောင်အားတွေ့သည့်နေရာမှာ ခေါင်းဖြတ်သတ်မည်ဟု ကြိမ်းဝါထားကြလေသည်။

နောက်ငါးနှစ်ကြာသောအခါ သူကြီးလည်းဆုံးပြီ။ မြတ်သူနှင့်လှသူလည်း အသီးသီးအိမ်ထောင်တွေကျကာ၊ ရွာမှာမရှိတော့သည့်အချိန် မအိမ်သူသည် ကိုမိုးအောင်နှင့်အတူ ရွာသို့ပြန်ရောက်လာ၏။

ထိုအချိန်သည်ကား ၁၉၄၈-ခုနှစ် မြန်မာပြည်လွတ်လပ်ရေးရပြီးစအချိန်ဖြစ်သော်လည်း ရောင်စုံသောင်းကျန်းသူများအပြင် ရွာအနီးဝန်းကျင်တွင်လည်း လူဆိုးဓါးပြတွေပေါ်များလေသည်။

မအိမ်သူ၏ အစ်ကိုလှသူမှာ ဓါးပြဂိုဏ်းတစ်ဂိုဏ်းတွင် ခေါင်းဆောင်ဖြစ်နေပြီး ရွာကိုဓါးပြဝင်တိုက်ချိန်တွင် ကိုမိုးအောင်အားတွေ့ပြီးသူကိုယ်တိုင်သေနတ်ဖြင့် ပစ်ခတ်သတ်သွားခဲ့လေသည်တဲ့။

မအိမ်သူ၏အဖြစ်ကားဆိုးလှသည်။ ရွာထဲကလူတွေကလည်း မအိမ်သူအား ဓါးပြဗိုလ်၏ညီမအဖြစ်ရွာထဲမှာ နေတာမလိုလား၊ ခင်ပွန်းဖြစ်သူ ဆုံးတာတောင်သနားဖေါ်မရကြပေ။

မအိမ်သူသည်လည်း မာနခပ်ကြီးကြီး စိတ်ထားကခက်ထန်သည်မို့ ရွာအပြင်မှာပင် သူ့ဖါသာတစ်ယောက်တည်းနေထိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်ပေါင်းများစွာကြာလာသောအခါ ရွာကလူတွေတစ်ယောက်ပြီးတစ်ယောက် မြို့တက်သူတက် တစ်ခြားရွာသို့ပြောင်းသူပြောင်းနှင့် ရှိကြသော်လည်း မအိမ်သူကမူ ဒေါ်အိမ်သူဘဝဖြင့် ထိုတဲလေးမှာပင် မငြီးမငွေ့တစ်ယောက်တည်း နေထိုင်ခဲ့လေသည်။

ယခင်က လွန်စွာချောမောလှပသော သရက်ကုန်းရွာသူ မအိမ်သူသည် မည်သည့်အတွက်ကြောင့် ကြောက်စရာကောင်းသော ဒေါ်အိမ်သူဖြစ်သွားသည်ဆိုတာကိုလည်း ရွာကလူတွေသေချာမပြောနိုင်ကြ။

တစ်ကယ်တော့ မအိမ်သူ၏မျက်နှာသည် ရွာကိုဓါးပြများ ဝင်ရောက်ခဲ့စဉ်က အိမ်မီးလောင်ပြီးမီးဟပ်ခံခဲ့ရခြင်းမှ မျက်နှာအရေ

ပြားတွေလောင်ကာ အရှုပ်ဆိုးသွားခြင်းဖြစ်သည်။

ခုတော့ဒေါ်အိမ်သူအား ရွာထဲကလူတွေက စုံးမကြီးလိုလို ကဝေမကြီးလိုလို ထင်ရာမြင်ရာပေါက်တတ်ကရတွေ ပြောရင်းရှောင် ဖယ်နေကြလေသည်။

× × × × × × ×

"ဟင် . . . ဒီလမ်းဟာ အရင်ကနဲ့မတူပါလား၊ ငါလမ်းမှား လာပြီနဲ့တူတယ် . . ."

ဒေါ်အိမ်သူသည် ဆေးမြစ်တွေတူးဖော်ရင်းမှ လမ်းမှားလာခဲ့သည်။ လမ်းဆုံးလျှင်ရွာတွေ့မှာပဲဟူသော စကားအတိုင်းဆက်၍ လျှောက်လာရင်းမှ လမ်းပျောက်သွားသည်။

သို့သော်ကြီးမားသော ညောင်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်၍တရားမှတ်နေသော ရဟန်းတစ်ပါးအား ထူးဆန်းစွာတွေ့လိုက် ရလေသည်။

ဒေါ်အိမ်သူသည် ညောင်ပင်ကြီးအနီးသို့လျှောက်သွားသည်။ ရဟန်းအနီးမှာတိတ်ဆိတ်စွာထိုင်ပြီးစောင့်နေလေ၏။ အတန်ကြာ သောအခါ ရဟန်းသည်မျက်စေ့စုံမှိတ်ထားရာမှ မျက်တောင်များခပ် ရင်းဖွင့်လိုက်လေ၏။

ရုတ်တရက် ဒေါ်အိမ်သူအားတွေ့၍ အံ့ဩဟန်မရှိ၊ ပကတိ တည်ငြိမ်စွာပင် ကြည့်နေသည်။ ဒေါ်အိမ်သူက တောင်းထဲမှာအသင့် ရှိနေသော ထမင်းထုပ်ကိုယူ၍ ရဟန်းအားရိုသေစွာကပ်လှူသည်။

"ဒကာမကြီး . . . လမ်းမှားလာပြီမှတ်တယ်"

"တင်ပါ့ . . . ဘုရား"

"ဘဝမှာ မှားခဲ့တာတွေများပြီ ဒီတစ်ခါတော့ လမ်းမှန်ရောက်

အောင်ညွှန်ပြပေးလိုက်မယ်၊ ရတနာသုံးပါးကို အမြဲဆည်းကပ်
သရဏဂုံသုံးပါးကို အမှီဌာန်ထားပြီးရွတ်ဆိုပါ၊ မေတ္တာဘာဝနာပွား
ပါ။"

ရဟန်းကြီး၏ ဆိုဆုံးမစကားတွေကိုနားထောင်ပြီး၊ ဒေါ်အိမ်
သူသည် ရွာသို့မပြန်ဖြစ်ပဲ၊ ဘိုကလေးမြို့အနီးဘုန်းတော်ကြီးကျောင်း
တွင် ဝင်၍နားကာ၊ ဝေယျာဝစ္စကုသိုလ်တွေလုပ်သည်။

ထိုဆရာတော်ဆီမှ တရားတွေနာခဲ့ရသည်။ဆရာတော်က
ဆေးကုသနည်းတွေလည်း သင်ပေးလိုက်သည်။ တစ်လလောက်ကြာ
မှ ဒေါ်အိမ်သူ မိမိရွာကလေးသို့ပြန်လာ၏။ မကြာခဏဆိုသလို ထို
ဘုန်းတော်ကြီးကျောင်းသို့ ဒေါ်အိမ်သူသွားနေတတ်၏။ ယခုတော့
ဒေါ်အိမ်သူသည် တရားဖြင့်မွေ့ကာ၊ စိတ်ချမ်းသာစွာနေထိုင်တတ်
ခဲ့ပြီ။

မနက်အရုဏ်တက်သည်နှင့် ဒေါ်အိမ်သူဆွမ်းထချက်ပြီး
ဘုရားအား အာရုံဆွမ်းကပ်လှူသည်။ သရဏဂုံ(၃)ပါးအား ပုတီးဖြင့်
(၁၀)ပတ်စိပ်သည်၊ ဂုဏ်တော်(၉)ပါးအား (၂၇)ပတ်စိပ်ပြီးမေတ္တာပို့
သည်၊ အမျှဝေသည်။

တစ်နှစ်ကျော်ကျော်အချိန်ကြာလာတော့ ဒေါ်အိမ်သူသည်
ဝိပဿနာတရားအားထုတ်လာတတ်သည်။

တစ်နေ့ရွာထဲက ကလေးတစ်ဦးတက်မတတ်ချက်မတတ်
အော်ငိုနေသည်။ ကလေး၏အဘိုးအဘွားနှင့် အဖေအမေတို့သည်
ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေစဉ် ဒေါ်အိမ်သူကအိမ်
သို့အမှတ်မထင်ရောက်သွားသည်။

"ဟဲ့ . . . ဒီကလေးက ငိုလိုက်တာပါလား"

ခြံဝင်းရှေ့လမ်းပေါ်ကနေပြီး ဒေါ်အိမ်သူအော်လိုက်သည်။

အမေလက်ပေါ်မှ ကော့လန်ထိုး၍အော်ငိုနေသော ကလေး
သည် အသံလာရာသို့ကြည့်ကာ ချက်ချင်းအငိုတိတ်သွား၏။

"ဘာဖြစ်တာလဲ . . . ကလေးကို ခေါ်လာခဲ့စမ်း"

ကလေးအမေသည် အံညြတွေဝေဟန်၊ ကြောက်ရွံ့ဟန်ဖြင့် ကလေးအား ဒေါ်အိမ်သူ့ဆီခေါ်လာခဲ့၏။

ဒေါ်အိမ်သူသည် ကလေးအား ညာလက်ဝါးပေါ်တင်၍ဘယ်လက်မ လက်ခလည်တို့ဖြင့် ကလေး၏ကျော်အား အထက်မှအောက်သို့ဆွဲ၍နှိပ်ချလိုက်သည်။

"ကလေးအမေကလည်း သက်စာတွေသိပ်မစားနဲ့လေ"

လွယ်အိတ်ထဲက တစ်စုံတစ်ခုနှိုက်ယူလိုက်ပြီး ကလေးပါးစပ်ထဲခွံ့လိုက်သည်။

"ကဲ . . . ရော့ . . ရော့ နင်တို့ကလေးမငိုတော့ပါဘူး။"

ကလေးကို ပြန်ပေးပြီးထွက်သွားသည်။

တစ်ကယ်ပင် ကလေးသည်မငိုတော့။

ခါတိုင်းထက်ပို၍ နို့စို့သည်။ ပို၍အိပ်သည်။ ဒီသတင်းသည် တစ်ရွာလုံး ဟိုးဟိုးကျော်သွား၏။ မကြာခင်ပင် ကလေးတွေနေမကောင်းလျှင် တစ်ငိုငိုတစ်အီအီဖြစ်နေလျှင် ကလေးအမေတွေ ဒေါ်အိမ်သူ့ဆီရောက်လာကြကုန်၏။

ကလေးတွေက ကျောပူခေါင်းပူထကာ၊ လေထိုးတာ၊ နာစေး ချောင်းဆိုးတာ စသဖြင့် အမျိုးမျိုးရောဂါဖြစ်တာကို ဒေါ်အိမ်သူက ရိုးရိုးဆေးကျွေးပြီးကုသပေးမယ့်။ သူတို့ကလေးကို ဒေါ်အိမ်သူလှပ်ထားတယ်ထင်လို့လား သို့မဟုတ် ဒေါ်အိမ်သူ အစွမ်းရှိတယ်ထင်လို့လားမသိ၊ ကလေးတင်မက လူကြီးတွေလည်းနေထိုင်မကောင်းလျှင် ရောက်လာတတ်သည်။

ယခုတော့ ခေါင်းမြီးမခြုံထားသော်လည်း ဒေါ်အိမ်သူ့မျက်နှာကိုကြောက်စရာဟုမမြင်တော့။

ရွာထဲက လူတွေက ဆန်၊ ဆီ၊ ဆား၊ ငပိ၊ ငါးခြောက် စသည်တို့ဖြင့် လာကန်တော့ကြသည်။

"အဘွား . . . ကျွန်တော်ခရီးသွားမလို့၊ အဲ့ဒါ [illegible] ကင်းအောင်လုပ်ပေးပါ။"

"ဟေ . . . အဲ့ဒါလမ်းမှာ သရဖောင်(၃)ပါးရွတ်သွား အန္တရာယ်ကင်းတယ်။"

ရိုးရိုးလေးပဲပြောလိုက်တာဖြစ်သည်။

"အဘွား . . . ကျွန်တော့် နွားမကြီးပျောက်နေတယ်၊ အဲ့ဒါဘယ်သူခိုးသွားတာလဲသိချင်လို့"

"ဘယ်သူမှမခိုးပါဘူးကွယ်၊ ခုနေအိမ်ပြန်ရောက်လောက်ပါပြီ"

ဒေါ်အိမ်သူ ပြောတဲ့အတိုင်း နွားမကြီးက အိမ်ရောက်နေပြီလေ။

"အဘွား . . . ကျွန်တော့်အိမ်လေးရောင်းချင်လို့၊ မြန်မြန်ရောင်းရအောင်လုပ်ပေးပါ။"

"အိမ်နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်၊ မြေနဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပေးပါကွယ်။"

မကြာခင်အိမ်ရောင်းရသည်ဆိုပြီး၊ ဆန်တစ်ပြည်၊ ဆီတစ်ပိဿာနှင့် လာကန်တော့ကြသည်။

သရက်ကုန်းရွာလေးတင်မက တစ်ခြားရွာကလူတွေပါ ဒေါ်အိမ်သူ ဆီရောက်လာပြီး အကူအညီတောင်းလာတတ်သည်။

တစ်ကယ်တော့ ဒေါ်အိမ်သူသည် သူမကိုယ်သူမ တန်ခိုးရှင်မဟုတ်ကြောင်း သေသေချာချာသိနေပါသည်။ ရတနာ(၉)ပါး ဆည်းကပ်ကိုးကွယ်ခြင်းကြောင့် ဘုန်းကံမြင့်ကာ အစွမ်းထက်နေတာဖြစ်ပါလိမ့်မည်။

ရွာကလူတွေက ဒေါ်အိမ်သူ၏တဲကလေးအား ပြင်ဆင်ဆောက်ပေးထားကြသဖြင့် တဲကလေးမှာ သပ်သပ်ရပ်ရပ်ဖြစ်နေလေသည်။

"အဘွား ဒီထက်ကြီးတဲ့ အိမ်ဆောက်ပေးဦးမယ်၊ ကျွန်တော့်ကိုကြီးပွားချမ်းသာအောင်ဆုတောင်းပေး"

"အေး . . . အဘွားမေတ္တာပို့ပေးနေပါတယ်ကွယ်၊ ဒီ့ထက်ကြီးတဲ့အိမ်တော့ အဘွားမလိုချင်တော့ဘူး၊ အဘွားအသက်ကြီးပါပြီ၊

နေရလှဆယ်နှစ်ပေါ့၊ အဲ့ဒီဆယ်နှစ်ကျော်သွားရင် အဘွားလည်းရှိမှာ မဟုတ်ဘူး၊ မင်းတို့လည်း ဒီချောင်းကလေးနား မနေကြနဲ့တော့ မြစ်ကမ်းနားနီးတော့ လေမုန်တိုင်းဒဏ်ကြောက်ရတယ်၊ မြို့ပေါ်တက်ပြီး အိမ်ကြီးအိမ်ကောင်းဆောက်နေကြတော့။"

အဘွားပြောတာကို ရယ်ပြုံး၍နားထောင်နေသော ကိုလဝင်းသည်။ မကြာမီပင် ဘိုကလေးမြို့ပေါ် သွားရောက်နေထိုင်ခဲ့၏။

ယခုအခါတော့ ဦးလဝင်းသည် ဘိုကလေးမြို့မှာ မနေတော့၊ ရန်ကုန်မြို့မှာ အခြေချနေသည်။ သူ့သားသမီးတွေသည် တစ်ယောက်က စင်္ကာပူမှာ၊ တစ်ယောက်က အမေရိကားမှာ အလုပ်လုပ်နေလေပြီ။

နာဂစ်လေမုန်တိုင်းတိုက်၍ ဘိုကလေးမြို့သို့ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းရင်း၊ ဦးလဝင်းသည် သရက်ကုန်းရွာသို့ သွား၍ကြည့်ရှုခဲ့သည်။

သရက်ကုန်းရွာလည်းမရှိတော့။

သရက်ကုန်းရွာကို ပတ်၍သောချောင်းကလေးလည်း မမြင်ရတော့။

အဘွား ဒေါ်အိမ်သူပြောတာကို ကြားယောင်ရင်း စိတ်မကောင်းဖြစ်နေမိပါသည်။

(vuúokdvf.0f.0f...)

သာခုခေါ်နိုင်ကြပါစေ

(ဥက္ကရာဇမာ)

"အမေရေ . . . အမေရေ"

"အမေ . . . ကယ်ပါဦး၊ ကျွန်မကို ကယ်ပါဦး"

ဖိပ်ငိုက်မှေးစင်းနေသော မျက်လုံးများဖျပ်ကနဲပွင့်ကာ ဒေါ်သည်းအူသည် တစ်စုံတစ်ယောက်ကို ရှာဖွေသောမျက်လုံးများဖြင့် ကျိုးကန်းတောင်မှောက်ကြည့်လိုက်၏။

လေတွေ တစ်ဝူးဝူးတိုက်ခတ်နေသည်။

ညအမှောင်မှာ လရောင်ပျပျလေးသာရှိ၍ ပတ်ဝန်းကျင်ကို မြင်နေရ၏။

ဒါပေမယ့် . . .။

ပတ်ဝန်းကျင်မှာ ရေပြင်ကြီးကလွဲ၍ဘာဆိုဘာမှမရှိ ဟာလာဟင်းလင်း . . .။

"အမေ"

"အမေ . . . ရေ၊"

"ကျွန်မကို ကယ်ပါဦး . . . အမေ။"

အေးကျော့ရီ၏ အသံစူးရှရှသည် ဒေါ်သည်းအူ၏ရင်တွေကို ပွင့်ထွက်သွားမတတ်တုန်ခါစေသည်။

အေးကျော့ရီ . . . အေးကြော့ရီ ဒိမိန်းမလေး ခုမှအမေ့ကို ဟစ်ခေါ်နေရှာတာပါလား။

မနေ့ညက အဖြစ်တွေကို အသက်ခုနှစ်ဆယ်အရွယ် မိမိဘဝမှာတစ်ခါမျှ မကြုံဖူးအောင် တုန်လှုပ်ခြောက်ခြားကြောက်စရာကောင်းလှသည်။

တစ်ကယ်ဖြစ်ပျက်နေတာမှ ဟုတ်ရဲ့လား။

ဒီလိုအဖြစ်မျိုးတစ်ကယ်ရှိခဲ့တာလား ဆိုတာယုံမှားသံသယ ချက်လုံးများနှင့် ဘေးဘီဝန်းကျင်ကို ကြည့်လိုက်တော့၊ ဘုရားကုန်း တော်ဇရပ်ပေါ်မှာ လူတွေခြေကုန်လက်ပန်းကျမောဟိုက်တုန်ချိနွမ်း ခွေခွေကာဖြင့် လဲပြိုကျကာ၊ ငိုသူငို၊ ရှိုက်သူရှိုက်နှင့် ကြေကွဲစရာအဖြစ်ကို မြင်တွေ့ရသည်။

မနေ့ညနေ ဒီလိုအချိန်မှာ မိမိတို့ရွာထဲသို့ တစ်ဝူးဝူးနှင့် ဆူညံ သောအသံကိုပေးလျက် လေပြင်းမုန်တိုင်းကြီးတိုက်ခတ်ပြီး၊ မြစ်ကမ်း စပ်မှ နေပြီးရေလှိုင်းလုံးတွေ ဝင်ရိုက်လာသည်ကို ပြန်ပြင်မတွေးဝံ့။

ကယ်ပါယူပါ တစ်စာစာနှင့် အော်ဟစ်ပြီးပြေးလွှားနေကြ သောလူတွေအထဲမှာ မိခင်ဖြစ်သူအား အိမ်မှနှင်ချခဲ့သော အမေအား အမေမတော်ချင်ဘူးဟု ခါးသီးစွာပြောခဲ့သော အေးကျော့ရီသည် အမေ . . . အမေရေဟု အော်ကာ မိခင်၏အိမ်ရှိရာကုန်းမြင့်ပေါ်သို့ ပြေးတက်လာခဲ့သည်။

သို့သော်လည်း . . . မုန်တိုင်းသည် အလွန်ကြောက်မက်ဖွယ် ကောင်းအောင်ကြမ်းတမ်းရက်စက်လှသည်။

ဒေါ်သည်းအူတို့ အသည်းနှလုံးတွေ တစ်စစီပြိုကွဲလေအောင် ပြုမူခဲ့သည်မဟုတ်လား။

ဘုရားကုန်းတော်ပေါ်မှနေ၍ ဒေါ်သည်းအူ ရွာဆီသို့လှမ်း ကြည့်လိုက်သည်။

တစ်ရွာလုံးတွေဖုံးလွှမ်းထားသောကြောင့် ရေကလွဲပြီးဘာမှ မမြင်ရ။

တစ်ရွာလုံးရေထဲမြုပ်ဝင်သွားတဲ့အဖြစ်ဆိုတာ ခုတော့တစ် ကယ်ယုံလိုက်ရပြီပေါ့နော်။

× × × × × × ×

ကွမ်းခြံကုန်းမြို့နယ် ကျူတော်ညောင်ဆိုသည့်ရွာကလေးသ
မြစ်ကမ်းစပ်မှာတည်ရှိပြီး မသည်းအူ၏ဇာတိချက်ကြွေမွေးရပ်
လည်းဖြစ်လေသည်။

ရွာသူရွာသားအများစုမှာ ရေလုပ်ငန်းဖြင့် အသက်မွေး
ကြောင်းပြုကြသည်။

မသည်းအူက ကိုချစ်ညိုနှင့် အိမ်ထောင်ကျပြီး၊ ငါးပိ
ခြောက်ရောင်းသည့် လုပ်ငန်းကိုလုပ်ခဲ့သည်။

မသည်းအူတွင် သမီးကြီးအေးကျော့ရီ သမီးငယ်မိချော
သားငယ် ထူးအောင် အခါလည်အရွယ်မှာ ကိုချစ်ညိုဆုံးသွားခဲ့သည်

မသည်းအူ၏ ဘဝခရီးလမ်းက ကြမ်းတမ်းခက်ထန်
သည်။

ကလေးသုံးယောက်အမေ မုဆိုးမဘဝဖြင့် မည်သူ့အား
အသနားခံလက်ဖြန့်တောင်းကာ အကူအညီယူခြင်းမပြု မသည်း
က ကိုယ့်လက်ကိုယ့်ခြေအားကိုးအားထားပြုကာ၊ ငါးပိငါးခြောက်လှ
ပြီး၊ ရန်ကုန်မြို့အထိဈေးတက်ရောင်းခဲ့လေသည်။

ငါးပိလုပ်လိုက် ငါးခြောက်လှမ်းလိုက်၊ ရန်ကုန်သို့ဈေးရော
ထွက်လိုက်၊ အပြန်ရွာတွင် ရောင်းရန်အဝတ်အထည်လေးများဝ
လာတတ်၏။

ဒီလိုနှင့်ပင် နေ့တွေလတွေပြောင်းလာကာ၊ အေးကျော့
အသက်ဆယ့်ရှစ်နှစ် သမီးအရွယ်ရောက်လာလေသည်။

အတန်းပညာကတော့ ကိုးတန်း။

တကျက်ဖျင်း၍ ကျောင်းနေချိန်စိတ်မရှိသည့် အေးကျော့
အား ရန်ကုန်ရှိပွဲရုံပိုင်ရှင် သူဌေးဦးမောင်အုန်းအိမ်တွင် အလုပ်သမ
အဖြစ်နေစေခဲ့သည်။

ဒါကလည်း ဦးမောင်အုန်း၏ ဇနီးဒေါ်ထားမေက ဒေါ်သည်
အူနှင့် တစ်ရွာတည်းနေခဲ့သော သူငယ်ချင်းဖြစ်၍ ယုံကြည်စိတ်ချ
ထားခဲ့ခြင်းဖြစ်၏။

"မထားမေတို့အိမ်မှာ ထမင်းချက်တဲ့ အဒေါ်ကြီး၊ သန့်ရှင်းရေးလုပ်တဲ့ ကောင်မလေး၊ ပွဲရုံမှာကူရောင်းရတဲ့ မိန်းကလေးသုံးယောက်လည်းရှိသေးတယ်၊ ညည်းကိုလည်း အိမ်မှာနေရမလား၊ ပွဲရုံမှာထားရမလားဆိုတာ စမ်းခိုင်းကြည့်မှာပဲ၊ ဘာပဲခိုင်းခိုင်းစိတ်ပါလက်ပါနဲ့သွက်သွက်လက်လက်လုပ်ပေး၊ ညည်းအတွက်လုပ်အားခခြောက်လစာကြိုပေးထားတာ၊ ညည်းလိမ်မာရင် လိမ်မာသလို အဝတ်အစားလည်းဆင်မယ် မုန့်ဖိုးလည်းပေးဦးမှာတဲ့၊ ကြိုးစားနေ့ာ်သမီး"

"ဟုတ်ကဲ့ပါ . . အမေ၊ စိတ်ချပါ"

ရန်ကုန်မှာနေချင်လွန်း၍ အေးကျော့ရီကလည်းခေါင်းသွက်သွက်ညိတ်သည်။

ရွာနေပြီး လယ်မလုပ်ချင်၊ ငါးပိငါးခြောက်မရောင်းချင်၍ အေးကျော့ရီက ရန်ကုန်သွားအလုပ်လုပ်မည်လို့ မကြာခဏပူဆာဘတ်၍လည်းဤသို့ပို့ခဲ့ခြင်းဖြစ်သည်။

ဒေါ်သည်းအူက တစ်လတစ်ခေါက်ရန်ကုန်ရောက်တိုင်း အေးကြော့ရီဆီ ဝင်၍တွေ့ရသည်။

"ဘယ့်နှယ်လဲ၊ ကျွန်မသမီး ခိုင်းလို့ပြုလို့ရရဲ့လား"

ဒေါ်ထားမေအား မမေးရဲ၍ ထမင်းချက်ဒေါ်သန်းမြင့်အားမေးကြည့်သည်။

"ဟင်း . . လက်ကြောမတင်းဘူး၊ မနက်ဆိုလည်း နေဖင်ထိုးအောင်အိပ်တာ၊ ကျပ်မနိုးပဲသူဘယ်တော့မှမထဘူး၊ ထမင်းတစ်နေ့လေးထပ်စားတယ်၊ နေ့လည်ထမင်းစားပြီးအိပ်နေရင်လည်း တော်တော်နဲ့မနိုးဘူး၊ အဝတ်လျှော်လည်းမဖြူဘူး၊ ပန်းကန်ဆေးလည်းမစင်ဘူး၊ အနေအထိုင်လည်းညစ်ပတ်တယ်၊ သူ့အတွင်းခံဘော်လီအကျႌတွေပဲကြည့်၊ ချေးလက်လေးသစ်နဲ့၊ ဒီအိမ်ကလူတွေက အသန့်အရှင်းသိပ်ကြိုက်တာ၊ အခုသူ့ကိုအတွင်းခံဘောလီကအစ တစ်နေ့ဘယ်ညည်လဲဆိုပြီး အသစ်တွေဝယ်ပေးထားတာ။"

"တောမှာနေတော့ သူကဖြစ်သလိုနေတာအကျင့်ပါနေသည်

လေ၊ အမေ့အိမ်ဆိုတော့ အိပ်ပြီးစား၊ စားပြီးအိပ်လုပ်နေတာ၊ ဓါ
ကြောင့် မသန်းမြင့်ကိုအပ်တာပေါ့၊ သမီးကိုဆုံးမပါလို့ ပါးစပ်နဲ့ပြော
လို့မရလည်း ရိုက်တန်တာရိုက်ပါ။"

ရန်ကုန်အိမ်ရောက်လာပြီးမှ အေးကျော့ရီတစ်လထက်တစ်လ
အသွင်တွေအမျိုးမျိုးပြောင်းလဲတိုးတက်လာခဲ့သည်။

ခေါင်းစုတ်ဖွားနဲ့ အဝတ်အစားဖို့ရို့ဖားယားဝတ်တတ်သည့်
အေးကျော့ရီသည် တစ်နေ့တစ်ခြားအလှအပတွေပြင်ကာ သပ်သပ်
ရပ်ရပ်နေထိုင်လာခဲ့သည်။

ပြောင်းလဲတာမှ အတော့်ကို ပြောင်းလဲတာ။

မနက်မိုးလင်းတာနှင့် ရေချိုးအလှပြင် အဝတ်အစားလဲတာ
ပွဲရုံမှာ အရေးကူရောင်းရတာပျော်တယ်။"

"အဲ့ဒါလည်း ကောင်းပါတယ်။ အရောင်းအဝယ်တတ်သွား
တာပေါ့။"

တစ်နှစ်ကျော်ကြာပြီးနောက် အေးကျော့ရီ ပွဲရုံကအလုပ်
သမားတစ်ယောက်နောက်လိုက်သွားသဖြင့် ဒေါ်သည်းအူရင်ကျိုး
ရသည်။

ယောကျ်ားနောက်လိုက်တာ ရိုးရိုးလိုက်မသွား အိမ်ကပစ္စည်း
တွေပါခိုးယူသွားသည်ဆိုတော့ ဒေါ်သည်းအူမှာ အိမ်ရှင်တွေကို မျက်
နှာချင်းမဆိုင်ရဲ။

သူ့စိတ်ကြောင့်ပင် ဒေါ်သည်းအူအိပ်ယာထဲလဲသည်အထိ
ဖြစ်ရ၏။

တစ်နှစ်ကျော်ကြာတော့ အေးကျော့ရီ ကလေးပိုက်ပြီးရွာသို့
ရောက်လာ၏။

လင်မယားနှစ်ယောက်သည် ရွာမှာပင်အခြေချမည်ဆိုပြီး ပြန်
လာသည်။

ဒေါ်သည်းအူက အိမ်မှာလက်မခံချင် သမီးပျိုသားပျိုရှိသည်
ဆိုတော့၊ သူတို့လင်မယားနှင့် အတူနေလို့မသင့်တော်ဟုထင်သည်။

ထို့ကြောင့် အိမ်နှင့်မနီးမဝေးနေရာတွင် အိမ်ကလေးတစ်လုံး ဆောက်ပြီးနေစေသည်။

အေးကျော့ရီ၏ယောက်ျား ဟန်ထွန်း မှာလောင်းကစားသမား ဖြစ်သည်။

ဒီတော့ဘယ်မှာကြီးပွားတိုးတက်ပါ့မလဲ။

ဘာလုပ်လုပ်၊ ဘယ်ကရရ လောင်းကစားဖိုးနဲ့မွဲတော့သည် ပေါ့။

ကလေးသုံးနှစ်အရွယ်ကျတော့၊ ကလေးကိုဒေါ်သည်းအုဆီ မှာထားပြီး ရန်ကုန်မှာအလုပ်သွားလုပ်မည်ဆိုကာ၊ အေးကျော့ရီ ထွက် သွား၏။

အေးကျော့ရီထွက်သွားပြီး မကြာမီယောက်ျားဖြစ်သူကလည်း ရွာကနေတစ်ခြားမိန်းမတစ်ယောက်ယူကာ ထွက်သွားပြန်၏။

အေးကျော့ရီ၏ သမီးလေးနွဲ့ရီမှာ ဒေါ်သည်းအုဆီတွင်သာ နေထိုင်ပြီး အဖေနှင့် အမေကိုမှတ်မိတော့။

× × × × × × ×

မိချောညိုက အရံသားဖွားဆရာမလေးဖြစ်လာသည်၊ အငယ် ဆုံးသား ထူးအောင်ကတော့ လယ်လုပ်သည်။ သမီးနှင့် သားနှစ် ယောက်စလုံးလိမ်မာသည်။ ဒေါ်သည်းအုကလည်းကျန်းမာရေးသိပ် မကောင်းသဖြင့်၊ ယခင်လိုဈေးမရောင်းနိုင်တော့။ သားနှင့်သမီးများ ကျွေးမွေးတာကိုပင် အေးအေးဆေးဆေး ထိုင်စားနေနိုင်သည်။

အေးကျော့ရီ၏ သမီးနွဲ့ရီအတွက်တော့ ဒေါ်သည်းအုမှာ အစစအရာရာတာဝန်ယူထားရသဖြင့် အလုပ်များသည်။

ကလေးရေချိုးပေးတာ၊ ထမင်းခွံ့ကျွေးတာကအစ အဆုံး ယူရတာ၊ ကလေးကျောင်းနေချိန်ကျတော့လည်း ကျောင်းပို့ကြိုပေး ရသည်။

ညအိပ်တော့လည်း ကလေးကဒေါ် သည်းအူနှင့်မှ အတူအိပ်သည်။

အဖေရောအမေရောပြစ်ခွာသွားသည့် မြေးမလေးအား ဒေါ်သည်းအူသနားကရုဏာပိုကာ၊ သားသမီးတွေထက် မြေးမလေးအား ဂရုတစိုက်စောင့်ရှောက်ခဲ့သည်။

အေးကျော့ရီ ရွာသို့ပြန်လာသောအချိန်တွင် နွဲ့ရီအသက်ရှစ်နှစ်ရှိပြီဖြစ်သည်။

ခင်မောင်အေးဆိုသော ယောကျ်ားတစ်ယောက်နှင့်အူ အေးကျော့ရီ ရွာမှာပင်နေထိုင်၏။

"ဟင်း . . . နေစရာရှားလို့၊ သူတို့ဖါသာရန်ကုန်မှာနေပါလား။ ခုတော့ ယောကျ်ားတစ်ယောက်ယူလာလိုက် ရွာပြန်လာလိုက်နဲ့၊ အဲ့ဒါအမေနဲ့ မောင်နှမတွေကို အရှက်ရအောင်လုပ်နေတာနဲ့ မတူဘူးလားအမေ။"

မိချောညိုက မကျေမနပ်ပြောသည်။

မကြာမှီ အေးကျော့ရီက သူ့သမီးအား သူနှင့်အတူပြန်နေဖို့ခေါ်သည်။

ကလေးကမလိုက်ချင်ပေမယ့်၊ သူ့သမီးသူပြုစုစောင့်ရှောက်ချင်လို့ဆိုပြီးအတင်းခေါ်သွားသည်။

နွဲ့ရီလေးက မျက်ရည်စက်လက်နှင့် ငိုယိုပြီးလိုက်သွားရရှာသည်။

× × × × × × ×

"ဒေါ်သည်းအူ . . နွဲ့ရီလေး ရွာထိပ်မှာဈေးရောင်းနေတယ်"

"ဟုတ်လား . . . သူ့အမေနဲ့ အတူတူရောင်းပေးတာနေမှာပေါ့။"

"မဟုတ်ဘူး . . . အကြော်ကြော်လျှောက်ရောင်းနေတာ၊ ကလေး ကငယ်ပါသေးတယ်၊ သူ့အမေကလည်း ရက်ရက်စက်စက်ခိုင်းတယ်၊ ကျောင်းတက်ရရဲ့လားမေးကြည့်ပါဦး"

ဒေါ်ခင်စန်း၏ စကားကြောင့် ဒေါ်သည်းအူစိတ်တိုသွားသည်။

အေးကျော့ရီ၏ အိမ်သို့လိုက်သွားပြီး အကျိုးအကြောင်းမေးသည်။

"ဟုတ်တယ်လေ၊ ဆိုင်မှာအကြော်တွေ ရောင်းမကုန်လို့ လှေဆိပ်မှာ လျှောက်ရောင်းခိုင်းတာ၊ တစ်ခါတစ်လေလည်း ဒီလိုကူလုပ်ပေးခိုင်းရမှာပေါ့။"

"ကလေးကငယ်သေးတယ်၊ ကျောင်းမှန်မှန်တက်ရရဲ့လား၊ ငါ့အိမ်မှာဆို နွဲ့ရီကိုဘာမှမခိုင်းဘူး၊ ငါ့မြေးကို ငါကပညာပဲသင်ပေးချင်တာ။"

"ကျွန်မလည်း ကိုယ့်သားသမီးပညာတတ်စေချင်တာပေါ့၊ ဒါပေမယ့် ဘယ်မှာလဲ ပိုက်ဆံ၊ ပိုက်ဆံပေါတဲ့သူမှ ဒီပညာကို အချိန်ကုန်ခံငွေကုန်ခံပြီး သင်နိုင်တာ၊ ထွန်းကားမှာမဟုတ်တဲ့ အတူတူ အချိန်လည်းကုန်၊ ငွေလည်းကုန်ပြီး ကျောင်းထားမပေးနိုင်ပါဘူး၊ စာမကျက်ဘူး၊ ဆော့ချည်းနေတာ၊ အဲ့ဒီတော့ ဈေးထွက်ရောင်းပေါ့။"

"မိုက်လိုက်တာ . . . အေးကျော့ရီရယ်၊ ကလေးကိုစာမကျက်ကျက်အောင်ချော့မော့ပြောမှပေါ့၊ ညည်းတုန်းကလည်း ငါရှစ်တန်းအထိရောက်အောင်ထားပေးခဲ့တာ၊ ညည်းဖာသာကျောင်းမနေချင်ပါဘူးဆိုပြီးကျောင်းမတက်တာမဟုတ်လား။"

"ကျောင်းစာမှ ဝါသနာမပါတာ၊ ကျောင်းမတက်ဘူးပေါ့။"

"ကျောင်းမတက်တော့ စာမတတ်ဘူးပေါ့၊ စာမတတ်တော့ အဲ့ဒီလိုနေရတာပေါ့။"

"အမေက သူများသာပြောတာ၊ အမေ့ကျတော့ရော၊ သမီးကို သူများအိမ်ပို့ပြီးတော့။"

"ညည်းကျောင်းမနေချင်ပါဘူး၊ ရန်ကုန်မှာအလုပ်လုပ်ချင်တယ်ဆိုလို့ ပို့ရတာ၊ အလုပ်ကောင်းကောင်းမလုပ်ပဲ ယောကျ်ားယူလာတယ်။ ခုလည်းကိုယ်မွေးတဲ့ ကလေးကိုယ်ကောင်းကောင်းမကြည့်ပဲ ဈေးရောင်းခိုင်းနေရသလား၊ တော်ပါပြီ . . ငါ့မြေးငါပြန်ခေါ်သွားမယ်"

"ဘယ်ရမလဲ . . . ဒါကျွန်မသမီး ဘာလဲအမေကလက်တို လက်တောင်းခိုင်းစရာမရှိလို့ နွဲ့ရီကို ခေါ်နေတာမဟုတ်လား၊ ကျွန်မသမီးစာမတတ်ပေမယ့် ဒီလိုနေရာမှာ အသုံးဝင်သေတာပဲ။"

"ငါ့မြေးက ငါနဲ့တစ်သက်လုံးနေလာတာ၊ သူ့မှာလည်း တစ်ဝိုငိုတစ်ရီရီနဲ့ စိတ်ဆင်းရဲနေတာ ညည်းမိခင်စိတ်မှ ရှိရဲ့လား၊ ပထွေးနဲ့လည်း ငါ့မြေးကိုမထားနိုင်ဘူး။"

"အပိုတွေပြောမနေပါနဲ့၊ မိခင်စိတ်မရှိတာကအမေပါ၊ သားသမီးတွေကို ခိုင်းစားနေတာအမေ၊ အခုလည်းမြေးကို ခိုင်းစားမလို့မဟုတ်လား။"

"ဟဲ့ . . . ကောင်မ၊ ညည်းစကားတွေလွန်ပြီနော်။"

"ကျုပ်မလွန်ဘူး၊ အမေသာလွန်တာ၊ အမေကရော အမေပီသလို့လား၊ သားသမီးတွေကို ခွဲခြားဆက်ဆံတာ အမေပဲ။ အမေ့သမီးငယ်နဲ့ သားကို အမေကအထင်ကြီးတာ၊ ကျုပ်ကိုတော့ သမီးတစ်ယောက်ရယ်လို့ အမေကြည့်ရှုစောင့်လို့လား၊ ကျုပ်ကိုအမေပြစ်ထားခဲ့တာမဟုတ်လား။"

"အေး . . . ညည်းကရော အမေ့စကားနားထောင်သလား။ ညည်းလုပ်ချင်ရာလုပ်ခဲ့တာပဲ၊ ခုပဲ လင်နှစ်ယောက်ရှိနေပြီ။"

"အဲ့ဒါကြောင့် အမေမတော်ချင်တာ၊ လင်ယူတာအပြစ်လား။ တစ်ယောက်မကောင်းလို့ တစ်ယောက်ယူတာ၊ တော်ပါ . . သွားပါ။ ကျုပ်အိမ်ပေါ်ကဆင်းပါ၊ ကျုပ်ကိုဘယ်တော့မှ လာမခေါ်နဲ့ ကျုပ်လည်းအမေ့ဆီဘယ်တော့မှ မလာဘူး၊ ကျုပ်ဘာဖြစ်ဖြစ်ကျုပ်ဖာသာခံမယ်၊ သွားပါတော့။"

သူမအားအော်ဟစ်မောင်းထုတ်နေသော အေးကျော့ရီအား ဒေါ်သည်းအူ အံ့ဩစိတ်တို့ဖြင့် ကြည့်နေရင်းကြေကွဲနေသည်။

"ညည်းငါ့ကို အော်မနေနဲ့. မိဘမေတ္တာ မိဘကျေးဇူးမသိ တတ်တဲ့မိန်းမ၊ မိဘဂိုဏ်းသင့်မယ်၊ ညည်းဟာ အသေဆိုးနဲ့သေမယ့် မိန်းမပဲ။"

နာနာကြည်းကြည်းပြောရင်း ဒေါ်သည်းအူ အေးကျော့ရီ၏ အိမ်ပေါ်မှ ဆင်းလာခဲ့လေသည်။

× × × × × × ×

"အဘွားရေ . . . အဘွား"

နောက်တစ်နေ့တွင် နွဲ့ရီလေး အိမ်ပေါ်ပြေးတက်လာလေ သည်။

"ဘာဖြစ်တာလဲ . . . သမီးလေး၊ မျက်ရည်တွေနဲ့ပါလား"

"မေမေရိုက်လို့ အဘွားဆီပြေးလာတာ၊ အဘွားနဲ့ပဲနေတော့ မယ်၊ သမီးကို ပြန်မပို့ပါနဲ့နော် . . . အဘွားရယ်။"

ဒေါ်သည်းအူ၏ ရင်ခွင်ထဲတိုးဝင်ပြီး နွဲ့ရီလေးပြောသည်။

"အေးပါ၊ သမီးရယ် ညည်းအမေလာခေါ်ရင်တောင် ငါပြန် မလွှတ်ပါဘူး၊ လာရဲ . . . လာကြည့်စမ်း၊ အေးကျော့ရီဆိုတဲ့ မိန်းမ သိမယ်။"

ထိုနေ့က မေလ(၂)ရက်နေ့ ဖြစ်သည်။

အေးကျော့ရီလည်း သူ့သမီးအားလာမခေါ်ပါ။

ဒေါ်သည်းအူတို့ သားအမိတွေ ထမင်းစားသောက်အပြီး၊ နွဲ့ရီလေးက စောစောအိပ်သွားသည်။

ဘုရားသောက်တော်ရေကပ်၊ ဖယောင်းတိုင်မီးပူဇော်ပြီး ဒေါ်သည်းအူ ဘုရားဝတ်ပြုနေသည်။

"အမေ . . လေကလည်းအရမ်းတိုးနေတာ၊ ဖယောင်းတိုင်မီးငြိမ်းတော့မယ်။"

မိချောညိုက စာဖတ်နေရင်းကပြောလိုက်စဉ်ပင် ဖယောင်းတိုင်မီးကငြိမ်းသွားသည်။

"ဆရာမရေ . . . ဒီညဘယ်သွားဦးမလဲ၊ မသွားနဲ့နော်၊ ရေတွေတက်နေတယ်။"

အပြင်မှ ဖြတ်သွားသော လှလှဝေက မိချောညိုအား ဤသို့သတိပေးသွား၏။

"ဟုတ်ပါရဲ့ . . . လေကလည်း ပိုပြီးတိုက်လာသလိုပဲ၊ မုန်တိုင်းရှိတယ်လို့ကြားတယ်။"

ထူးအောင်ကလည်းပြော၏။

"အူး . . . . . ဝူး . . . . ဝူး"

ခွေးအူသံတွေ ဆူညံစွာကြားရသည်။

"ရှဲ . . . . ရှဲ . . . . ရှဲ . . . . ရှဲ"

"ဖလပ် . . . . ဖလပ် . . . . ဖလပ်"

လေပြင်းတိုက်သဖြင့် အိမ်ဝန်းကျင်မှ သစ်ပင်တွေ ယိမ်းနွဲ့လှုပ်ခပ်သံတွေက မြင်းထန်နေသည်။

"ဝှီး . . . ဝှီး . . . . ဝှီး . . . . ဝှီး . . . . ဝှီး"

တစ်ဖြည်းဖြည်း လေတိုက်သံက ပို၍ကျယ်လောင်ဆူညံလာ၏။

"နှီ . . . . နှီ . . . . နှီ . . . . နှီ"

"အဘွား . . . ကြောက်တယ်၊ ဘာသံလဲ၊ ဘာသံတွေလဲ"

နွဲ့ရီထိတ်လန့်ကြောက်ရွံ့စွာဖြင့် ဒေါ်သည်းအူ၏ရင်ခွင်ထဲ သို့တိုးဝင်လာသည်။

"အမေ . . . အပြင်မှာလည်း ဆူညံနေတာပဲ၊ လူတွေအော်နေကြတယ်၊ ဘာဖြစ်တာလည်း မသိဘူး"

"မုန်တိုင်းဝင်မယ် ပြောနေတာပဲ၊ အဲဒါဖြစ်မှာပေါ့။"

"ဟော . . . ဟော အမေ၊ ကျွန်တော်တို့ အိမ်ကြီးလှုပ်နေပြီ၊ ဘာ . . . အမေ အမိုးတွေလန်ထွက်ကုန်ပြီ"

ပြောရင်း ပြောရင်းမှ အိမ်သည်သွက်သွက်ခါယမ်းကာ တစ်ဘက်သို့ စောင်းသွား၏။

"ဟာ . . . ရေတွေ အမယ့်လေး . . . ပြေး . . . ပြေး၊"

"အဘွား . . . အဘွား . . . သမီးကြောက်တယ်။"

"နွံ့ရီလာ . . . အမေ . . . ဘုရားကုန်းဘက်ပြေးမှ"

အထိတ်တလန့် အော်ဟစ်ပြောဆိုနေစဉ်ပင်၊ ဘယ်ဘက်သို့ ယိမ်းစောင်းသွားသော အိမ်သည် ညာဘက်သို့ ဝုန်းကနဲမြည်အောင် စောင်းသွားပြီး အိမ်တိုင်မှ ကျွတ်ကာ တစ်အိမ်လုံးပြိုလဲသွား၏။

ဒေါ်သည်းအူတို့ သားအမိတွေ ခြေကုန်သုပ်ပြီ၊ တောင်ကုန်းအမြင့်မှာရှိသော ဘုရားရင်ပြင်တော်ပေါ်သို့ ပြေးကြ၏။

ရွာကလူတွေအားလုံး ဒရုန်းသုန်းကားပြေးကြသလို နောက်မှနေ၍ အမြင့်ဆယ့်ငါးပေလောက်ရှိမည်ထင်ရသော ရေလုံးကြီးဝင်ရောက်လာကာ၊ ပြေးနေသူတစ်ချို့ကို ဆွဲငင်ရိုက်ပုတ်လိုက်လေ၏။

"ပြေး . . . ဟေ့၊ ဘုရားရောက်အောင်ပြေး"

"အမယ့်လေး . . . ဘုရား . . . ဘုရား . . . ဘုရား ကယ်တော်မူပါ။"

ထူးအောင်က နွံ့ရီလေးအား ကျောပိုးတင်၍ပြေးသည်။

"ဗိုး . . . ဗိုး . . . ဗိုး . . . ဗိုး . . . ဗိုး"

"အမေရေ . ."

"ဘုရားကယ်ပါ"

"ပြေးဟေ့ . . . ရေတွေလိုက်လာပြီ"

"အီး . . . ဟီး . . . ဟီး . . ငါ့သားလေးလုပ်ပါဦး၊ ရေထဲပါသွားပြီ။"

"သစ်ပင်ကိုဖက်ထား၊ နို့မို့ပါသွားမယ်။"

ကံကောင်းထောက်မစွာဖြင့် ဘုရားရင်ပြင်တော် လှေကား

တစ်ဝက်ရောက်သွားသည်။

ကောင်းကင်ကြီး တစ်ခုလုံးရဲရဲနီနေသည်။

"အမေ . . . အမေရေ"

"အမေ . . . ကျွန်မကို ကယ်ပါဦး"

ဒေါ်သည်းအူ ပြေးတက်နေရင်းက နောက်သို့လှည့်ကြည့်၏

ပြေးလွှားနေသည့် လူတွေကြားထဲမှ အေးကျော့ရီ၏ အသံကို

ပီပီသသကြားလိုက်သည်။

ထိုစဉ် ရေတွေပြင်းထန်သော အရှိန်နှင့် ဝင်ရောက်လာသဖြင့်

လူတစ်ချို့ ရေထဲမျောပါသွားကြလေသည်။

"အမေ . . . လာ၊ မြန်မြန်"

မိချောညိုက ဒေါ်သည်းအူလက်ကို အတင်းဆွဲခေါ်သဖြင့်

ဘုရားရင်ပြင်တော်ပေါ်ရောက်သွား၏။

"အမယ့်လေး . . . မိုးစက်တွေကလည်း နာလိုက်တာ အ

သားတွေ စုတ်ပြတ်ကုန်ပြီထင်တယ်။"

ဒေါ်သည်းအူ တစ်ကိုယ်လုံးရေနှင့် ချွေးရောစွဲရွှဲစိုနေသည်

"ဟဲ့ . . . နွဲ့ရီ ရော"

"ဒီမှာလာ . . . အမေ၊ ဇရပ်ပေါ်မှာ "

ထူးအောင်နှင့် နွဲ့ရီ ဇရပ်ပေါ်ရောက်နေသည်။

ဘုရားအနီးဘုန်းကြီးကျောင်းပေါ်မှာလည်း လူတွေအပြည့်

ဒီဇရပ်က ဆောက်ပြီးတာ မကြာသေး၊ ဒါတောင်အမိုးတွေ

လန်ကုန်ပြီ။

လေသံမိုးသံ လူတွေအော်ဟစ်သံ ငိုသံတွေ ဆူညံနေ၏။

"ဘုရား . . . ဘုရား . . . ဘုရား၏မေတ္တာတန်ခိုးတော်

ကြောင့် သတ္တဝါတွေကျန်းမာချမ်းသာပါစေ၊ အမြန်ဆုံးလေမုန်တိုင်း

ကြီးပြီးသွားပါစေ။"

ဒေါ်သည်းအူ ဘုရားကိုလက်အုပ်ချီ၍ ရှိခိုးဆုတောင်းနေမိ

၏။

မိချောညိုက (၂၄)ပစ္စည်းရွတ်နေသည်။

ထူးအောင်နှင့် စွံ့ရီကလည်း တတ်သမျှ ဘုရားစာတွေရွတ်ကာ ဒေါ်သည်းအူအားဖက်ထားကြသည်။

တစ်ညလုံး လေတိုက်ရာက မိုးလင်းကာနီးမှ မိုးရွာတာဖြစ်သည်။

"အို . . . ဘာမှမရှိတော့ဘူး၊ တစ်ရွာလုံးရေတွေကြီးချည်းပဲ၊ ဘာဆိုဘာမှ မရှိတော့ဘူး၊ အကုန်ရေမြုပ်ကုန်ပြီ။"

"ကမ္ဘာဖျက်မိုးဆိုတာ ဒါမျိုးလား။"

"ကျုပ်တို့ သားအမိပဲ ဒီဘုရားပေါ်ရောက်လာတာ ဟိုသားအဖတွေ ဘယ်ရောက်နေလဲ မသိဘူး။"

"ကျွန်မသားနှစ်ယောက်တော့ ရေထဲပါသွားပြီ၊ အသက်ရှင်လျက်မှ ပြန်တွေ့ရပါ့မလား။"

"ကလေးသုံးယောက်ဆွဲပြေးလာတာ တစ်ယောက်ပဲ ပါလာတယ်၊ သမီးလေးနှစ်ယောက်ပျောက်နေပြီ။"

"အမယ့်လေး . . အဖြစ်ဆိုးလှချည်လား၊ အမေနဲ့အဖေတော့ သေချင်သေမပြေးဘူးဆိုပြီး အိမ်မှာကျန်ခဲ့တာ၊ ခုတော့ ရေတွေမြုပ်နေတာ အိမ်တောင်မတွေ့ရတော့ပါလား။"

တစ်ယောက်တစ်မျိုးပြောရင်း ငိုကြရသည်။

"သမီး . . . ညည်းအစ်မ အေးကျော့ရီကို ရှာစမ်း၊ သူ့အသံငါသေချာကြားလိုက်တယ်၊ ငါတို့အိမ်က ကုန်းပေါ်ဆိုတော့ သူပြေးတက်လာတာ။"

မုန်တိုင်းပြီးမိုးတွေစဲသွားမှ မိချောညိုနှင့် ထူးအောင်တို့ ဘုရားရင်ပြင်တော်မှာရော ဘုန်းကြီးကျောင်းမှာပါ ရှာကြည့်သည်။

"အစ်မတို့ လင်မယားကို မတွေ့ဘူးအမေ။"

"ဟင် . . . ဒါဆို . . . သူတို့ . . . သူတို့"

ဒေါ်သည်းအူ . . . ဆက်မပြောနိုင်တော့ရင်ထဲမှာဆို့တက်နေသည်။

ထိုနေ့တစ်နေ့လုံး မည်သူမျှ ဘာမှမစားခဲ့ကြရ။

ရေတောင် ဘုန်းကြီးကျောင်းက လာတိုက်လို့အနည်းငယ်စီ သောက်ရ၏။

စားစရာလည်းမရှိ ဝတ်စရာလည်းမရှိ အို . . . ဘာဆိုဘာမျှ မရှိ။

တရားကျဖို့ ကောင်းလိုက်တာ။

ကြမ္မာမုန်တိုင်းသည် မည်သည့်အညှိုးကြောင့် ဒီလောက် ရက်စက်စွာလုပ်ရက်ပါသနည်း။

"အမေရေ . . . အမေရေ"

"အမေ . . . ကယ်ပါဦး . . . ကျွန်မကိုကယ်ပါဦး"

ဒေါ်သည်းအူသည် အိပ်နေရာမှ ဆတ်ကနဲ ထ၍အသံကြား ရာ ဆီလျှောက်လာခဲ့သည်။

လေတွေ တစ်ဝူးဝူး တိုက်ခတ်နေသည်။

မုန်တိုင်းမကျမီ တစ်ရက်က မာန်တွေဟန်တွေနှင့် အမေဖြစ် သူစကားကို ဆတ်ဆတ်ထိမခံ ပြန်လှန်ရန်တွေ့နေသော အေးကျော့ရီ ၏အသွင်သဏ္ဌာန်ကို မြင်နေ၏။

"အဲ့ဒါကြောင့် အမေမတော်ချင်တာ၊ လင်ယူတာအပြစ်လား တစ်ယောက်မကောင်းလို့ တစ်ယောက်ယူတာ၊ တော်ပါ . . သွားပါ ကျုပ်အိမ်ပေါ်ကဆင်းပါ၊ ကျုပ်ကို ဘယ်တော့မှလာမခေါ်နဲ့ ကျုပ် လည်းအမေ့ဆီ ဘယ်တော့မှမလာဘူး၊ ကျုပ်ဘာဖြစ်ဖြစ်ကျုပ်ဖာသာ ခံမယ်၊ သွားပါတော့ . . ."

"ညည်းငါ့ကို အော်မနေနဲ့၊ မိဘမေတ္တာနဲ့ မိဘကျေးဇူးမသိ တတ်တဲ့ မိန်းမ မိဘဂိုဏ်းသင့်မယ်၊ ညည်းဟာ အသေဆိုးနဲ့ သေမယ့် မိန်းမပဲ။"

သမီးဖြစ်သူ အားနာနာကြည်းကြည်းပြောခဲ့သော သူမစကား သည် အေးကျော့ရီအပေါ် ကျိန်ဆဲသလိုဖြစ်နေမလား။

အို . . . ဒီလိုသဘောနဲ့ ငါပြောခဲ့တာမဟုတ်ပါဘူး၊ အေး

ကျော့ရီရယ်၊ ငါ့သမီးကို ဒီလိုအဖြစ်ဆိုးမျိုးနဲ့ သေစေချင်ပါ့မလား။"

ဒီလိုကြမ္မာဆိုးနဲ့ ဘယ်သူ့ကိုမှ မကြုံစေချင်ဘူး။

ဆိုးဝါးရက်စက်လွန်းတဲ့ မုန်တိုင်းဟာ အပြစ်မဲ့တဲ့ သူတွေအပေါ်မှာလည်း ကျရောက်ခဲ့တာပါပဲ။

အမေ့ကြောင့်တော့ သမီးတို့ဒုက္ခမတွေ့ကြုံစေချင်ပါဘူးကွယ်။

"အမေ . . . ကယ်ပါဦး၊ ကျုပ်ကိုကယ်ပါဦး၊ ကျုပ်မှာစားစရာလည်းမရှိဘူး၊ နေစရာလည်းမရှိဘူး။"

ညစဉ်ညတိုင်း အိပ်မက်ထဲမှာ အေးကျော့ရီ တစ်ယောက်အဝတ်မပါကိုယ်လုံးတီးဖြင့် လျှောက်ပြေးနေသည်လေ။

ဒေါ်သည်းအူ အိပ်မက်မှ လန့်နိုးပြီးမိုးလင်းသည်အထိ ငုတ်တုတ်ထိုင်နေမိသည်။

ဆရာတော်ကျွေးသော ထမင်းကိုစားပြီး၊ ကိုယ့်ဘဝကိုယ်ဘယ်လိုရှေ့ဆက်သွားရမည်မသိ ဖြစ်နေရချိန်မှာ သမီးအတွက်ဘယ်မှာကောင်းမှုကုသိုလ်ပြုပြီး အမျှဝေနိုင်ပါ့မလဲ။

ကံဆိုးလိုက်တာ အေးကျော့ရီရယ်။

"ရွာထဲမှာ ရေတွေကျသွားပြီ၊ အလောင်းတွေသွားရှာရမယ်၊ ကိုယ့်မိသားစုတွေ သေလားရှင်လားမသိ၊ တစ်ချို့လည်း စက်လှေနဲ့ပါပြီး၊ ဟိုဘက်ရွာမှာ ရောက်နေကြတယ်။"

ထူအောင်နှင့် ရွာသားတွေ အလောင်းသွားရှာကြသည်။

"အမေ့ကိုတွေ့ပါမလားမသိဘူး။"

နွဲ့ရီလေးက သူ့အမေကို သတိတရပြောသည်။

"အေး . . . အသက်ရှင်နေပါစေလို့ မျှော်လင့်ရတာပဲ။"

ဒါပေမယ့် ဒေါ်သည်းအူ သိနေသည်။

ညစဉ်ညတိုင်း အိပ်မက်ထဲမှာ အေးကျော့ရီအား တွေ့နေရတာမဟုတ်လား။

အေးကျော့ရီ ဘဝပြောင်းသွားတာပဲဖြစ်မည်။

"ကဲ . . . ကဲ . . . မနက်ဖြန်တော့ သေသူတွေအတွက် ရည်စူးအလှူလုပ်ပြီး အမျှဝေကြရအောင် ဆရာတော်ကလည်း စီစဉ်ပေးမယ်တဲ့။"

နောက်တစ်နေ့မှာ သေသူများအတွက် ရည်စူးကာ ဆွမ်းကျွေး အမျှဝေကြသည်။

ဩော် . . . အေးကျော့ရီရယ် ကောင်းမှုကုသိုလ်လုပ်တာသိပြီး သာဓုခေါ်နိုင်ပါစေတော့။

ဒေါ်သည်းအူရင်ထဲကလှိုက်လှိုက်လှဲလှဲ ကြေကွဲဆို့နင့်စွာ ပြောလိုက်၏။

နောက်နေ့တွေမှာ အေးကျော့ရီအား အိပ်မက်မမက်တော့။ တစ်ကယ်ပဲ ကျွတ်လွတ်သွားပြီလား။

(ဥတ္တရာခေမာ)